www.burmeseclassic.com

# ငမင်းလူ ။ ငပေါ်ကျွေး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြေခံစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com



အလွမ်းခွဲသာ
ခြေထောက်ပါလျှင်
ခြေရာ ရင်၌ ထင်စေသတည်း။



# မင်းနု

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၀၉၀၅၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၀၆၀၅၁၇

ထုတ်ဝေသူ
ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊
အမှတ်(၁)၊ ဆက်သွယ်ရေးဝန်း။
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅ ၊ ၀၉ ၈၀ ၃၄၅၈၁ ၊
၀၉ ၅၀ ၂၁၃၅၄ ။

တတိယအကြိမ်-၂၀၀၅ ခုနှစ် ၊
(ဩဂုတ်လ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၂၀၀)ကျပ်






BURMESE CLASSIC

အလွမ်း၌သာ
ခြေထောက်ပါလျှင်
ခြေရာ ရင်၌ ထင်စေသတည်း...။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး"

ဆိုသော အသံများသည် ကိုင်မည့်သူ မရှိသော တယ်လီဖုန်း တစ်လုံးမှ ခေါင်းလောင်းသံလိုပင် သူ့နားထဲသို့ အဆက်မပြတ် ဝင်ရောက်နေသည်။

အဆောင်မှာ နေသော လူနှစ်ဆယ်ကျော်တို့ကလည်း ထို စကားကိုပင် ပြောနေကြလိမ့်မည်ဟု ထင်၏။

အချို့က အတင်းအဖျင်းသဘော အမနာပ ပြောကြခြင်း တချို့ကတော့ ပကတိ ဖြစ်နိုင်ခြေကို မှန်ကန်စွာ တွေးဆ ပြောဆို ကြခြင်း ဖြစ်၏။ စိမ်းဝါကိုယ်တိုင်လည်း သူတို့လိုပင် ယူဆသည်

စိမ်းဝါသည် သူ့ကိုယ်သူ သိပ်လှသည်ဟု မထင်။ အသာ ညိုစိမ့်စိမ့်၊ ကြည့်ကောင်းရုံမျှသာ ရှိကြောင်း သိသည်။

သူသည် မျိုးရိုးထင်ရှားသော မိဘမှ ပေါက်ဖွားလာခြင်း လည်း မဟုတ်။ ငွေကြေး ကြွယ်ဝချမ်းသာခြင်းလည်း မရှိ။ ပညာ ဂုဏ်လည်း ထူးထူးခြားခြား မရှိ။ အဝတ်အစား သားသားနားနား





တတ်တတ်။ ပြင်ဆင် ခြယ်သခြင်းလည်း မလုပ်တတ်။

တကယ်တော့ စိမ်းဝါသည် တောသူတစ်ပိုင်း မိန်းကလေး စ်ယောက် ဟူ၍သာ သူ့ကိုယ်သူ သတ်မှတ်ထားသည်။ စိမ်းဝါ ိုသော နာမည်ကလေးတစ်ခုသာ ထူးခြားမှု ရှိသည်ဟု ပြောမည် ိုလျှင် ပြောလို့ရသည်။

သူ့လို သာမန်မိန်းကလေးတစ်ဦးကို မင်းလွင်ဦးလို လူမျိုး ာ စိတ်ဝင်စားသည်ဆိုတာ မဖြစ်နိုင်၊ ဖြစ်နိုင်လျှင်လည်း စစ်မှန် သာ စိတ်ဝင်စားမှုဟု ယုံကြည်ဖို့ ခက်သည်။

မင်းလွင်ဦးက ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၏သား။ သူတို့၏ ိဖိဦး ရုပ်ရှင်က အောင်မြင်သော ဇာတ်ကားပေါင်းများစွာ ိုက်လုပ်ခဲ့သည်။ ဂုဏ်သိက္ခာအရကော၊ ငွေရေးကြေးရေးအရ ာ ပြောစရာမရှိ။ မင်းလွင်ဦးကို သူဌေးသားလေးတစ်ယောက် ိတည်းမဟုတ် သူဌေးလောင်းကလေး တစ်ယောက်ဟု ပြောနိုင် ည်။

ဘွဲ့ရပြီးနောက် သူ့အစ်ကိုနှင့်အတူ ဖခင်၏ ရုပ်ရှင်လုပ် ်းမှာ ဝင်ရောက်ကူညီနေသည်၊ ပြီးတော့ မင်းလွင်ဦးက ရုပ် ာသည်။ ယောကျ်ားတွေထဲမှာ ရှားပါးသော ဝါဝင်းသည့် အ ားအရည် ရှိသည်။ တွေ့ရခဲသော ချောမောခြင်းနှင့် ယောကျ်ား ဆခြင်းတို့ တွဲဖက်ပိုင်ဆိုင်သည်၊ အရပ်မြင့်မြင့်၊ ကိုယ်ခန္ဓာ ကျစ် ်ဈစ် တောင့်တင်းသည်။ မိန်းကလေးတို့၏ စိတ်ကူးယဉ် အိပ်မက် ်ဲတွင် မျှော်လင့်တောင့်တတတ်သည့် အရာအားလုံးနှင့် ပြည့်စုံ ာသူဟု အဆောင်က မိန်းကလေးတွေက ပြောကြသည်။

စိမ်းဝါသည် သူတို့လောက် စစ်စစ်ပေါက်ပေါက် မကြည့်မိ သော်လည်း ပထမဆုံးအကြိမ် မြင်ဖူးကတည်းက စိတ်လှုပ်ရှားဖွယ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကောင်းစေသူအဖြစ် အသိအမှတ် ပြုခဲ့ရသည်။

မင်းလွင်ဦးတို့ မြင်သည့်အခါတိုင်း ရင်ထဲသို့ လိပ်ပြာတ
ကောင် ဖြတ်ပျံသန်းသွားသလို ခံစားရစမြဲ။

သူ ရောက်လာပြီဆိုလျှင် အဆောင်က မိန်းကလေးတေ
သည်းသည်းလှုပ်လှုပ် ဖြစ်ကုန်တတ်ကြသည်။ မသိမသာ ချော
ကြည့်သူတွေ၊ သိသိသာသာ ထွက်ပြီး ဟန်ရေးပြသူတွေ၊ သူ ဒီနေ့
ဘာအဝတ်အစား ဝတ်လာတယ်၊ ဘာအရောင်လဲ၊ ဟိုတစ်ခေါ
လာတုန်းကထက် ပိန်သွားသလား၊ မျက်နှာပြည့်လာသလား၊ အတ
ခတ်ကြ၊ ငြင်းကြခုန်ကြသူတွေ။

တချို့ဆိုလျှင် သူဝတ်လာသည့် အဝတ်အစားတွေ အ
ကြောင်း စာရင်းပြုစုပြီး သူ ဘာအရောင် ကြိုက်တတ်သည်
ခန့်မှန်းကြည့်ကြသည်၊ တချို့တော့ သူ့အရပ် ဘယ်လောက် ရှိသ
လဲ လောင်းကြေးစားကြေး လုပ်ကြသည်။

သူ ကားပေါ်က ဆင်းလာပြီးလျှင် အိမ်ဘက် သွားရ
လမ်းရှိ သကြားပင်မှ အကိုင်းတစ်ကိုင်းကို ငုံ့၍ရှောင်သွား
ကြောင်း သတိထားမိသူ တစ်ယောက်က သကြားပင်ကိုင်းသည်
မြေပြင်မှ ဘယ်လောက် မြင့်ကြောင်း တိုင်းတာပြီး သူ့အရပ်
သည် ငါးပေရှစ်လက်မအထက်မှာ ရှိသည်ဟု သက်သေပြလိုက်
နိုင်သည်။

သူ ဒီကို မကြာခဏ လာရောက်တတ်ခြင်းမှာ အလု
ကိစ္စကြောင့် ဖြစ်ကြောင်း သိကြသော်လည်း အဆောင်က မိန်းက
လေး တစ်ယောက်ယောက်ကို စိတ်ဝင်စားနေဟန်လည်း ပါနိုင်
သည်ဟု ကိုယ်လိုရာ ဆွဲတွေးတတ်ကြသည်၊ ထိုတစ်ယောက်
ယောက်ထဲမှာ စိမ်းဝါကိုတော့ ဘယ်သူမှ ထည့်မတွက်ကြ၊ ခုလို





ရွေးချယ်ခံ စာရင်းထဲက ပယ်ထုတ်ထားသော စိမ်းဝါကိုမှ မင်း
လွင်ဦးက စိတ်ဝင်စားပါသည်ဟု သိကြရသောအခါ အားလုံး
အကြီးအကျယ် အံ့သြကုန်ကြသည်၊ ပြီးတော့ မဖြစ်နိုင်ပါဘူးဟု
ထညီတညွတ်တည်း ဆုံးဖြတ်ကြသည်၊ ကာယကံရှင် ဖြစ်သော
စိမ်းဝါ ကိုယ်တိုင်တပင် သူ့ကိုယ်သူ ကန့်ကွက်မဲ ပေးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းဝါ အခုနေသော အဆောင်၏ ပိုင်ရှင် ဦးခင်မော မြင့်၏ ဇနီး ဒေါ်နွယ်က စိမ်းဝါတို့နှင့် ဆွေနီးမျိုးစပ် တော်သည

စိမ်းဝါက စာပေးစာယူသင်တန်း နောက်ဆုံးနှစ်မှာ တ နေသည်။ တတိယနှစ် စာမေးပွဲ ဖြေခဲ့စဉ်က ဒေါ်နွယ်တို့အိမ် တည်းခဲ့သည်။

ဒေါ်နွယ်တို့က စိမ်းဝါကို သဘောကျသည်။ သူတို့ သားသမီးလည်း မရှိ။ အဆောင်မှာ အခန်းငှားနေသူများ၏ကိ ဆောင်ရွက်ဖို့ လူခွဲလည်း မရှိသဖြင့် စိမ်းဝါကို သူတို့အိမ်မှာ နေစေချင်သည်။

ထို့ကြောင့် နောက်ဆုံးနှစ် သင်တန်းတက်နေစဉ်အတွ သူတို့ဆီမှာ လာနေဖို့ ပြောသည်။ စိမ်းဝါကလည်း ရန်ကုန်မှ နေရင်း အလုပ်ရှာချင်နေသည်။ သို့ဖြင့် အဆောင်မှာ နေဖြစ်သွ သည်။ အမေကတော့ ရွာမှာ သူ့ဆွေမျိုးသားချင်းတွေကြား နေ သဖြင့် စိတ်ပူစရာမရှိ။





အဆောင် လုပ်ထားသော အိမ်က နှစ်ထပ် ဖြစ်၏။ အောက်ထပ် တစ်ထပ်လုံးကို အခန်းတွေ ကန့်ပြီး မိန်းကလေးများ တို့ ငှားသည်။ အပေါ်ထပ်မှာ ဦးခင်မောင်တို့ လင်မယား၊ စိမ်းဝါ နှင့် အခြားမိန်းကလေး သုံးယောက်တို့ နေကြသည်။ စိမ်းဝါက တစ်ခန်း၊ မိန်းကလေး သုံးယောက်က တစ်ခန်းဖြစ်၏။

စိမ်းဝါသည် အဆောင်ကိစ္စတွေမှာ ဝင်ကူလုပ်ပေးရ သည်။ လခတောင်းတာ၊ သူတို့ လိုအပ်သောကိစ္စများ ဆောင်ရွက် ပေးတာ၊ တော်ရုံ အသေးအဖွဲ ပြဿနာများ ဖြေရှင်းပေးတာတို့ ဖြစ်၏။

တချို့မိန်းကလေးတွေက သုံးလေးယောက် စုပြီး ချက်စား ကြသည်။ တချို့က ဒေါ်နွယ့်ဆီမှာ ထမင်းလခ ပေးစားသည်။ ချက်ရေးပြုတ်ရေးကိစ္စမှာလည်း မလစ်ဟင်းရအောင် စိမ်းဝါက အလိုက်သိစွာ ဝင်ကူတတ်သည်။

ဦးခင်မောင်မြင့်က ရုပ်ရှင် ဇာတ်ညွှန်းရေးဆရာ ဖြစ်၏။ ရွှေဖီဦးရုပ်ရှင်မှ ထုတ်လုပ်သော ဇာတ်ကားအားလုံးလိုလို၏ ဇာတ် ညွှန်းများကို သူပဲ ရေးခဲ့သည်။ ထို့ကြောင့် ဇာတ်ညွှန်းကိစ္စကို အကြောင်းပြု၍ အိမ်သို့ မင်းလွင်ဦး အဝင်အထွက် ရှိနေခြင်း ဖြစ်၏။

ဒီမှာတွင်ပဲ မင်းလွင်ဦးက စိမ်းဝါကို တွေ့မြင်သွားခြင်း လည်း ဖြစ်လေသည်။

စိမ်းဝါ တတိယနှစ် ဖြေဖို့ လာနေစဉ်အတွင်း ပထမဆုံး အကြိမ် ဆုံခဲ့ဖူးသည်။ ဦးခင်မောင်မြင့်က မင်းလွင်ဦးအတွက် ကော်ဖီဖျော်ခိုင်းသဖြင့် ဖျော်ပြီး သွားအပို့တွင် မင်းလွင်ဦးက စိမ်းဝါကို တစ်ချက် စိုက်ကြည့်လိုက်သည်။ စိမ်းဝါရင်ထဲ ရှိန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်ကို အမှတ်ထင်ထင် ရှိလိုက်ရ၏။

ရွာကို ပြန်သွားပြီးနောက် မင်းလွင်ဦးဆီမှ အညိုရော

သန်းသော မျက်လုံးများကို တစ်ခါတစ်ခါ မြင်ယောင်မိတတ်သ

ရန်ကုန်မှာ နေဖို့ ဆုံးဖြတ်လိုက်ခြင်းသည် မင်းလွင်

ဆိုသော လူတစ်ယောက်ကြောင့်လည်း တစ်ကြောင်းဟူ၍ စိမ်

ဝန်မခံရဲပါ။

ဘာပဲဖြစ်ဖြစ် မင်းလွင်ဦးက စိမ်းဝါကို စိတ်ဝင်စား

တာတော့ သေချာသည်၊ ဦးခင်မောင်မြင့်က သူတို့နှစ်ယောက်

မိတ်ဆက်ပေးသောအခါတွင် မင်းလွင်ဦး၏ အမူအယာ ရှိုးတိုး

တန့် ဖြစ်နေသည်၊ နောက်တော့လည်း ဆုံသည့်အခါတိုင်း ရင်

စွာ နှုတ်ဆက်တတ်သည်။

တစ်ရက်မှာတော့ စိမ်းဝါ ဈေးက အပြန် မင်းလွင်ဦး

ဆန်နီကားကလေးက ဘေးမှာ ထိုးရပ်ပြီး. . .

"မစိမ်းဝါ အိမ်ပြန်မှာ မဟုတ်လား၊ ကျွန်တော်လည

အဲဒီ သွားမလို့ပဲ၊ လိုက်ခဲ့လေ"

ဟု ခေါ်သည်။

ငြင်းဖို့ မသင့်တော်သဖြင့် စိမ်းဝါ လိုက်လာခဲ့ရသည

မင်းလွင်ဦး ကားရှေ့ခန်းတံခါးကို အဆင်သင့် ဖွင့်ပေးထားသဖြ

ရှေ့ခန်းကပင် မင်းလွင်ဦးဘေးမှာ ထိုင်လိုက်ပါခဲ့သည်။

ထိုနေ့က မင်းလွင်ဦးနှင့် ကားတစ်စီးတည်း စီးလာ

သော စိမ်းဝါကို မြင်သောအခါ အဆောင်က ကောင်မလေးတေ

လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။

နောက်ကျတော့လည်း ဈေးက အပြန် မကြာခဏ ဆို

လိုပင် မင်းလွင်ဦးကားနှင့် ဆုံတတ်ပြန်သည်။ ဒါဟာ မကြာခဏ





ထမ်းကြုံတာမျိုးတော့ မဖြစ်နိုင်၊ စိမ်းဝါ ဈေးက အပြန်ကို တမင်

ထိုက်ဆိုင်အောင် ဖန်တီးယူခြင်းသာ ဖြစ်ကြောင်း သိသာလှသည်။

စိမ်းဝါကို မင်းလွင်ဦးက စိတ်ဝင်စားနေကြောင်း သေချာ

သွားသောအခါ အဆောင်က မိန်းလေးတွေ မခံမရပ်နိုင်အောင်

ဖြစ်ကြရသည်။

အဆောင်မှာ မိန်းကလေးတွေ နှစ်ဆယ်လောက် ရှိသည်၊

တချို့က ကျောင်းသူတွေ၊ တချို့က ဝန်ထမ်းများ ဖြစ်ကြ၏၊

အားလုံး အရွယ်ကောင်းတွေချည်း။ လေးငါးယောက်က တော်

တော် လှကြသည်။ ကျန်သူများမှာလည်း သူ့နည်းသူ့ဟန်ဖြင့်

ပြေပြစ် တင့်တယ်ကြသည်ချည်း ဖြစ်၏။

သူတို့ထဲက အတော်များများသည် မင်းလွင်ဦး၏အချစ်ကို

ပိုင်ဆိုင်ခွင့် ရနိုင်ကောင်းသည်ဟု စိတ်ထဲမှာ အသီးသီး မျှော်လင့်

ထားကြသူများ။

ဒီကြားထဲ သူတို့ကို ကျော်ပြီး သူတို့အမြင်အရ တောသူမ

လေး တစ်ယောက်၊ သာမန် ရွက်ကြမ်းရည်ကျိုလေး တစ်ယောက်မျှ

သာ ဖြစ်သော စိမ်းဝါဆီသို့ မင်းလွင်ဦး၏အာရုံက စူးစိုက်သွား

သောအခါ တုံ့ပြန်မှု အမျိုးမျိုး ဖြစ်လာသည်၊

တချို့က စိမ်းဝါကို ကံကောင်းသူဟု အသိအမှတ်ပြုပြီး

အားကျကြသည်၊

တချို့ကတော့ မနာလို ဖြစ်ကြသည်။ သူက ဘာမို့လို့လဲ။

ပဒ္မပါဝီလို ဟာမျိုး ထင်ပါရဲ့။ သူက မင်းလွင်ဦးကို ကော်ဖီထဲ

ဆေးခတ်ပြီး ပြုစားထားလို့ ဖြစ်ရမယ်။ သူ့ပင်ကိုယ် အရည်အ

ချင်းနဲ့သာဆို ဟိုက ခြေထောက်နဲ့တောင် တို့မှာမဟုတ်ဘူး။

စသည်ဖြင့် မကြားတကြားပြောသံတွေ ကြားလာရသည်၊



www.burmeseclassic.com

www.burmeseclassic.com



ရှိုးရိုးအေးအေး နေတတ်သူ၊ သဘောကောင်းသူ၊ သူတစ်ပါး ကူညီတတ်သူအဖြစ် အားလုံးက ခင်မင်ခဲ့ကြသော စိမ်းဝါကို တော့ မင်းလွင်ဦးကြောင့် မုန်းတတ်သူတွေ ပေါ်ပေါက်လာခဲ့

အပေါ်ထပ်မှာ နေကြသော ကျောင်းသူ သုံးယောက်နှ တော့ ပြဿနာမရှိ။ နှစ်ယောက်က သူ့အတွဲနှင့်သူ ရှိပြီးသား

ကျန်တစ်ယောက်ကလည်း စေ့စပ်ထားသူ ရှိပြီးသား ဖြ ၏။ သူက အသက်ကလည်း ကြီးသည်၊ ရန်ကုန်တက္ကသိုလ် လို နယ်မြေမှာ နည်းပြဆရာမ လုပ်ရင်း မဟာဝိဇ္ဇာ ဆက်တက် သည်။ သူ့နာမည်က မသန်းဝင်း။ အားလုံးက မမဝင်းဟု ခေါ် သည်၊

သူက စိမ်းဝါကို တော်တော်ချစ်သည်၊ အစ်မရင်း တ ယောက်သဖွယ် စောင့်ရှောက်တတ်၏။

သူက တခြားသူတွေ ထင်သလို မထင်။ မင်းလွင်ဦး စိမ်းဝါကို တကယ်ချစ်တာဟု ကောက်ချက်ချ၏၊

"မမဝင်းက လူကဲခတ်တတ်ပါတယ် စိမ်းဝါရဲ့၊ မင်းလွင်ဦး ရဲ့ ပုံက ရှုပ်ရှုပ်ပွေပွေပုံစံ မဟုတ်ပါဘူး၊ သူ ဒီကို လာတဲ့အခါ မမဝင်း အကဲခတ်ကြည့်တယ်၊ ရှုပ်တတ်ပွေတတ်တဲ့သူဆိုရင် တ ခြား မိန်းကလေးတွေကိုလည်း စိတ်ဝင်စားသလို လျှောက်ကြည့်မှာ ပေါ့၊ ဒီလိုမဟုတ်ဘူး၊ ဘယ်မိန်းကလေးကိုမှ တစ်ချက်ကလေး ဂရုမစိုက်ဘူး၊ စိမ်းဝါကိုပဲ"

"သူ့ဘာသာ ဘာဖြစ်ဖြစ်လေ၊ စိမ်းဝါမှ သူ့ကို စိတ်မဝင် စားဘဲ"

"ဟုတ်ရဲ့လား၊ စိမ်းဝါကိုလည်း မမဝင်း အကဲခတ်ကြည့် နေတာပါနော်၊ မင်းလွင်ဦးနဲ့ တွေ့ရင် စိမ်းဝါ မူပြောင်းပြောင်းသွာ





တာ သိတာပေါ့"

"သူက စိမ်းဝါကို တကယ် စိတ်ဝင်စားတယ်ဆိုတာ မယုံ နိုင်စရာပဲ၊ ဖြစ်နိုင်တာက တစ်ခုပဲ ရှိတယ်၊ ခေတ်ဆန်ဆန် မိန်းမ ချော မိန်းမလှလေးတွေနဲ့ပဲ တွဲနေရတာကို ငြီးငွေ့လာလို့ အသစ် အဆန်း သဘောမျိုး ခပ်တုံးတုံး ခပ်အအ မိန်းကလေးတစ်ယောက် နဲ့ တွဲကြည့်ချင်တာနဲ့ တူပါရဲ့"

"ဟော. . . စိတ်မဝင်စားဘူးလဲ ဆိုသေးရဲ့၊ ဒီထိအောင် လျှောက်တွေးထားပြီးပြီကိုး"

စိမ်းဝါ ရှက်သွားသည်၊ သူ့စိတ်ထဲမှာ ဖြစ်နေတာကို တစ်စွန်းတစ်စ ဖော်ပြမိလျှက်သား ဖြစ်သွားပြီ၊ သူက မမဝင်းက လည်း ဆိုပြီး မသန်းဝင်း၏ လက်မောင်းကို အရှက်ပြေ ဆွဲလိမ် လိုက်မိ၏။

. . . ဇာတ်ဝိုင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကဗျာဝါသနာပါတယ်၊ ကျောင်းမှာတုန်းက နံရံကပ်စာစောင်တို့၊ ကျောင်းမဂ္ဂဇင်းတို့မှာ ကဗျာလေးတွေ ရေးတယ်၊ သူငယ်ချင်းတွေ စုပြီး လက်ရေးကဗျာ စာအုပ်ကလေး တွေလည်း ထုတ်ဖူးပါတယ်"

မင်းလွင်ဦးက ပြောသည်။

ခုလိုပင် အိမ်ကို ရောက်သည့်အခိုက် ဦးခင်မောင်မြင့်တို့ မရှိလျှင် စိမ်းဝါက ဧည့်ခံစကားပြောရသည်။ များသောအားဖြင့် စိမ်းဝါတစ်ယောက်တည်း စကားမပြော။ မမဝင်းကိုပါ ခေါ်ထား တတ်သည်။ စိမ်းဝါက စကားလည်း နည်းသူမို့ ဧည့်ခံရတာ အ ဆင်မသင့်လှ။ ဒီကြားထဲ မိမိကို စိတ်ဝင်စားသည်ဟု ဆိုသူ တစ် ယောက်နှင့် စကားပြောရခြင်း ဖြစ်၍ ပိုအနေခက်သည်။

မင်းလွင်ဦးသည် သူ့အကြောင်းတွေကို ပြောပြောပြတတ် သည်။ သူ့စိတ်နေစိတ်ထား သူ့ဝါသနာတွေကို စိမ်းဝါအား ကြို တင် ဖွင့်ပြောထားသည့်သဘော။





ဒီနေ့တော့ မသန်းဝင်း မရှိ။ ဦးလေးနှင့် ဒေါ်လေးနှယ်တို့ တလည်း အပြင်ခဏ ထွက်သွားသည်။ မင်းလွင်ဦး လာလျှင် စောင့်ခိုင်းထားပါဟု ဦးလေးက မှာခဲ့သဖြင့် စိမ်းဝါ ဧည့်ခံထားရ ခြင်း ဖြစ်၏။

သူ့ရှေ့မှာ ထိုင်နေရသည်မှာ စိတ်လှုပ်ရှားဖွယ် ကောင်း သည်။ အဆောင်က မိန်းကလေးတွေ သည်သည်းလှုပ်မယ်ဆို လည်း လှုပ်စရာပဲ။ မင်းလွင်ဦး၏ လေသံ၊ ပြောဟန်ဆိုဟန်၊ လှုပ်ရှားပြုမူဟန်တို့သည် ဆွဲဆောင်မှုအား သိပ်ကောင်းသည်။

အောက်ထပ်မှ တဒုန်းဒုန်း မြည်သံ ကြားရသည်။ တစ် ယောက်ယောက် ဟင်းချက်ဖို့ ငရုတ်သီး ထောင်းနေခြင်း ဖြစ်၏။ မင်းလွင်ဦးနှင့် စိမ်းဝါတို့ နှစ်ယောက်တည်း စကားပြောနေကြ သည်ကို ဆန့်ကျင် ကန့်ကွက်သောအားဖြင့် တမင် အသံကို ပိုမြည် အောင် ဆောင့်အောင့်ပြီး ထောင်းနေခြင်းပင်။

သို့ရာတွင် စိမ်းဝါကတော့ ကျေးဇူးတောင် တင်မိသေး သည်။ ထိုအသံတွေသာ ကျယ်ကျယ်လောင်လောင် ထွက်မနေခဲ့ လျှင် သူ့နှလုံးခုန်သံကို မင်းလွင်ဦး ကြားသွားနိုင်လောက်သော ကြောင့်ပင် ဖြစ်၏။

"ကျွန်တော်တို့ ကျောင်းမှာတုန်းက ထုတ်ခဲ့တဲ့ ကဗျာ စာအုပ်လေး လက်ဆောင်ပေးပါရစေ"

လက်ရေး ကဗျာစာအုပ်လေးတစ်အုပ်ကို စားပွဲပေါ် ချ ပေးသည်။

"အဲဒီထဲမှာ မနေ့ညကမှ စပ်ခဲ့တဲ့ ကဗျာလေးတစ်ပုဒ်ကို လည်း မျက်နှာဖုံး အတွင်းဘက် စာမျက်နှာမှာ ထပ်ဖြည့်ရေးထည့် ပေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

စိမ်းဝါသည် စာအုပ်ကို ယောင်၍ ဖွင့်ကြည့်လိုက်မိသည်။ စာအုပ်အဖုံး၏ အတွင်းဘက် စာမျက်နှာမှာ မင်းလွင်ဦး၏ လက်ရေးဖြင့်. . .

ဘာနှစ်စတက်ပွဲ
ကြုံတွေ့ခဲ့မှာ
ဘာသည်းမှာယောင်
မလွမ်းပေါ်ပြော
ဟန်ဆောင်ခဲ့ရ
ဝဋ်ကြွေးကလား
မဖျားရယ်
ဖြူစားရ ဆက်လွန်းလှတယ်နော်။

ဤသည်ကား မင်းလွင်ဦးက စိမ်းဝါကို ရည်းစားစာ ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

. . . ❀❀❀ . . .





❀

"စိမ်းဝါမှာ ရည်မှန်းထားတဲ့သူ ရှိပြီးသားလားဟင်"

မင်းလွင်ဦးက မေးသည်။ စိမ်းဝါ ခေါင်းခါပြလိုက်သည်။

"တော်ပါသေးရဲ့ဗျာ၊ စိမ်းဝါက သိပ်အေးစက်စက်နိုင်လွန်းလို့ ကျွန်တော် စိုးရိမ်မိတာ၊ ဒါဆို ကျွန်တော့်မှာ မျှော်လင့်ချက် ရှိသေးတယ်ပေါ့"

စိမ်းဝါက မဖြေ။

"အင်းလေ၊ စိမ်းဝါအနေနဲ့ ချက်ချင်း မဆုံးဖြတ်နိုင်တာ ကျွန်တော် နားလည်ပါတယ်၊ အချိန်ယူပြီး စဉ်းစားပါ၊ ကျွန်တော်ကတော့ ကိုယ်ရည်သွေးပြီး မပြောချင်ပါဘူး၊ ကာယကံရှင် ကိုယ်တိုင်က ပြောတဲ့စကားဟာ အမှန်ကန်ဆုံး ဖြစ်နိုင်သလို အလိမ်ညာဆုံးလည်း ဖြစ်နိုင်တယ် မဟုတ်လား၊ ကျွန်တော့်အကြောင်းကိုလည်း စုံစမ်းကြည့်ပါ၊ တင်းပြည့်ကျပ်ပြည့် စိတ်ချနိုင်ပြီဆိုမှ လက်ခံပါ၊ ကျွန်တော် မျှော်လင့်နေပါ့မယ်"

မင်းလွင်ဦးက ယဉ်ကျေးသည်။ မာန်မာနမရှိ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုပဲ ပြောစရာရှိသည်။ ခုနောက်ပိုင်း အိမ်ကို မကြာခဏ လာနေတတ်ခြင်းနှင့် ဈေးမှာ မကြာမကြာ လာစောင့်နေတတ်ခြင်း ဖြစ်၏။ ပြီးလျှင် တစ်ခုခု စားပါဦး၊ အအေးသောက်ပါဦး စသည်ဖြင့် ခေါ်တတ်သည်။

ဒါကို အလိုက်ကန်းဆိုး မသိတတ်သူ တစ်ယောက် ဟု၍တော့ စိမ်းဝါ မသတ်မှတ်ချင်ပါ။ မင်းလွင်ဦးသည် လိုတရသည့် အခြေမှာ ရှိသည်၊ သူသာ အလိုရှိလျှင် မိန်းမချော မိန်းမလှလေးတွေ ဒါဇင်ပေါင်းများစွာအနက်မှ စိတ်ကြိုက် ရွေးနိုင်ခွင့် ရှိသည်။

ဒီလိုလူမျိုးက မိမိလို အညတြ တစ်ယောက်ကို ခုလောက် အရေးစိုက်နေတာကို အပြစ်ပြောလို့ မသင့်တော်။ မိမိသာ အသည်းလွယ်တတ်သူဆိုလျှင် မင်းလွင်ဦးကို ကျေးဇူးတောင် တင်ရဦးမည်ပဲ။

ခုလို မင်းလွင်ဦးအပေါ် ဘက်လိုက်သည့် အတွေးမျိုး တွေးမိတာကိုက သူ့ဘက်ကို တစ်ဝက်ပါနေမှန်း သေချာလှသည်။ ကျန်တစ်ဝက်ကတော့ သံသယ။

မမဝင်းက မင်းလွင်ဦးဘက်မှ ထောက်ခံချက် ပေးထားသည်။ ရိုးသားပုံ ရပါတယ်ဟု ဆို၏။ ဒါကိုတော့ မိမိကိုယ်တိုင်လည်း မြင်နိုင်သည်ပင်။ သံသယကတော့ ပျောက်မသွား။ ကိုယ့်ဘက်က အားနည်းချက် ရှိနေသူတို့၏ သဘောသဘာဝအတိုင်း သံသယကတော့ လုံးလုံးကွယ်ပျောက်သွားတာမျိုး ဖြစ်နိုင်မည် မထင်။

ထူးခြားတာ တစ်ခုရှိသည်။ မင်းလွင်ဦးနှင့် မိမိတို့ ကိစ္စကို ဦးလေးနှင့် အဒေါ်တို့ မသိဘဲ နေမည်မဟုတ်။

သို့ရာတွင် ထိုကိစ္စနှင့် ပတ်သက်၍ ဘာမှမပြောခဲ့ကြ။





ကြီးပိပိ လူငယ်တွေကိစ္စ ဝင်မပါချင်လို့ မသိချင်ယောင်ဆောင်နေသလား။ သူတို့ကပဲ ကျိတ်ပြီး သဘောတူနေလို့လား။

ဒေါ်လေးကို ဖွင့်ဟ တိုင်ပင်ကြည့်ရ ကောင်းမလား စိတ်ကူးသည်။ ရန်ကုန်မှာတော့ ဦးလေးနှင့် ဒေါ်လေးတို့သာ မိမိ၏ အုပ်ထိန်းသူများ ဖြစ်သည်။ ပြောပြသင့်သည်။

သို့ရာတွင် ဒီလို ဖွင့်ပြောလိုက်တာကိုက မင်းလွင်ဦးအပေါ် စိတ်ဝင်စားမှု ရှိနေလို့ဟု ယူဆစရာ ဖြစ်နေ၏။

သို့ရာတွင် သူ့အနေဖြင့် ဖွင့်ပြောစရာတောင် မလိုခဲ့။ ဒေါ်လေးနှယ်က စပြီး မေးလာခဲ့သောကြောင့် ဖြစ်၏။

"မင်းလွင်ဦးနဲ့ နင်နဲ့က ဘယ်လိုလဲ"

စိမ်းဝါက အခြေအနေကို အမှန်အတိုင်း ပြောပြသည်။

"ဒီတော့ နင်က ဘယ်လို သဘောရသလဲ"

"စဉ်းစားနေတုန်းပဲ"

"သူ့ကို နင်လဲ သဘောကျတယ်ဆိုတာ ဒေါ်လေး ရိပ်မိတယ်"

စိမ်းဝါက တိုက်ရိုက် ဝန်မခံဘဲ. . .

"ကျွန်မ သူ့ကို မယုံသေးဘူး ဒေါ်လေး"

"ဘာကြောင့်လဲ"

"အခြေအနေချင်းက သိပ်ကွာခြားတယ်လေ"

"အင်း. . . နင် ဒီလိုပဲ တွေးမယ်ဆိုတာ သိလို့ ဒေါ်လေးက ဖွင့်မေးရတာပဲ၊ မင်းလွင်ဦးအကြောင်းကို ငါတို့မ ဘယ်လောက် သိသလဲ"

"သိပ်မသိလို့ ခက်တာပေါ့ ဒေါ်လေးရယ်၊ သူက ချမ်းသာတယ် ဆိုတာပဲ သိတယ်၊ အဲဒါကိုက မယုံကြည်လောက်တဲ့


www.burmeseclassic.com

www.burmeseclassic.com



အစိတအချက်ပေါ့"

ဒေါ်လေးက မြူးသည်။

"မင်းလွင်ဦးက ရုပ်ဖြောင့်တာကြောင့်ရော မပါဘူးလား"

စိမ်းဝါက ဘာမှ ပြန်မဖြေ။

"မင်းလွင်ဦးအကြောင်းကို ဒေါ်လေးတို့ ကောင်းကောင်း သိပါတယ်၊ နင့်ဦးလေးနဲ့ သူ့အဖေနဲ့ အလုပ်လုပ်ခဲ့ကြတာ ဆယ့်ငါး နှစ်လောက် ရှိပြီပဲ၊ သူတို့အိမ်ဆိုတာ ကိုခင်မောင်မြင့်အဖို့ ကိုယ့် အိမ် ကိုယ့်ယာလို ဖြစ်နေပြီ၊ မင်းလွင်ဦးကလည်း ဒေါ်လေးတို့ရှေ့ တင် ကြီးလာခဲ့တာ"

ဒေါ်လေးက စိမ်းဝါကို ကြည့်သည်။ သိချင်နေသော မျက်နှာထားကို မြင်ရ၍ ကျေနပ်သွားပြီး. . .

"ကောင်လေးက ရိုးသားပါတယ်၊ သူဌေးသားဆိုပြီး ကြွား ကြွားဝါဝါ နေတာမဟုတ်ဘူး၊ ရုပ်ချင်ပွဲချင်တဲ့ စိတ်မျိုးလည်း မရှိဘူး၊ သူက ရုပ်ချောတော့ သူ့ကို ကြိုက်နေတဲ့သူတွေတော့ အများကြီးပေါ့၊ တချို့ ရုပ်ရှင်မင်းသမီးတွေကလည်း သူ့ကို စိတ် ဝင်စားကြတယ်၊ သူကတော့ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ ငါ့တူမ ဒီကို မရောက်ခင်ကတည်းက ဒီအဆောင်မှာ မိန်းမလှလေးပေ့ အများကြီး ရှိတာပဲ၊ သူ ဒီကို လာတဲ့အခါ မိန်းကလေးတွေကို တစ်ချက်ကလေးတောင် စောင်းငဲ့ကြည့်တတ်တာ မဟုတ်ဘူး၊ အဲ နင့်ကျမှ တမ်းတမ်းစွဲ ဖြစ်သွားတာ၊ နဖူးစာ ပါလို့ပဲ ဆိုရမလားပဲ ကွယ့်"

စိမ်းဝါသည် နားထောင်ရင်းက တလှိုက်လှိုက် ဖြစ်လာ၏၊ သူ့မျက်လုံးတွေကလည်း အရောင်တလက်လက် ထွက်လာသည်။ ဝမ်းသာမှုကို မျက်နှာပေါ်မှာ ဖော်ပြမိမထင် ဖြစ်သွား





သည်။

ပြီးတော့မှ ဒေါ်လေးက သူ့အချစ်ရေးတို့စွာဆို [illegible] တာပါလားဟု တွေးမိပြီး ရှက်ဖို့ သတိရသွား၏။

"ဒေါ်လေးကတော့ သဘောတူတယ်"

ဟု ပြောလိုက်သောအချိန်မှာပင် သူ ဖွတ်ခနဲ ထမြန်း အခန်းထဲ ခပ်သုတ်သုတ် ဝင်ပြေးမိလေ၏။

မင်းလွင်ဦးကို ယုံကြည်စိတ်ချသွားရပြီ။ ဒါဆိုလျှင် သူ့ အချစ်ကို လက်ခံလိုက်ရုံသာ ရှိတော့သည်။

ဒီလိုလည်း မဟုတ်သေး။ သူ့ဘက်က ကင်းကင်းရှင်းရှင်း ရှိတာ သိရပြီးတော့ ကိုယ့်ဘက်က ကိစ္စကိုလည်း သူသိအောင် ပြောပြထားဖို့ လိုသည်။

တစ်ခါက အဖြစ်အပျက်တစ်ခု။

သူ့အနေဖြင့် ဘယ်လိုမှ မခံစားရတော့သည့်တိုင်၊ ထိုအ ကြောင်းကို တစ်ခါတစ်လေမှသာ ခဏလောက် သတိရမိသည့် တိုင်၊ ခုချိန်မှာ သူ့စိတ်ထဲ ရှင်းလင်းနေပြီ ဖြစ်သည့်တိုင်၊ တကယ် ဖြစ်ခဲ့တာကိုတော့ ဖျောက်ဖျက်ပစ်လို့ မရ။ ရုပ်ရှင်ဖလင်ကော်ပြား လို မလိုချင်သည့်အခန်းကို ဖြတ်ထုတ်ပစ်လို့ ရတာမျိုး မဟုတ်။

ဒါကို ခုကတည်းက ဖွင့်ပြောပြထားရမည်။ အထူးသဖြင့် မင်းလွင်ဦးလို လူမျိုးကို ဖွင့်ပြောပြထားရမည်။

ထို့ကြောင့်. . .

... [illegible] ...



www.burmeseclassic.com

www.burmeseclassic.com



**ကိုမင်းလွင်ဦးရှင့်**

အစစအရာရာ စဉ်းစားပြီးမှ ဒီစာကို ရေးလိုက်ခြင်းပါပဲ၊ ဒီစာဟာ ကျွန်မ ပေးတဲ့ အဖြေဖြစ်သလို ကျွန်မဘက်က မေးတဲ့ မေးခွန်းလည်း ဖြစ်တယ်ဆိုတာ ဖတ်ရင်းနဲ့ သိလာပါလိမ့်မယ်။ **အမှန်အတိုင်း** ပြောရရင် အစက သူ့မေတ္တာကို မယုံရဲခဲ့ဘူး။

ယောကျ်ားတွေဟာ အချစ်ကို မျက်စိနဲ့ ရွေးကြတယ်၊ မိန်းမတွေကတော့ နားနဲ့ ရွေးသင့်တယ်လို့ အဆိုရှိပါတယ်၊ ကျွန်မကတော့ အချစ်ကို မျက်စိနဲ့ ရွေးပြီး နားနဲ့ အတည်ပြုခဲ့တာပါ။

ကိုမင်းလွင်ဦးရဲ့ မေတ္တာကို အခုတော့ ကျွန်မ ယုံပါပြီ၊ ဒါပေမယ့်. . .

အချစ်ဆိုတာ ဘဝတစ်ခုကို ဝယ်ယူဖို့ စရန်ပေးတဲ့ သဘောလို့ ကျွန်မ ထင်တယ်၊ အချိန်မရွေး ပျက်ပြားသွားနိုင်ပါတယ်။

ဘာကြောင့် ဒီလိုပြောရတာလဲဆိုတော့ အရင်က တစ်ယောက်နဲ့ တစ်ယောက် တစ်ခါမှ မမြင်ဖူး မသိဖူးခဲ့တဲ့ လူနှစ်ယောက်ဟာ နောင်တစ်သက်လုံး အတူတူ နေသွားကြဖို့ကိစ္စမှာ အခက်အခဲတွေ ရှိနိုင်တယ် ထင်လို့ပါ။





တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ လိုပါတယ်၊ တစ်ယောက် စရိုက်ကို တစ်ယောက်က နားလည်ဖို့ လိုပါတယ်၊ တစ်ယောက် အပြစ်ကို တစ်ယောက် ခွင့်လွှတ်ဖို့ လိုပါတယ်၊ တစ်ယောက် အသိုက်အဝန်းမှာ တစ်ယောက်က ဝင်ဆံ့ဖို့ လိုပါတယ်။ ကိုမင်းလွင်ဦး ထပ်ပြီး စဉ်းစားလို့ရအောင် ကျွန်မ အကြောင်း ပြောပြပါရစေ။

ကျွန်မတို့နှစ်ယောက်ဟာ အခြေအနေချင်း သိပ်ကွာခြားလွန်းလှပါတယ်၊ ကျွန်မမှာ အဖေမရှိတော့ဘူး၊ ကျွန်မတို့မှာ ရှိတဲ့ လယ်ကလေးကို အငှားချထားပြီး ရတဲ့ငွေနဲ့ သားအမိနှစ်ယောက် ထိုင်စားသောက်ကြရတယ်။

ကျွန်မ အခုလို ရန်ကုန် လာနေတာကလည်း အလုပ်အကိုင် ရှာဖွေဖို့ပါပဲ၊ ဦးလေးတို့ ဒေါ်လေးတို့က ကျွေးထားလို့သာ စာပေးစာယူသင်တန်းကို ဖြောင့်ဖြောင့် တက်နေနိုင်တာပါ။ ကျွန်မရဲ့ တစ်လ အသုံးစရိတ်ဟာ ကိုမင်းလွင်ဦးရဲ့ တစ်မနက်စာတောင် ရှိပါ့မလား။

နောက်တစ်ချက် ပြောလိုတာက အရေးအကြီးဆုံးအချက်ပါ။ သေသေချာချာ ဖတ်စေချင်ပါတယ်။

ဟိုတစ်ခါ ရည်မှန်းထားတဲ့သူ ရှိသလားလို့ သူမေးတုန်းက ကျွန်မ ခေါင်းခါခဲ့မိတယ်၊ ဒါပေမယ့် တစ်ခါတုန်းကတော့ ရှိခဲ့ဖူးပါတယ် ဆိုတာ အခု ပြောပါရစေ။ *

အဲဒီလူက ကျွန်မကို တကယ် နှစ်နှစ်ကာကာ ချစ်ခဲ့တယ်လို့ ထင်မိတယ်၊ ကျွန်မကလည်း နည်းနည်း ငယ်သေးတာကိုး၊ ဒါပေမယ့် နောက်တော့ သူက ကျွန်မထက်ပိုပြီး လှတဲ့ ချမ်းသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်ကို တွေ့တော့ ကျွန်မကို လုံးဝ လှည့်မကြည့်တော့ဘူးလေ။

ကျွန်မ မငိုပါဘူး၊ ကိုယ့်မိုက်ပြစ် ကိုယ်ခံဆိုပြီး ကြိတ်မှိတ်ခံခဲ့ပါတယ်၊ သူနဲ့ ပတ်သက်ခဲ့တဲ့ ကာလအတွင်းမှာ ကျွန်မဟာ မိန်းကလေးတို့ရဲ့ ဣန္ဒြေကို တစ်ဆံခြည်မျှင်မျှ မစွန်းထင်းအောင် စောင့်ရှောက်နိုင်ခဲ့တာကိုပဲ ကိုယ့်ကိုယ်ကို ကျေးဇူးတင်ရပါသေးတယ်။

ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်အဖို့ ရည်းစားပျက်ခဲ့ဖူးတယ်ဆိုတာ အလွယ်တကူ ပယ်ဖျက်ပစ်လို့ရတဲ့ ချွတ်ယွင်းချက် တစ်ခု မဟုတ်ဘူးလို့ ကျွန်မ ထင်ပါတယ်။

ကိုမင်းလွင်ဦး ကျွန်မအပေါ် ထားတဲ့မေတ္တာဟာ ဖြူစင်သန့်ရှင်းတယ်လို့ သိရတော့ ကျွန်မနဲ့ မတန်ဘူးလို့ ဆုံးဖြတ်လိုက်မိပါတယ်၊ ကိုမင်းလွင်ဦးဟာ စီးပွားရေးအရကော ရုပ်ရည်အရကော ဖြူစင်မှုအပိုင်းမှာကော အဘက်ဘက်က ကျွန်မထက် အဆမတန်သာနေပါတယ်၊ ကိုမင်းလွင်ဦးဘက်ကသာ နစ်နာစရာ ရှိနေပါတယ်။

ကျွန်မလို ဆင်းဆင်းရဲရဲ ရုပ်မလှတဲ့ ရည်းစားပျက်မတစ်ယောက်ကို အရေးစိုက်မနေပါနဲ့တော့၊ ကိုမင်းလွင်ဦးနဲ့ ထိုက်တန်တဲ့ တန်းတူရည်တူ မိန်းကလေးတွေ အများကြီး ရှိပါတယ်။

ကျွန်မကို နှမလေး တစ်ယောက်လိုသာ ဆက်ချစ်နိုင်မယ်ဆိုရင် ကျေးဇူးတင်မှာပါ။ •

ခင်မင်တဲ့

စိမ်းဝါ





အမေ့ကို သတိရသည့်အခါတိုင်း ဒီနေရာသို့ လာလေ့ရှိသည်။ အိမ်ရှေ့က မြေနီလမ်းကလေးအတိုင်း အတွင်းဘက်သို့ လာခဲ့လျှင် တဖြည်းဖြည်း အိမ်တွေ ကျဲလာသည်။

ထို့နောက် စံပယ်ခြံကြီး ရှိ၏၊ ပြီးတော့ တန်စွန်းခင်း၊ နောက် မီးရထားလမ်းနှင့် ဟိုဘက်မှာတော့ တွင်းမြင်ကြီး ဖြစ်၏၊ တန်စွန်းခင်း အစပ်မှာ မန်ကျည်းပင်ကြီး ရှိ၏၊

ထိုအရိပ်မှာ ရပ်ကွက်ဘက် ကျောပေး ထိုင်လိုက်လျှင် မြို့ပြ၏ အငွေ့အသက်များ လုံးဝကွယ်ပျောက်သွားတော့သည်။ ထိုနေရာမှ ကွင်းပြင်ကြီးဆီ မျှော်ကြည့်ရသည်မှာ သူတို့မြို့ကလေး အနီးမှ မြင်ကွင်းမျိုးပင် ဖြစ်၏။

ခုတစ်ခါတော့ အမေ့ကို သတိရတာ တစ်ခုတည်းကြောင့် မဟုတ်ချေ။ တစ်ယောက်တည်း အေးအေးဆေးဆေး တွေးချင်ငေးချင်သောကြောင့် ဖြစ်၏။ အိမ်မှာဆိုလျှင် လွတ်လွတ်လပ်လပ် တွေးခွင့်ငေးခွင့်မရ။ တစ်ယောက်တည်း နေချင်လို့ အခန်းအောင်း



www.burmeseclassic.com

www.burmeseclassic.com



နေလျှင်လည်း ကိုယ့်ကိုယ်ကိုယ် အကျဉ်းချထားသကဲ့သို့သာ ဖြစ်နေပြန်သည်၊

သူ စာရေးလိုက်ပြီးနောက် မင်းလွင်ဦးသည် ရက်ပေါင်းအတော်ကြာအောင် ပျောက်ကွယ်နေလေသည်။ သူ့စာထဲက အကြောင်းအရာတွေကြောင့် သူ့အပေါ် စိတ်ပျက်သွားပြီ ထင်၏။

အိမ်မှာ နေလျှင် စိတ်ကျဉ်းကျပ်လွန်းလှသည်။ အဓိပ္ပါယ်အမျိုးမျိုးပါသော မျက်လုံးများဖြင့် အကြည့်ခံရတတ်သည်။

မင်းလွင်ဦးနှင့် ပတ်သက်၍ သူ့အပေါ် မနာလို ဖြစ်နေသူတွေက 'ကောင်းတယ်၊ ကိုယ်နဲ့ မတန်တာ မှန်းချင်တဲ့ကောင်မ၊ ခုတော့ ခံရပြီ မဟုတ်လား' ဆိုသော အကြည့်များဖြင့် ကြည့်ကြသည်၊

သူ့ရဲ့နားက ဖြတ်လျှောက်သွားရင်း တမင်တကာ လှောင်ရယ် ရယ်သွားတာမျိုးလည်း ကြုံရသည်၊

တချို့ကတော့ သူ့ကို သနားသဖြင့် ကြည့်ကြ၏။ တကယ်တန်း သူ ဘာဖြစ်နေသည်ကို တိတိကျကျ သိကြသည်တော့ မဟုတ်။ သူ့အမူအရာ ရွှင်ရွှင်ပျပျ မရှိခြင်းကို အကဲခတ်၍ အမျိုးမျိုး ထင်မြင်ချက် ပေးနေကြခြင်းသာ ဖြစ်၏။

ဟန်ဆောင်မကောင်းသော ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ဖို့သာ ရှိတော့သည်။

မမဝင်းကတော့ သူ့မှာ စိတ်သောက တစ်ခုခု ရှိနေတာ ရိပ်မိသဖြင့် မေးသည်။ သူက ပြောပြလိုက်သည်။

"ငါ့ညီမက ညံ့သေးတာကိုး၊ ဟိုအရင်က ဖြစ်ခဲ့တဲ့ကိစ္စကို ဘာဖြစ်လို့ ဖွင့်ပြောလိုက်ရတာလဲ"

"စိမ်းဝါ သူ့ကို မညာချင်ဘူး"





"ညာမပြောတတ်ဘူးဆိုတာတော့ ကောင်းပါတယ်၊ ဒါပေမယ့် ဖွင့်ပြောတာ နည်းနည်းစောသွားတယ်၊ ဒီလိုကိစ္စမျိုးဆိုတာ နောက်ကျပြီး အသိပေးလေ ကောင်းလေပဲ"

"ကိုယ်က မပြောဘဲ သူ့ဘာသာ သိသွားရင် ပိုဆိုးမှာပေါ့၊ စိမ်းဝါက သူ့ကို ညာထားတယ်ဆိုပြီး သူ စိတ်ဆိုးမှာပေါ့"

"ဒါ ညာတာ မဟုတ်ဘူးလေ၊ အသိမပေးတာပဲ ရှိတာပဲ"

"ဘာထူးလဲ မမဝင်းရယ်"

"ထူးတာပေါ့၊ ကဲ. . . မင်းလွင်ဦးက စိမ်းဝါကို ချစ်ဦးသူ ရှိခဲ့ဖူးလားလို့ မေးဖူးလား"

စိမ်းဝါ ခေါင်းခါပြသည်။

"သူက မမေးလို့ ကိုယ်က မဖြေတာ၊ ညာတာမှ မဟုတ်ဘဲ"

"သိသင့် သိထိုက်တာတော့ ပြောပြထားရမှာပေါ့"

"ဒါဆို သူကတော့ သူ့မှာ ချစ်သူရှိခဲ့ဖူးတယ်၊ မရှိဖူးဘူး ဆိုတာ စိမ်းဝါကို ပြောပြသလား"

စိမ်းဝါ မဖြေ။

"သူကလည်း ပြောမပြဘူး၊ ကိုယ်ကလည်း ပြောစရာ မလိုဘူးပေါ့၊ မသိလိုက် မသိဘာသာ နေတာ အကောင်းဆုံးပဲ၊ သူ သံသယရှိရင် သူ့ဘာသာ စုံစမ်းလိမ့်မယ်၊ ဒါမှမဟုတ်ရင် မနေနိုင်လို့ ဖွင့်မေးလာလိမ့်မယ်၊ အဲဒီအခါကျတော့ ဝန်ခံလိုက်ပေါ့၊ အဲဒီအချိန်မှာ သူတို့ စိတ်ဆိုးလိမ့်မယ် မထင်နဲ့၊ ခဏတော့ မခံမရပ်နိုင် ဖြစ်လိမ့်မယ်၊ အဲဒီအခါကျတော့ အရင်က ဖွင့်မပြောတာကို သိသွားရင် ကျွန်မကို ပစ်သွားမှာ ကြောက်လို့၊ ရှင်နဲ့ အလွဲမခံနိုင်လို့လို့ပြော၊ သူတို့ ကျေနပ်သွားရော"

www.burmeseclassic.com



"မမဝင်းရော ဒီလိုပဲ ပြောခဲ့ရသလား"

"မမဝင်းက ဒီတစ်ယောက်တည်း ရှိတာပဲ၊ သူကလည်း ဒါကို သိထားတယ်၊ ဒါပေမယ့် ယောကျ်ားဆိုတာ တစ်မျိုးဟ၊ ဝါးစပ်က ပြောတော့သာ မှဲ့တစ်ပေါက် အစွန်းမခံနိုင်ဘူး ဘာညာ ပြောတာ၊ တကယ်ကျတော့ အပြစ်အနာအဆာလေး နည်းနည်းရှိတဲ့ မိန်းမမျိုးကိုမှ ပိုချစ်တတ်တယ်၊ အဲ. . . ဒီအယူအဆအရ ဆိုရင်တော့ ငါ့ညီမကိုလည်း သူ မချစ်ဘဲ နေနိုင်မှာ မဟုတ်ဘူး၊ တစ်နည်းအားဖြင့်တော့ ကောင်းတယ်ကွယ့်၊ ယောကျ်ားတွေကို ထိန်းချုပ်ထားဖို့ အကောင်းဆုံးနည်းက သူတို့ရင်ထဲကို သံသယလေး တစ်ခု ထည့်ပေးထားတဲ့နည်းပဲ"

"တော်ပါတော့ မမဝင်းရယ်"

"ဟုတ်တယ်၊ မမဝင်း အမျိုးသား ရန်ကုန်ဆင်းမလာတာ ကြာသွားရင် ကျောင်းမှာ ကောင်လေးတစ်ယောက်က မမဝင်း ခြင်းတောင်းထဲ စာလိုက်ထည့်ပေးလို့ ဆိုပြီး စာထဲ ထည့်ရေးလိုက်တာပဲ၊ တစ်ပတ်ဆယ်ရက် ကြာရင် သူ ပေါက်ချလာရောဟေ့"

မမဝင်း ပြောခဲ့သလို မိမိအကြောင်း မင်းလွင်ဦးကို ဖွင့်ပြောခဲ့တာ မှားသွားသလား။ အပြစ်အနာအဆာတလေး ရှိတဲ့ မိန်းမကို ပိုချစ်တတ်ကြတယ်ဆိုတာမျိုး ဖြစ်လာမလား။

ဘာပဲဖြစ်ဖြစ် မင်းလွင်ဦးကတော့ ပျောက်ချက်သားကောင်းနေ၏။

ဒါကို ဒေါ်လေးနွယ်လည်း ရိပ်မိပါလိမ့်မည်။ စိမ်းဝါကို ဘာမှတော့ မမေးသေး။ အကဲခတ် ကြည့်နေရုံသာ ရှိသည်။

သူ့မှာ ချစ်ဦးသူ ရှိကြောင်း သိထားသောအခါ မင်းလွင်ဦး တော်တော် ခံစားရလိမ့်မည် ထင်သည်။ ဒါမှမဟုတ် သူ့လို





ရွှေမင်းသားလေး တစ်ယောက်က ရည်းစားပျက်မကိုမှ ချစ်မိရကောင်းလားဟု မခံချိမခံသာ ဖြစ်ချင် ဖြစ်နေမည်။ စိမ်းဝါလို ဘာမဟုတ်သည့် ကောင်မမျိုးလေးအတွက် အချိန်ကုန်ခံ၍ တွေးချင်မှလည်း တွေးမည်။

ခုလောက်ဆို တခြားမိန်းကလေးတစ်ယောက် ရှေ့မှာ ပျော်ရွှင်ရယ်မောစွာ စကားတွေ ပြောချင်ပြောနေလိမ့်မည်။

ကိုယ့်မှာသာ နောင်တတွေ ရလိုရ၊ စိတ်ဓါတ်တွေ ကျလိုကျ၊ မျှော်လင့်ချက် ထားလိုက် မဲ့လိုက်။

မင်းလွင်ဦးကို မပြတ် သတိရမိတာကတော့ အမှန်ပင်။

တစ်ခါတစ်ရံတော့ မတန်မရာကိုမှ မှန်းချင်တဲ့ကောင်မ သေလိုက်ပါလားဆိုသော အောက်ထပ်က မိန်းကလေးတွေ ပြောတာ နည်းတောင် နည်းသေးတယ်ဟု ကိုယ့်ဘာသာကိုယ် ရှုတ်ချမိသေးသည်။

လွမ်းတာကတော့ လွမ်းတာပါပဲ။

မင်းလွင်ဦး၏ ကဗျာစာအုပ်ထဲက ကဗျာလေးတစ်ပုဒ်ကို သတိရမိ၏။

*မာယာလှိုင်းလုံး*
*ဝုန်းဝုန်းရိုက်ခတ်*
*မူးမိုက်ကျုပ်မော့*
*ရက်စက်သောအား*
*နှလုံးသားအက်*
*မိုးရေစက်တွေ*
*ကျုပ်မျက်ရည်ပါ*



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကောင်ကို
မကြင်နာတောင်
ကန်ပေါင်မကျိုး
ရေမတိုးအောင်
လွမ်းမိုးရပ်စဲပေးပါတော့။

မြို့ပတ်ရထားတစ်စင်း ဖြတ်သွားသည်။ ရထားလမ်းနှင့် အတော်အတန် ဝေးသည့်တိုင် ရထားတွဲတွေကပဲ အိုဟောင်းနေကြလို့လား၊ သံလမ်းတွေကပဲ မကောင်းတော့ယို့လား မသိ၊ တဂျိန်းဂျိန်း မြည်သံကို ကောင်းကောင်း ကြားနေရသည်။ ထို့ကြောင့်ပင် ပထမအကြိမ် ခေါ်လိုက်သည်ကို စိမ်းဝါ မကြားခြင်း ဖြစ်ပေလိမ့်မည်။

"စိမ်းဝါ"

ရထားကို ငေးကြည့်နေရာမှ အသံကြားသဖြင့် လှည့်ကြည့်သည်။ စိမ်းဝါ အံ့သြသွား၏။

တစ်ပြိုင်နက်တည်းတွင် သူ လာကို လာရမည်ဟု ကြိုတင် သိနေသူတစ်ယောက်လို အံ့သြစိတ် ပြေသွားပြန်၏။

မင်းလွင်ဦးသည် ခါတိုင်းနေ့တွေလို စပို့ရှပ်သော် လည်းကောင်း၊ အင်္ကျီလက်တိုသော် လည်းကောင်း ဝတ်မထား။ စတစ်ကော်လာနှင့် အင်္ကျီအဖြူလက်ရှည်နှင့် ကချင်လုံချည် နက်ပြာရင့်ကို ဝတ်ထား၏။

ခုလို ဝတ်ထားမှ သူ ပို၍ ချောမောခံ့ညားနေသည်ကို စိမ်းဝါ သတိပြုမိအောင် ပြုမိသေးသည်။

"ဒီဘက် လမ်းလျှောက်ထွက်သွားတယ်လို့ မမဝင်းက ပြောလို့ လိုက်လာတာ"





အိမ်မှာလို ကုလားထိုင်တွေ မရှိသဖြင့် ထိုင်ပါဟု **ခရီးဦး** ကြိုသောစကား မပြောဖြစ်။ ဘာတွေ ပြောပြီး နှုတ်ဆက်ရမှန်းလည်း မသိ။ ကိုမင်းလွင်ရယ် ဆိုပြီး သူ့ရင်ခွင်ထဲ ပြေးဝင်လိုက်ချင်စိတ်ကိုသာ တားဆီးထားဖို့ လိုအပ်သည်။

မင်းလွင်ဦးကလည်း စိမ်းဝါ ဘေးမှာ ဝင်မထိုင်။ မန်ကျည်းပင်ကို လက်ထောက်၍ ရပ်လျက်ပင် နေသည်။

ရထားသံသည် သဲ့သဲ့မျှ ကြားနေရပြီးနောက် ပျောက်ကွယ်သွားသည်။

"စိမ်းဝါ ဘာတွေ တွေးနေသလဲဟင်၊ ကျွန်တော် ရောက်နေတာ တအောင့်လောက် ရှိသွားပြီ၊ အတွေးပျက်မှာစိုးလို့ စောင့်နေတာ"

"ရှင်၊ ဟို. . . ဘာမှ မတွေးမိပါဘူး"

ပြောပြီးမှ အမေ့ကို သတိရလို့ပါလို့ ပြောလိုက်ရ အကောင်းသားဟု စဉ်းစားမိသည်။

"ကျွန်တော် စိမ်းဝါဆီ မလာဘဲ နေခဲ့တာကို ဘယ်လိုထင်သလဲဟင်"

စိမ်းဝါ မဖြေ။ ခေါင်းပဲ ငုံ့ထားသည်။ မင်းလွင်ဦး၏ ခြေထောက်များကို ကြည့်မိသည်။ ကတ္တီပါဖိနပ် အကောင်းစား စီးထားသော မင်းလွင်ဦး၏ ခြေထောက်များသည် မိမိခြေထောက်များထက်တောင် ပိုကြည့်လို့ ကောင်းသေးသည်ဟု ထင်သည်။

"စိမ်းဝါရဲ့ စာထဲမှာ ပါတဲ့ အချက်တစ်ချက်ကြောင့် ကျွန်တော် နောက်ဆုတ်ဖို့ ဆုံးဖြတ်လိုက်. . ."

စိမ်းဝါ ဖြတ်ခနဲ မော့ကြည့်မိသည်။ မင်းလွင်ဦး စကား



www.burmeseclassic.com

www.burmeseclassic.com



မဆုံးသေး၊

"... တယ်လို့များ ထင်နေသလား၊ ဒါမှမဟုတ် ဆုံးဖြတ်ချက် ချဖို့ ခက်နေလို့ စိမ်းဝါဆီ မလာဘဲ နေတယ်လို့ကော ထင်နေသလား၊ တစ်ခုမှ မဟုတ်ပါဘူး"

စိမ်းဝါသည် ရေဒီယိုမှ အရေးကြီးသော သတင်းကြေညာချက် တစ်ခုကို နားထောင်နေသလို စကားတစ်လုံးချင်းကို သတိပြု မှတ်သားနေ၏။

မင်းလွင်ဦးကိုလည်း ရေဒီယိုတစ်လုံးလို သဘောထားမိသလား မသိ။ ဘာမှ ပြန်မပြောဖြစ်။ ရေဒီယိုဆိုသည်မှာ သူ ထုတ်လွှင့်သမျှကိုသာ နားထောင်ရပြီး ကိုယ်က ပြန်ပြောလို့ မရဘူး မဟုတ်လား။

မင်းလွင်ဦး ဆက်ပြောသည်။

"စာထဲမှာ ကျွန်တော် သတိပြုမိခဲ့တဲ့ အချက်တစ်ချက်ပါလာတော့ အံ့သြသွားတယ်၊ လူတိုင်းမှာ အတိတ်က ဖြစ်ရပ်တစ်ခုခု ရှိနေနိုင်တယ်ဆိုတာ ကျွန်တော် မေ့နေခဲ့လို့ပေါ့၊ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် နည်းနည်းတော့ တုန်လှုပ်သွားမိတာ အမှန်ပဲ၊ ဒါပေမယ့် ဒီအချက်ကြောင့်တော့ ကျွန်တော့်မေတ္တာဟာ နည်းနည်းမှ ပွန်းပဲ့လျော့ပါးသွားမှာ မဟုတ်ဘူးဆိုတာ ယုံစေချင်တယ်၊ ခုလို စိမ်းဝါက ဖွင့်ပြောခဲ့တဲ့အတွက် စိမ်းဝါရဲ့ ရိုးသားမှုကိုတောင် ပိုလို့ အသိအမှတ် ပြုရပါသေးတယ်"

စိမ်းဝါ အနည်းငယ် လှုပ်ရှားလာသည်။ စကားတစ်ခုခု ပြောဖို့ ဟန်ပြင်ခြင်း ဖြစ်၏။ စကားစဖို့ ခက်နေကြောင်း မင်းလွင်ဦး ရိပ်မိသည်။ ထို့ကြောင့်...

"စိမ်းဝါ ဘာပြောချင်လို့လဲ"





စိမ်းဝါ သက်မတစ်ချက် ရှိုက်ပြီး...

"တစ်နေ့နေ့ကျရင် စိမ်းဝါရဲ့ အတိတ်က ဖြစ်ရပ်ကို အပြစ်ရှာပြီး မုန်းသွားမှာလား"

"ဘယ်တော့မှ မမုန်းပါဘူး"

"တကယ်လို့ မုန်းသွားရင်တောင် စိမ်းဝါ သူ့ကို ခွင့်လွှတ်မှာပါ"

မင်းလွင်ဦးသည် စိမ်းဝါဘေးမှာ ထိုင်ချလိုက်၏။

"ကျွန်တော့်မှာရော ချစ်ဦးသူ ရှိခဲ့ဖူးသလားလို့ မမေးတော့ဘူးလား"

"သူ့ကို စိမ်းဝါ ယုံပါတယ်"

"ကျွန်တော့်မှာ ချစ်ဦးသူတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူက ကျွန်တော့်ထက် အသက်ကြီးတယ်၊ တဖက်သတ် အချစ်ပါပဲလေ၊ သူကတော့ ကျွန်တော့်ကို ကလေးတစ်ယောက်လောက်ပဲ သဘောထားတာ၊ သူ နောက်တော့ လူကြီးတစ်ယောက်နဲ့ လက်ထပ်သွားတာပါပဲ၊ တကယ်တော့ ပထမဆုံး ရည်းစားထားရတာ စက်ဘီးစီးသင်ရသလိုပါပဲ၊ အလဲအပြို အကွဲအပြဲ ရှိတတ်တာချည်းပဲပေါ့"

စိမ်းဝါ ထူးထူးခြားခြား ခံစားရပုံ မပေါ်။ မင်းလွင်ဦးမှာ တစ်ယောက်ထက်မကတောင် ရှိချင်ရှိခဲ့လိမ့်မည်ဟု တွက်ထားပြီးသောကြောင့်လား။ ဘာမဆို ခွင့်လွှတ်ဖို့ အဆင်သင့် ရှိခဲ့ပြီးသောကြောင့်လား မသိရ။

စိမ်းဝါက မင်းလွင်ဦးကို တစ်ချက် ခိုးကြည့်သည်။

မင်းလွင်ဦးက စိမ်းဝါ၏ လက်ကလေးကို ကြည့်နေသည်။

စိမ်းဝါသည် သူ့လက်တွေကို သိပ်လှသည်ဟု မထင်။ ထို့ကြောင့် မသိမသာ လက်သီးဆုပ်ပြီး ကွယ်ဝှက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မင်းလွင်ဦးသည် စိမ်းဝါ၏ လက်ကလေးကို ဆုပ်ကိုင်ထားရ ကောင်းမလားဟု တွေးနေခြင်းသာ ဖြစ်ပေသည်။

"ခုတော့ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ဘာပြဿနာမှ မရှိတော့ဘူးပေါ့နော်၊ ကျွန်တော့်ကို ချစ်နိုင်ပြီပေါ့နော်"

မင်းလွင်ဦး အမေးကို စိမ်းဝါ မဖြေသေး။ ခဏကြာသော အခါ မင်းလွင်ဦး ထပ်မေးမည်အပြုမှာပင် စိမ်းဝါက ခေါင်းညိတ်လိုက်သည်။

ကန်စွန်းခင်းထဲမှာ ရေခန်းနေသော်လည်း အစိုဓါတ်က ရှိနေတုန်း။ ကန်စွန်းပွင့်ကလေးများ ဟိုတစ်ပွင့် ဒီတစ်ပွင့် ရှိနေသည်။

လူတို့သည် ကန်စွန်းပွင့်ထက် ကန်စွန်းရွက်ကိုသာ ပိုသိကြသည်။ ပို၍ တန်ဖိုးထားတတ်ကြသည်။

မင်းလွင်ဦးကတော့ ကန်စွန်းပွင့်ကိုမှ တန်ဖိုးထားတတ်သူ တစ်ယောက်ပင်တည်း။

. . . ၃၈၃၈၃၈ . . .





မင်းလွင်ဦးနှင့် စိမ်းဝါတို့ အဆင်ပြေသွားသည့်အကြောင်းကို သိရတော့ မမဝင်း အလွန်ဝမ်းသာသွားသည်။ စိမ်းဝါ၏ ကိုယ်ကလေးကို အတင်းပွေ့ဖက်ပြီး. . .

"မမဝင်း မပြောဘူးလား၊ သူ စိမ်းဝါကို မချစ်ဘဲ မနေနိုင်ပါဘူးလို့"

"ဒါပေမယ့် မမဝင်း ပေးတဲ့နည်းကို သုံးလို့တော့ မဟုတ်ဘူးနော်"

"အမယ် ကောင်မလေး၊ အားကိုးရှိလို့ ဘက်ကန်ပြီပေါ့လေ"

စိမ်းဝါက ရယ်နေသည်။

"ရယ်ပါ ရယ်ပါ၊ အခုတော့ ပြုံးနိုင် ရယ်နိုင်ပြီပေါ့၊ ဟိုရက်တွေတုန်းကများ မမဝင်းမှာ သူ့ကိုပဲ စောင့်ကြည့်နေရတယ်၊ အဆိပ်ပဲ သောက်သေမလား၊ ရေမရှိတဲ့ ကန်စွန်းခင်းထဲပဲ ခုန်ချမလားလို့၊ ဘာပဲဖြစ်ဖြစ် မမဝင်း သိပ်ဝမ်းသာပါတယ်၊ ငါညီမတို့

www.burmeseclassic.com



ချစ်ခရီး သာယာဖြောင့်ဖြူးပါစေ၊ အိုအောင်မင်းအောင် ပေါင်းရပါစေ တလေးတွေလည်း တစ်ဒါဇင်လောက် မွေး. . .”

“အို မမဝင်းကလဲ”

မမဝင်း၏ ပါးစပ်ကို စိမ်းဝါက အတင်းပိတ်ထားလိုက်သည်၊

ဒေါ်လေးနွယ်ကလည်း စိမ်းဝါတို့ကိစ္စကို ကျေနပ်ဝမ်းသာသည်၊

“ငါ့တူမက သိပ်ကံကောင်းတဲ့ မိန်းကလေးပဲ၊ မင်းလွင်ဦးလို ယောကျ်ားမျိုးက သိပ်ရှားတယ်၊ အင်း. . . ညည်းမှာ ကောင်းစားမယ့် ဇာတာကို ပါတာပဲဟေ့၊ အမေကြီးကိုတော့ ပစ်မထားနဲ့နော်၊ အင်းလေ. . . ငါ့တူမက လိမ္မာပါတယ်”

ဟု ရှည်ရှည်ဝေးဝေး တွေးပြီး ပြောသည်။

ဦးလေး ဦးခင်မောင်မြင့်ကတော့ ဘာမှ မသိသလို နေနေသည်။ သို့ရာတွင် မင်းလွင်ဦးက ဦးလေးကို အကုန်ဖွင့်ပြောခဲ့မှာ စိမ်းဝါ သိနေ၏။ မင်းလွင်ဦး အိမ်ကို လာသည့်အခါ ဦးလေးက အလုပ်ကိစ္စ ခဏတဖြုတ် ပြောပြီး ရှောင်ထွက်သွားတတ်သည်။

တစ်ခါတစ်လေကျတော့ မင်းလွင်ဦးကို စသည်။ မင်းလွင်ဦးက အကြောင်းရှာပြီး လာတတ်သောကြောင့် ဖြစ်၏။

“ဖေဖေက ဇာတ်ညွှန်းအခြေအနေ မေးခိုင်းလို့”

“ဘာ. . . မနေ့ကပဲ မင်းအဖေကို ငါ သေသေချာချာ ပြောခဲ့တာပဲ၊ လကုန်ရင် အပြီးသတ်မယ်လို့၊ အဲဒီဝ ္နးက ဘေးမှာ မင်းလည်း ရှိနေတာပဲ၊ ဘယ့်နှယ့်ကြောင့် ဒီနေ့ တကူးတက လာမေးရပြန်တာလဲ”





မင်းလွင်ဦးက ရှက်ရယ် ရယ်ပြီး. . .

“ဒီဘက်လည်း လမ်းကြုံတာနဲ့ ဝင်လာတာပါ ဆရာမြင့်ရဲ့”

“ဘယ်လို လမ်းကြုံတာလဲကွ၊ မင်းအဖေက စီးကရက်ဘူးဝယ်ခိုင်းလို့ ငါတို့လမ်းထဲက ဆိုင်မှာ လာဝယ်ရင်း လမ်းကြုံတာမျိုးလား”

ဦးလေးက ပြုံးစိစိ ပြောသည်၊ မင်းလွင်ဦးအတွက် ကော်ဖီ လာပို့သော စိမ်းဝါ မျက်နှာ အထားရ ခက်သွားသည်။

နောက်ပိုင်းကျတော့လည်း ဦးလေးက စိမ်းဝါကို ဖွင့်မမေးဘဲ မင်းလွင်ဦးနှင့် ကိစ္စကို အသိအမှတ်ပြုထားသည့် သဘောမျိုးဖြစ်သွား၏။

မင်းလွင်ဦးနှင့် ပတ်သက်၍ မျှော်လင့်ချက် ထားနေကြသော အဆောင်က မိန်းကလေးတွေ သူတို့ မအောင်မြင်နိုင်တော့မှန်း သိသွားကြသည်။

တချို့က စိမ်းဝါကို အားကျကြသည်။ တချို့ကတော့ စိတ်ထဲက ကျိတ်၍ မနာလို ဖြစ်ကြ၏။

စိမ်းဝါကတော့ ကိုယ်က အောင်နိုင်သူပဲ ဆိုပြီး ဝင့်ဝင့်ဝါဝါ မနေ။ တစ်ချိန်က အမနာပ ပြောခဲ့ကြတာကို ပြန်ပြီး လက်စားချေဖို့လည်း စိတ်မကူး။ အားလုံးနှင့် ပြေလည်အောင် ဆက်ဆံသည်။ သူ့ကို ချိုးချိုးဖွဲ့ဖွဲ့ ပြောခဲ့သူများကိုပင် အပြုံးလှလှလေးနှင့်သာ အခင်အမင်မပျက် ပြောဆိုသည်။

ထိုအခါ သူတို့ စိမ်းဝါအပေါ် သဘောထား ပြောင်းလာကြသည်။ ခင်မင်နှစ်လိုစွာ ဆက်ဆံလာကြသည်။ မင်းလွင်ဦးနှင့် စိမ်းဝါတို့ လိုက်ဖက်ပါပေသည်ဟု ချီးကျူးပြောဆိုလာကြသည်၊



www.burmeseclassic.com

www.burmeseclassic.com



တချို့တဆိုလျှင် . . .

"စိမ်းဝါ အသားလေးတွေက ညက်နေတာပဲ၊ ဘာတွေများ လိမ်းထားလဲထင်"

ဟု မေးလာကြသည်။ သူတို့အချင်းချင်းလည်း. . .

"စိမ်းဝါ လှပုံက တစ်မျိုးဟ၊ ထင်ထင်ပေါ်ပေါ်ကြီး မဟုတ်ဘူး၊ တစိမ့်စိမ့် ကြည့်လေ လှလေဆိုတာမျိုး၊ ဒါလည်း ပါရမီပဲ"

ဟု ချီးကျူးကြပြန်သည်။

စိမ်းဝါကတော့ သူ့ကိုယ်သူ အံ့ဩနေသည်။ ကံဇာတာ တက်တယ်ဆိုတာ ဒီလိုဟာမျိုးလားဟု တွေးမိ၏။ အဆင်ပြေချင်ပြီ ဆိုတော့လည်း အစအစအရာရာ အကောင်းတွေချည်း။

အထူးသဖြင့် မောင်နဲ့ ပတ်သက်လို့။

မောင်က စိမ်းဝါကို အလွန်ချစ်သည်။





"မောင် လူမှန်း မသိတတ်ခင် အရွယ်ကတည်းက မေမေ ဆုံးသွားခဲ့တာပဲ၊ မောင်တို့ ညီအစ်ကိုနှစ်ယောက်ကို ဖေဖေကပဲ ထိန်းသိမ်းစောင့်ရှောက်လာရတာ၊ ဒါကြောင့် မိတဆိုးလေးတွေ ဆိုပြီး ဖေဖေက သိပ်ချစ်တာပေါ့၊ မောင်တို့ ငယ်ငယ်က ချမ်းသာတာ မဟုတ်ဘူး၊ နောက်မှ တဖြည်းဖြည်း ကြီးပွားလာတာ၊ မေမေ မရှိတော့ ဖေဖေက နောက်အိမ်ထောင် မပြုဘဲ အလုပ်ကို ဖိလုပ်ခဲ့တာကိုး"

မင်းလွင်ဦးက သူ့မိသားစုအကြောင်း ပြောပြောနေ၏။ မင်းလွင်ဦး၏ စကားများအရ သူသည် သူဌေးသားတစ်ယောက် ဖြစ်ပါလျက် ဆောင့်ကြွားကြွားပုံစံ မပေါက်သည့် အကြောင်းကို သိရသည်။

"ဖေဖေက အောက်ခြေကနေ ဘဝကို စခဲ့ရတာ၊ ရှုပ်ရှင် စက်အဖွဲ့တစ်ခုမှာ နေ့စားအလုပ်သမားကလေးပေါ့၊ နောက်မှ ဖေဖေ့ကြိုးစားမှုကြောင့် အသံဖမ်း စက်ဆရာ ဖြစ်လာတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ရှာ မေမေနဲ့ အိမ်ထောင်ကျတာပဲ၊ မေမေက စက်ပိုင်ရှင်ရဲ့သမီး လေ၊ မေမေရဲ့မိဘတွေက အသက်ကြီးပြီဆိုတော့ ဖေဖေ့ကို ဦးစီး ထိုင်ခိုင်းတယ်။ ဖေဖေက စက်ငှားရုံတင် မကဘူး၊ ရုပ်ရှင်ကုမ္ပဏီ တစ်ခု ထောင်ပြီး ကားထုပ်တွေ ထုတ်လုပ်တယ်၊ ဒီလိုနဲ့ မောင်တို့ ဒီအခြေအနေ ရောက်လာတာ"

"မောင်တို့ ကံကောင်းတာပေါ့နော်"

"ဟုတ်တယ်၊ ဒါပေမယ့် ဖေဖေက အမြဲပြောတယ်၊ ချမ်းသာတဲ့လူက မွေးလို့ သူဌေးသား ဖြစ်လာတာ ဂုဏ်ယူစရာ မဟုတ်ဘူးတဲ့၊ ကိုယ့်ဘာသာ ကြိုးစားရှာဖွေတတ်ရမယ်တဲ့၊ ဒါကြောင့် မောင်တို့ ညီအစ်ကိုကိုလည်း ချမ်းသာပေမယ့် ချစ်သာချစ်တာ ပေါ်ကြွားနေခွင့် မပေးဘူး၊ ကိုကိုဆိုရင် ဆယ်တန်းအောင်တဲ့နေ့က စပြီး မုန့်ဖိုးမရတော့ဘူး"

"ဘယ်လို. . . ဘာဖြစ်လို့ မရတာလဲ"

"ဖေဖေက ကိုယ့်မုန့်ဖိုး ကိုယ်ရှာရမယ်ဆိုပြီး အလုပ်ထဲမှာ ခိုင်းတာပဲ၊ ကျောင်းအားတဲ့အချိန်မှာ ရုပ်ရှင်ရိုက်တဲ့ထဲ ဝင်လုပ်ရတယ်၊ အဲဒီအတွက် ဖေဖေက လုပ်အားခ ပေးတယ်၊ အဲဒီငွေနဲ့ သုံးရတယ်"

"မောင့်ကျတော့ကော"

"မောင့်အလှည့်ကျတော့ နည်းနည်း တော်သွားတယ်၊ ကိုကို့လောက် မဟုတ်တော့ဘူး၊ ကိုကိုက မောင့်ကို သိပ်ချစ်တယ်လေ၊ အလိုလည်း လိုက်တယ်၊ ကိုကိုက ဖေဖေ့ကို ပြောတယ်၊ မောင့်ကို တော့ အလုပ်ထဲမှာ သိပ်မခိုင်းပါနဲ့၊ လွတ်လွတ်လပ်လပ် ကျောင်း တက်ပါစေ ဆိုပြီးတော့၊ ဒါတောင် မောင်လည်း အားရင် အားသ လို ဝင်လုပ်ရတာပဲ၊ အဲ. . . မောင်လည်း ဘွဲ့ရရော၊ ဖေဖေက





မင်း ဘွဲ့ရပြီ၊ အလုပ်လုပ်တော့၊ ငါဆက်ထောက်ပံ့ဖို့ မလိုတော့ဘူး ဆိုပြီး အလုပ်ထဲမှာ တာဝန်ပေးတယ်၊ ပြီးတော့ လခပေးတယ်၊ မောင် အဲဒီငွေနဲ့ သုံးရစွဲရတယ်"

မောင့်ဖေဖေကို စိမ်းဝါ လေးစားသွားသည်။ ပြီးတော့ ကြောက်လည်း ကြောက်မိသည်။ သူ့အတွက်လည်း စိုးရိမ်သွားမိ၏။

"မောင်နဲ့ စိမ်းဝါကို မောင့်ဖေဖေက သဘောတူပါ့မလား ဟင်"

"ဘာဖြစ်လို့ သဘောမတူရမှာလဲ"

"စိမ်းဝါတို့က ဆင်းရဲတာကိုး"

"ဟာ. . . ဘာမှမဆိုင်ဘူး၊ ဖေဖေက ချမ်းသာတဲ့ မိန်းက လေးကိုမှ ချစ်ရမယ်လို့ တစ်ခါမှ မပြောဖူးဘူး၊ တကယ်ဆိုရင် မောင့်မှာ ရည်းစားရှိနေပြီဆိုတာပဲ လိုတယ်၊ အဲဒါသိရင် ဖေဖေ ဝမ်းသာသွားမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်တို့ ညီအစ်ကို နှစ်ယောက်ကို အဲဒီကိစ္စကြောင့်ပဲ ဖေဖေက အားမလိုအားမရ ဖြစ်နေတာ"

"မောင့်စကားက အဆန်းပဲ"

"ဒီလိုကွာ၊ မောင်တို့ ညီအစ်ကို နှစ်ယောက်စလုံး အချစ် ကိစ္စမှာ မစွံကြဘူးလေ"

"မောင်လား မစွံတာ"

"ခုမှ စွံတာကိုး၊ ဖေဖေက မင်းတို့မှာ ရည်းစားရှိနေပြီ လားလို့ မေးလို့ ခေါင်းခါပြရင် ဖေဖေ့မျက်နှာက ရှုံ့မဲ့သွားတာပဲ၊ ညံ့လိုက်တာကွာလို့ ခဏခဏ အပြောခံရတယ်၊ ကိုကိုက ပိုဆိုးသာ ပေါ့၊ ဖေဖေက ကိုကို့ကို ပြောတယ်၊ မင်း အသက်သုံးဆယ်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လို့မှ မိန်းမ မရရင် မိန်းမလျာလို့ သတ်မှတ်မယ်တဲ့"

"မောင့်ကိုကိုက ဒါတွေ စိတ်မဝင်စားဘူးလား"

"ဟင့်အင်း. . . သူက အလုပ်ပဲ စိတ်ဝင်စားတာ"

"မောင်ကတော့ကော"

"မောင်ကလား၊ အလုပ်လည်း စိတ်ဝင်စားတယ်၊ အချစ်လည်း စိတ်ဝင်စားတယ်"

မင်းလွင်ဦးသည် စိမ်းဝါကို ထိဖို့ကိုင်ဖို့ မရဲသေး။ လက်ကလေးကို ဆုပ်ကိုင်ထားဖို့တောင် အနိုင်နိုင် အားတင်းနေရသည်။ ပခုံးချင်း တစ်ချက်တစ်ချက် ထိမိအောင် စိမ်းဝါဖက် တိုးရတာ အုတ်တံတိုင်းတစ်ခုကို ကျော်ဖြတ်ရသလို ပင်ပန်းလှသည်။





မောင်က သူ့သူငယ်ချင်းတွေနှင့် မိတ်ဆက်ပေးသည်။ မောင့်သူငယ်ချင်းတွေဆိုလို့ မောင့်လိုပဲ သူဌေးသားတွေဟု ထင်မိသေးသည်။

မဟုတ်။ မောင့်အရင်းနှီးဆုံး သူငယ်ချင်းဆိုတာတွေက ကျောင်းမှာတုန်းက ကဗျာစာအုပ် စုထုတ်ခဲ့ကြသောသူတွေ၊ ကဗျာဆရာတွေ ဖြစ်၏။

ထို့ကြောင့် ငွေကြေးချို့တဲ့ကြမှန်း သိသာသည်။ မောင်နှင့် ပတ်သက်၍လည်း သူဌေးသားလေးမို့ သာလို့ ပေါင်းသည့်ပုံစံမျိုး မဟုတ်ကြ။ ကဗျာရေးသူအချင်းချင်း ပေါင်းသည့်ပုံစံမျိုးသာ ဖြစ်သည်။

စားသောက်ကြရာတွင် မောင်က ငွေရှင်းသည်။ ဒီအတွက် သူတို့ကလည်း အားတုံ့အားနာ ဖြစ်မနေ။ သူတို့ကို ကြည့်ရသည်မှာ ဆင်းရဲချမ်းသာ မတွေးတဲ့ သူငယ်ချင်းဆိုသော အဖြစ်ကိုသာ တွေးကြောင်း သိသာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းဝါကိုလည်း တွေ့တွေ့ချင်းပင် သူငယ်ချင်းလို ရင်းရင်းနှီးနှီး ဆက်ဆံကြသည်။ သူတို့ကြားမှာ စိမ်းဝါ အနေရ မခက်တော့။

"ငါ့သူငယ်ချင်း သိပ်တော်တယ်ကွာ၊ ငါတို့နဲ့ အပေါင်းအသင်း ဖြစ်နိုင်မယ့် မိန်းကလေးမျိုးကို ရွေးနိုင်တယ်"

ဟု စိန်ကောင်းက ပြောသည်၊ မင်းလွင်ဦးက...

"ဟင်... မင်းတို့နဲ့ တည့်မယ့်လူကိုပဲ ငါက တမင် လိုက်ရွေးတာ ကျနေတာပဲ"

"ဟုတ်တယ်လေ၊ မင်းလိုကောင်မျိုးက ငါတို့လို ကဗျာဆရာတွေကို အထင်မကြီးတတ်တဲ့ဟာမျိုး ရွေးမိရင် သွားရော"

ရှားမီးက စိန်ကောင်းဘက်က ဝင်ပြောသည်။

"ဒါကတော့ကွာ၊ ငါကလည်း မင်းတို့လို စိတ်ထားမျိုး ရှိတာပဲ၊ ငါရွေးတဲ့လူဟာ မင်းတို့ သဘောကျ ဖြစ်တာ မဆန်းပါဘူး"

"ဒါနဲ့ နေစမ်းပါဦး၊ မစိမ်းဝါကကော ဒီကောင့်ကို ဘာဖြစ်လို့ ရွေးတာလဲ"

ဝင်းနီက မေးသည်။ သူက ရိုးရိုးမေးသော်လည်း အဓိပ္ပါယ် တစ်မျိုးပေါက်သွားမှာ စိုးသဖြင့် စိန်ကောင်းက မျက်စောင်းခဲသည်။ စိမ်းဝါက သူ့ကို မသက်ာ၍ မေးခြင်းမဟုတ်ကြောင်း သဘောပေါက်သည်။

"ကျွန်မ မသိဘူး"

ဟု ရှက်ပြုံးဖြင့် ပြောသည်။

"ဒါ အကောင်းဆုံးအဖြေပဲ၊ အချစ်ဆိုတာ..."

ဟု ရှားမီးက စကားစလိုက်စဉ် မင်းလွင်ဦးက ဖြတ်၍..





"ဟေ့ကောင်... တန်ရာတန်ရာ ပြောကွ၊ အချစ်အကြောင်း မင်းက ဘာသိလို့လဲ၊ ရည်းစားဆိုလို့ စိတ်ကူးနဲ့ မှန်းပြီး ကဗျာရေးဖို့တောင် မရှိတဲ့ကောင်ကများ"

"ဩော်... မင်းကတော့ ရှိပြီပေါ့၊ လက်စသတ်တော့ မင်းက မစိမ်းဝါကို တကယ်ချစ်တာမှ မဟုတ်ဘဲ၊ ငါတို့ကို ကြွားလို့ရဖို့အတွက် ချစ်တာကိုး"

ရှားမီးက နောက်လိုက်ခြင်း ဖြစ်သော်လည်း မင်းလွင်ဦး မျက်နှာ ရဲကနဲ ဖြစ်သွားပြီး...

"မင်း ငါ့ကို မစော်ကားနဲ့ကွ"

ဟု ခပ်ဆတ်ဆတ် ပြောသည်၊ ဝင်းနီက...

"ဟာ... ဒီကောင် မလွယ်ပါလား၊ နည်းနည်းလေးတောင် အပြောမခံဘူး၊ ကြည့်စမ်း၊ ဒီလောက်တောင်ပဲလား သူငယ်ချင်းရယ်"

ထိုအခါကျမှ မင်းလွင်ဦးမျက်နှာ ပြန်ကြည်လာပြီး...

"စကားပြောတာ ကြည့်ပြောပေါ့ကွာ၊ ခုမှ တွေ့ဖူးတာ၊ နည်းနည်းပါးပါး အားနာဦးမှပေါ့၊ တကယ်ထင်သွားရင် မကောင်းဘူး"

"ငါကလည်း တကယ် ပြောနေတာပဲ"

ရှားမီးက ထပ်လုပ်နေသေးသည်၊ မင်းလွင်ဦးက လက်သီးနှင့် ရွယ်သည်။ စိမ်းဝါက ပြုံးနေလိုက်သည်။

"ဒီကောင့်ကို မယုံနဲ့ဗျ၊ သူက ကောင်မလေးတွေ တစ်ယောက်ပြီး တစ်ယောက် တွဲနေတာ၊ ဟိုစားသောက်ဆိုင်က ကောင်မလေးဆို ခုထိ စွဲလမ်းတုန်းပေါ့"

"ဟား... လုပ်ပြန်ပြီ ဒီကောင်"



www.burmeseclassic.com

www.burmeseclassic.com



**"ဟုတ်တယ်၊ ဟုတ်တယ်"**

ဟု ဝင်းနီက ဝင်ပြောသည်။ စိန်ကောင်းက စိမ်းဝါကို အားနာသွားပြီး စကားပြောင်းလိုက်သည်။

"မစိမ်းဝါ သိပ်ကံကောင်းတယ်ဗျ၊ ဒီကောင်က ကဗျာဆရာသာ ဆိုတယ်၊ ဆေးလိပ်လည်း မသောက်၊ အရက်လည်း မသောက်ဘူး"

"ဘာဆိုင်လဲကွ၊ ကဗျာဆရာဆိုရင် သောက်ရမယ်လို့ ဥပဒေ ရှိလို့လား"

ဆိုပြီး မင်းလွင်ဦးနှင့် သူတို့တစ်တွေ ပြင်းခုံကြပြန်သည်။

လမ်းခွဲကြခါနီးတွင် စိန်ကောင်းက "ဟိုကိစ္စ မစိမ်းဝါကို ပြောပြီးပြီလား" ဟု မေးသည်။ မင်းလွင်ဦးက ခေါင်းခါပြသည်။

**"မောင့်သူငယ်ချင်းတွေကို ဘယ်လိုသဘောရလဲ"**

အပြန်လမ်းတွင် မင်းလွင်ဦးက မေးသည်။

"စိမ်းဝါတော့ သဘောကျတယ်၊ ပွင့်လင်းကြတာကို အကြိုက်ဆုံးပဲ"

"ဟုတ်တယ်၊ ဒီကောင်တွေက ဟန်မဆောင်တတ်ဘူး၊ သူတို့ ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူးပဲ၊ စိမ်းဝါကိုတော့ သူတို့ တော်တော် ကျေနပ်သွားပုံ ရတယ်"

"ပွင့်ပွင့်လင်းလင်း ပြောကြဆိုကြတော့ မောင့်အကြောင်းတွေလည်း ပိုသိရတာပေါ့"

"အမယ် . . . ဘာတွေများ သိလာရလို့လဲ"

"ဟို စားသောက်ဆိုင်က ကောင်မလေး ဆိုတာလေ"

"ဟာ . . . အလကားပါ"

"ပြောပါ မောင်ရယ်၊ စိမ်းဝါ ဘယ်လိုမှ သဘောမထားပါဘူး၊ မောင် ဒီထက်မက စွံနိုင်တယ်ဆိုတာတောင် သိပြီးသားပဲ"

ဘယ်လိုမှ သဘောမထားပါဘူး ဆိုသော်လည်း စိမ်းဝါ အသံက အားငယ်သံ။ မင်းလွင်ဦးက ရယ်လိုက်သည်။

"ပြောဆိုလည်း ပြောရတာပေါ့၊ အဲဒီ စားသောက်ဆိုင်က ဆိုတာက မောင့်ကို တစ်ဖက်သတ် ကြိုက်နေတာ"

"လှလား"

"အင်း . . . ဆိုပါတော့"

"မောင်က ဘာဖြစ်လို့ မကြိုက်တာလဲ"

"ကြိုက်လို့ မဖြစ်ဘူးလေ၊ သူက မိန်းမအစစ်မှ မဟုတ်ဘဲ၊ အခြောက်ကြီး"

"ဟယ်တော့"

"အခြောက်ကြီးကို ရည်းစားလုဖက်လို့ သဘောထားနေရတာတော့ မဟုတ်သေးဘူး ထင်ပါရဲ့ စိမ်းဝါရယ်"

"စိမ်းဝါရဲ့ အခြေအနေက အဲဒီလို သဘောထားသင့်ရင် ထားရမယ်လေ၊ စိမ်းဝါက မိန်းမလျှာ တစ်ယောက်လောက်တောင် မလှဘူး မဟုတ်လား"

"စိမ်းဝါကလဲကွာ"

မင်းလွင်ဦးက ကားကို ရပ်လိုက်သည်။

"ဘာဖြစ်လို့ အဲဒီစကားမျိုး ပြောရတာလဲ စိမ်းဝါရယ်၊ စိမ်းဝါကို မောင် ဘယ်လောက် ချစ်တယ်ဆိုတာ မသိသေးဘူး လားဟင်"

"သိတော့ သိပါတယ်၊ ဒါပေမယ့် စိမ်းဝါနေရာက နေ ကြည့်ပါလား၊ မောင့်ကို ဘယ်လောက်ပဲ ယုံယုံ၊ စိတ်ထဲမှာ လုံးဝ စိတ်ချလက်ချ မရှိနိုင်သေးတာတော့ အမှန်ပဲလေ၊ စိမ်းဝါ့မှာ သူည







www.burmeseclassic.com

www.burmeseclassic.com



ပဲ' မဟုတ်လား"

"သုညဟာ တန်ဖိုးအရှိဆုံးပေါ့ စိမ်းဝါရယ်၊ သင်္ချာပညာရပ် တစ်ခုလုံးဟာ သုညပေါ်မှာ အခြေခံပြီး တည်ဆောက်ထားရတာ မဟုတ်လား။ အပေါင်းလည်း မဟုတ် အနှုတ်လည်း မဟုတ်တာ သုညတစ်ခုပဲ ရှိတယ်၊ ဒီလိုပဲ သုညဟာ ဘာမဆို ဖြစ်နိုင်တယ်လေ၊ ကမ္ဘာကြီးလည်း ဖြစ်နိုင်တယ်၊ နေမင်းကြီးလည်း ဖြစ်နိုင်တယ်၊ လပြည့်ဝန်းလည်း ဖြစ်နိုင်တယ်၊ ပြီးတော့ အချစ်လည်း ဖြစ်နိုင်တယ်"

... ပြီးပါပြီ ...





ဒီနေ့ မောင် လာလိမ့်မည်ဟု ထင်နေသည်၊ လာမည်ဟူ၍တော့ ကြိုပြီးပြောမထား။

မောင်က တစ်ခါတစ်ခါ အလုပ်ကိစ္စနှင့် သွားလာရင်း ဒီဘက် လမ်းကြုံရင် ဝင်ဝင်လာတတ်သည်။ ကြိုပြောမထားသဖြင့် အချိန်မရွေး ရောက်လာနိုင်သည်။

သူရောက်လာသည့်အချိန်မှာ သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ် ရှိနေစေချင်သည်။ ဒါမှ တော်ကာကျသည်၊ တော်ရုံတန်ရုံနှင့်ဆိုလျှင် မောင်နှင့် ယှဉ်လိုက်သောအခါ လက်ကိုင်ပုဝါနှင့် လက်သုတ်ပုဝါလို ဖြစ်နေတတ်သည်ဟု သူ ထင်၏။

ထို့ကြောင့် ထမင်းဟင်း ချက်ပြီးပြီးချင်း ရေမိုးချိုး သနပ်ခါး လိမ်းပြီး အိမ်နေရင်း အဝတ်အစားထဲက အသပ်ရပ်ဆုံးကို ဝတ်ထားလိုက်၏။

ပြီးတော့ စာပေးစာယူ သင်တန်းဌာနသို့ ပို့ရမည့် အဖြေလွှာတွေကို ပြန်စစ်ဆေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းရေ. . . ဧည့်သည်လာတယ်"

အောက်ထပ်မှ ကျောင်းသူတစ်ယောက်က လှေကားရင်းမှ လှမ်းအော်သည်။

မောင့်ကား ဝင်လာတာ တွေ့လျှင် ဒီလိုပဲ အော်ပြီး နောက်နေကျမို့ ကားသံကို နားစွင့်သည်။ မကြားရ။ ကားမပါဘူး ထင်ပါရဲ့။

အပေါ်ထပ် တက်လာမှာပဲဟု တွက်သည်။ ဧည့်ခန်းထဲက ထွက်စောင့်နေလျှင် ကောင်းမလား။ သူရောက်လာလျှင် ဆရာမြင့် ဒေါ်လေးနွယ်ဟု အော်ခေါ်တတ်သည်။ ထိုအခါကျမှ အခန်းထဲက ထွက်တော့မည်ဟု စိတ်ကူးသည်။

တော်တော် ကြာသည်အထိ အပေါ် တက်မလာသေး။ နောက်တော့ မမဝင်း ရောက်လာပြီး. . .

"အောက်ထပ်က ဧည့်ခန်းမှာ ဧည့်သည်တစ်ယောက် လာနေတယ်၊ စိမ်းဝါတို့ မြို့ကလို့ ပြောတယ်"

"ဘယ်သူပါလိမ့်"

ဟု ခပ်တိုးတိုး ရေရွတ်သည်။

အမေက လူကြုံမှာလိုက်တာလား။ အစ်ကိုဝမ်းကွဲ ကိုကြွက် ဖြစ်ချင်ဖြစ်မည်ဟု လှေကားမှ ဆင်းလာရင်း တွေးနေသည်။

ဧည့်ခန်းထဲ ဖြတ်ဝင်လိုက်တော့ ခြေလှမ်းတုံ့သွား၏။

ကိုကျော်သက်။ တစ်ခါတုန်းက ကိုကျော်သက်။

သူ့မျက်နှာထား ချက်ချင်း တင်းသွား၏။ ပြီးမှ ဘာဆိုင်တော့လို့လဲဟု တွေးပြီး သာမန်ဧည့်သည်တစ်ယောက်ကို ဧည့်ဝတ်ပြုသည့်စကား ပြောသလို. . .





"ဘယ်က လှည့်လာတာလဲ"

ဟု လေသံမှန်မှန် ပြောရင်း ဝင်ထိုင်လိုက်သည်။

ကိုကျော်သက်က ဘာမှ မပြောသေးဘဲ စိမ်းဝါကို ငေးစိုက်ကြည့်နေသည်။

ဩော်. . . တစ်ချိန်တုန်းက သူ ဒီလိုကြည့်လိုက်ရင် စိမ်းဝါ ရင်ထဲ ရှိန်းခနဲ ဖိန်းခနဲပေါ့။ ခုတော့ တိရစ္ဆာန်ရုံရှိ လှောင်အိမ်ထဲက ကျားတစ်ကောင်ကို မြင်ရသလောက်တောင် စိတ်လှုပ်ရှားမှု မရှိ။

"ဘာကိစ္စများ ထွေထွေထူးထူး ရှိလို့လဲ"

ဟု စိမ်းဝါက မေးသည်။

ကိုကျော်သက်သည် ခုထိ ဘာပြောလို့ ဖြေရမှန်း မသိသေး။ သူ ထင်ထားခဲ့တာက သူ့ကို တွေ့လျှင် စိမ်းဝါက ဒေါသတကြီး စွပ်စွဲ ပြောဆိုမည်။ ပြီးတော့ ငိုမည်။ ထိုအခါကျမှ သူ ချော့လိုက်လျှင် စိမ်းဝါ အရည်ပျော်သွားလိမ့်မည်။ စိမ်းဝါကို သူ့လက်ခုပ်ထဲမှာပဲ ရှိနေတုန်းဟု တွက်ဆခဲ့တာ အများကြီး မှားကြောင်း တွေ့ရသည်။ ဘာပဲဖြစ်ဖြစ် သူ အားမလျှော့သေး။ ကြိုးစားကြည့်ရဦးမည်။

"စိမ်းလေးကို တွေ့ချင်လို့ လိပ်စာကို မရမက စုံစမ်းပြီး လာခဲ့ရတာ"

လေသံကို အလိုက်လှဲဆုံး ဖြစ်အောင် ကြိုးစားသည်။

"ဩော်. . . ဟုတ်ကဲ့"

စာမေးပွဲ မဖြေနိုင်တော့မှန်း သိသော်လည်း ရလိုရငြား စိတ်ကူးတည့်ရာ လျှောက်ဖြေနေသူ တစ်ယောက်လို ပုံစံမျိုးဖြင့် ကိုကျော်သက်က. . .

"ကိုသက် စိမ်းလေးကို တောင်းပန်ချင်လို့ လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



အရင်က အသုံးအနှုန်းတွေ မသုံးပါနဲ့တော့ ကိုကျော်သက်ဟု စိမ်းဝါ ပြောမည်ပြုပြီးမှ စကားသိပ်မရှည်ချင်သဖြင့် ဘာမှမပြောတော့ဘဲ ဆက်နားထောင်နေလိုက်သည်။

"စိမ်းလေးအပေါ်မှာ ကိုသက် ပြုမူခဲ့တာတွေ သိပ်မှားသွားတယ်၊ အင်းလေ ငယ်လည်း ငယ်သေးတာကိုး"

စိမ်းဝါ ရယ်ချင်သွားသည်။ အဲဒီတုန်းက ကျွန်မက ပိုတောင် ငယ်သေးတယ်လေဟု စိတ်ထဲမှ ပြောသည်။

"ခုတော့ ကိုသက် ကောင်းကောင်း သိပါပြီ၊ ကိုသက်ရဲ့ဘဝမှာ တကယ်ချစ်တဲ့သူဟာ စိမ်းလေးပဲ ဆိုတာ၊ ဒါကြောင့်ဟိုတစ်ယောက်နဲ့ အပြီးအပိုင် လမ်းခွဲလာခဲ့တာပဲ"

ခဏရပ်၍ သူ့စကား ဘယ်လောက် တာသွားသလဲဟု အကဲခတ်သည်။ အားရစရာ မရှိသေးကြောင်း တွေ့ရသော်လည်း ဆက်၍ပြောသည်။

"ကိုသက် အမှားကြီး မှားခဲ့တယ်ဆိုတာ ထပ်ပြီး ဝန်ခံပါရစေဦး၊ နောက်နောင်ကို စိမ်းလေးအပေါ်မှာ သစ္စာရှိရှိနဲ့ တစ်သက်လုံး နေသွားဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ဒါကြောင့် စိမ်းလေးအနေနဲ့ကိုသက်အပေါ်မှာ. . ."

"တော်လောက်ပါပြီ ကိုကျော်သက်"

ဟု ဟန့်တားလိုက်ရသည်။

"ကိုသက်ကို စိမ်းလေး မုန်းနေတုန်းပဲပေါ့ ဟုတ်လား"

"အဲဒါတွေ ပြောနေရမယ့်အချိန် မဟုတ်တော့ပါဘူး၊ အခုကျွန်မမှာ ခရီးဖော်တစ်ယောက် ရှိနေပါပြီ၊ ကိုမင်းလူပဲဦးတဲ့၊ ရွှေဖိဦး ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ရဲ့ သားပေါ့"

ဒီလောက်ထိ တိတိကျကျ ပြောဖို့ မလိုအပ်မှန်း သိသည်။





မောင့်ဂုဏ်ပုဒ်ကို ဖော်ထုတ်၍ ကြွားသလို ဖြစ်သွားမှန်းလည်း သိသည်။ သို့တိုင်အောင် သူ့စိတ်ထဲက ဒီအတိုင်းပဲ ပြောချင်နေသဖြင့် ပြောလိုက်ခြင်း ဖြစ်၏။

ကိုကျော်သက်သည် မျက်နှာကွက်ခနဲ ပျက်သွားခြင်းကို မဖုံးမဖိနိုင်။ သက်ပြင်းကို တမင်အသံမြည်အောင် ချသည်။

"ကိုသက် နောက်ကျသွားပြီပေါ့"

ဝမ်းနည်းသံဖြင့် ပြောသည်။ ဒီလောက်ဆို သူ နားလည်သင့်ပြီ။ ပြန်ဖို့ကောင်းပြီ။ သို့ရာတွင် မပြန်သေးဘဲ အတော်ကြာအောင် ထိုင်ငိုင်ပြနေသည်။ မတတ်နိုင်။

"ကျွန်မ ကျောင်းစာတွေ လုပ်စရာ ရှိသေးတယ်"

ဟု သတိပေးလိုက်မှ မပြန်ချင်ပြန်ချင် ထထွက်သွားသည်။ သွားခါနီးမှ ကိုသက်ကတော့ အမြဲမျှော်လင့်နေဦးမှာပဲဟု ပြောသွားလေသည်။

. . . မဟေဝ . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သက် လာသွားသည့်အကြောင်း မောင့်ကို ပြောပြလိုက်သည်။ မောင် မျက်မှောင်တစ်ချက် ကုတ်သွားတာ မြင်လိုက်သဖြင့် စိမ်းဝါ စိုးရိမ်သွား၏။

"မောင်"

ဟု ခေါ်လိုက်သည်။ မင်းလွင်ဦးက. . .

"အဲဒါတွေ ဘာကြောင့် မောင့်ကို ပြောပြနေရတာလဲ၊ မပြောဘဲ နေလိုက်ရင် ပြီးရော"

"စိမ်းဝါ တောင်းပန်ပါတယ် မောင်ရယ်၊ မောင့်ကို ပြောပြသင့်တယ် ထင်လို့၊ စိမ်းဝါကိုယ်တိုင်ကလည်း ပြောပြချင်နေလို့ပါ၊ မောင် စိတ်မချမ်းသာအောင် လုပ်မိပြီလားဟင်"

"ရုတ်တရက်ဆိုတော့ စိတ်ထဲ တစ်မျိုးဖြစ်သွားတာပေါ့၊ ဒီလောက်တော့ ဖြစ်မှာပေါ့ စိမ်းဝါရယ်၊ မောင် စိတ်မချမ်းသာဖြစ်သွားတာ မဟုတ်ပါဘူး၊ မောင် ဆိုလိုတာက ဒီကိစ္စ မောင့်ကို မပြောဘဲ နေလိုက်ရင်လည်း ရတာပဲလို့ ပြောတာပါ"





"မပြောဘဲ မနေနိုင်လို့ပေါ့၊ ပြီးတော့ ခုချိန် သူ့အပေါ်မှာ စိမ်းဝါ ဘယ်လို သဘောထားတယ်ဆိုတာလည်း မောင် သိစေချင်လို့"

"ဆိုစမ်းပါဦး"

"သူ့ကို မြင်တော့ စိမ်းဝါ တုန်လှုပ်သွားသင့်တယ် မဟုတ်လား၊ ဒါပေမယ့် ဘယ်လိုမှ မဖြစ်ဘူး၊ သူ့ကို စိမ်းဝါ မုန်းလည်း မမုန်းဘူး"

ဟု ပြောပြီးမှ မင်းလွင်ဦး အဓိပ္ပါယ်ကောက် လွဲသွားမလားဟု စိုးရိမ်ပြီး တစ်ချက်မော့ကြည့်သည်။ မင်းလွင်ဦးက စိတ်ဝင်စားစွာ နားထောင်နေရုံသာ ရှိသဖြင့်. . .

"ဘာဖြစ်လို့ မမုန်းတာလဲဆိုတော့ သူ့အပေါ်မှာ ဘယ်လိုမှ သဘောမထားတော့လို့ပဲ၊ သူ့ကို မုန်းနေတယ်ဆိုရင် သူနဲ့ဖြစ်ခဲ့တဲ့ကိစ္စကို ခုထိ အသိအမှတ် ပြုနေတဲ့သဘော ဖြစ်သွားမှာပေါ့၊ ချစ်ခဲ့တာကို မမေ့နိုင်သေးလို့သာ မုန်းနေတာ ဖြစ်မှာပေါ့၊ ဟုတ်ဘူးလား၊ ခုတော့. . ."

"တော်လောက်ပါပြီ စိမ်းဝါရယ်၊ သိပ်ရှင်းမနေပါနဲ့တော့၊ စိမ်းဝါကို မောင် ယုံပါတယ်၊ ဘယ်လောက်ထိ ယုံသလဲဆိုတာ စိမ်းဝါ သတိမထားမိလို့ပါ"

"ဘာကိုပါလိမ့်"

"အဲဒီလူရဲ့နာမည်က ဘယ်သူလဲဆိုတာတောင် မောင် မမေးခဲ့ဘူး မဟုတ်လား"

"သူ့နာမည်က. . ."

"မပြောနဲ့လေ၊ မောင် မသိချင်ပါဘူး၊ မောင်သိတာ တစ်ခုပဲ ရှိတယ်၊ အဲဒီလူထက် မောင်က ပိုပြီးကံကောင်းလို့ အခု

www.burmeseclassic.com



စိမ်းဝါရဲ့အချစ်တို ပိုင်ဆိုင်ခွင့်ရတာ၊ ဒီလောက်ဆိုရင် ကျေနပ်တော့၊ ကဲ...ဒါတွေ မေ့ထားလိုက်စမ်းပါကွာ၊ ရှေ့ဆက်ပြီး မောင်နဲ့ စိမ်းဝါ သိပ်ချစ်သွားကြဖို့ပဲ အရေးကြီးပါတယ်"

"မောင်ရယ်...စိမ်းဝါအပေါ်မှာ ဘာလို့ ဒီလောက်တောင် ခွင့်လွှတ်နိုင်ရတာလဲ"

"အဖြေက လွယ်လွယ်လေးပါ၊ ချစ်နေလို့ပေါ့"

စိမ်းဝါ မောင့်လက်မောင်းကို ဆုပ်ကိုင်ထားမိသည်။





"နောက်များ ကျနေလား မသိဘူး"

ဟု စိမ်းဝါက ပြောရင်း ခပ်သွက်သွက် လျှောက်သည်။ မမဝင်းက အမီလိုက်လျှောက်နေရာက...

"ပြမှာက ခုနစ်နာရီမှ မဟုတ်လား၊ ခုမှ မတ်တင်း ရှိသေးတာ"

"မသိဘူးလေ၊ သူက ခြောက်နာရီခွဲ အရောက်လာပါလို့ ပြောထားတာ၊ မမဝင်း အိပ်ရာထ နောက်ကျနေတာနဲ့ပဲ"

စိမ်းဝါက မမဝင်းကို အပြစ်တင်သည်။

"ဟယ်...လေးနာရီကတည်းက ထရမယ်ဆိုတာတော့ လွန်လွန်းပါတယ်"

ဒီနေ့ မင်းလွင်ဦးတို့ ရုပ်ရှင်ကုမ္ပဏီမှ ထုတ်လုပ်သည့် သံယောဇဉ်အလွမ်း ဇာတ်ကား အထူးပွဲ ပြသည်။ မင်းလွင်ဦးက စိမ်းဝါနှင့် မမဝင်းတို့ကို ဖိတ်သည်။

မူလအစီအစဉ်က ဦးခင်မောင်မြင့်နှင့် အတူတူ လာကြဖို့



www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်သည်။ နောက်တော့ ဦးခင်မောင်မြင့်က မင်းလွင်ဦးတို့အိမ်မှာ အိပ်ပြီး မနက် တစ်ခါတည်း သွားမည်ဆိုသဖြင့် သူတို့ နှစ်ယောက်တည်း လာခဲ့ရခြင်း ဖြစ်သည်။

မင်းလွင်ဦးက လာဖို့ ကားစီစဉ်ပေးမည်ဟု ပြောသေးသည်။ သူ အလုပ်ရှုပ်နေသည့်ကြားက တာဝန်ပိုမည် စိုးသဖြင့် စိမ်းဝါက ကိုယ့်ဘာသာ ကားငှားလာမည်ဟု ပြောသည်။

တကယ်တမ်းကျတော့ ကားငှားလို့ မလွယ်။ ရပြန်တော့လည်း ကားခ မတန်တဆ တောင်းသဖြင့် စိမ်းဝါက နှမြောပြီး မငှားဘဲ ဘတ်စ်ကားဖြင့်ပင် လာခဲ့သည်။

နေပြည်တော်ရုံရှေ့မှာ လူတွေ တရုန်းရုန်း ဖြစ်နေ၏။ ရုပ်ရှင် လာကြည့်သူတွေအပြင် မင်းသား မင်းသမီးတွေကို လာကြည့်ကြသူတွေပါ အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။

ကားတစ်စီး ထိုးဆိုက်လာတိုင်း ဝိုင်းအုံကြည့်ကြသည်။ မင်းသားမင်းသမီး တစ်ယောက်ယောက်ဆိုလျှင် လှမ်းအော် နှုတ်ဆက်ကြ၊ ထိုမင်းသားမင်းသမီးအကြောင်း အချင်းချင်း ဝေဖန်ကြသည်။

ရုပ်ရှင်ပြချိန် နီးသဖြင့် လူတွေ ရုံထဲ တဖွဲဖွဲ ဝင်နေကြသည်။ စိမ်းဝါတို့ နှစ်ယောက်လည်း ရုံရှေ့ ရောက်သောအခါ ယောင်ချာချာ ဖြစ်နေ၏။ အထဲဝင်ရမလား၊ အပြင်မှာပဲ နေရဦးမလား မသိ။ ဒီလိုပွဲမျိုးလည်း တစ်ခါမှ မကြည့်ဖူးသဖြင့် ခပ်ကြောင်ကြောင် ဖြစ်နေသည်။ ထိုအခိုက်မှာပင် ရုံထဲမှ မင်းလွင်ဦး ထွက်လာသည်၊ လူအုပ်ကြားမှာ ကျိုးကန်းတောင်းမှောက် ရှာနေသည်။

စိမ်းဝါတို့ သူ့ဆီ လျှောက်အသွားတွင် သူကလည်း မြင်





သွားပြီး အပြေးတစ်ပိုင်း လှမ်းလာ၏။

"နောက်ကျလိုက်တာ၊ လာမှလာပါ့မလား ခေါင်းတောင် ထွက်ကြည့်သေးတယ်၊ လာ. . . လာ၊ ရုံထဲ သွားကြမယ်၊ ဖေဖေတို့ ရောက်နေပြီ"

မင်းလွင်ဦးက ဦးဆောင်၍ အပေါ်ထပ် ခေါ်သွားသည်။

ရုံတွင်းသို့ ဝင်သည့် အပေါက်ဝတွင် ကျော် ခြောက်ဆယ်တွင်းရှိ လူကြီးတစ်ယောက်က ကို ဆီးကြို၍ နှုတ်ဆက်နေသည်၊ ခံ့ခံ့ညားညား ဥပဓိရုပ်ကောင်း ဖြစ်သည်။ တစ်ခါမြင်ရုံဖြင့် မင်းလွင်ဦး၏အဖေ ဦးသိန်းဦးမှန်း သိသာသည်။ မောင်နှင့် ရုပ်ချင်း တော်တော်တူသည်။

သူ့ဘေးမှာ ရပ်နေသူက မောင့်ကိုကို ဖြစ်လိမ့်မည်။ မောင့်လောက် အရုပ်အမောင်း မကောင်း။ အသားလည်း နည်းနည်း ညိုသည်။

မင်းလွင်ဦးက သူ့အဖေနှင့် စိမ်းဝါတို့ကို မိတ်ဆက်ပေးသည်။

"ဖေဖေ ဒါ ကျွန်တော့်သူငယ်ချင်းတွေပါ၊ သူက မမဝင်းတဲ့၊ သူကတော့. . . စိမ်းဝါ"

အဘိုးကြီးက စိမ်းဝါကို တစ်ချက် စူးစူးစိုက်စိုက် ကြည့်သည်၊ စိမ်းဝါ အနေရခက်သွားပြီး မျက်လွှာချလိုက်၏။

"ဩော်. . . အေး၊ ခုလို လာကြည့်တာ ဝမ်းသာပါတယ်ကွာ၊ ကဲ. . . သား၊ နေရာလိုက်ပြလိုက်ပါဦး"

စိမ်းဝါတို့ ရုံထဲ ဝင်သွားစဉ် ဦးသိန်းဦးက မျက်စောင်းမခတ် ကြည့်ရင်း ကျန်ခဲ့ကြောင်း စိမ်းဝါ မသိခဲ့။ ရုံထဲမှာ စိမ်းဝါ



www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်ဦးက လိုက်ရှာပေးသည်။

အေးအေးဆေးဆေးသာ ကြည့်ကြတော့၊ ကျွန်

လုပ်ကလေးတွေ ရှိသေးလို့ သွားလိုက်ဦးမယ်၊

မင်းလွင်ဦးကမြင့်နဲ့ အတူတူ ပြန်နော်၊ ကားစီစဉ်ထားတယ်”

ည်။ သူ အလုပ်ရှုံ့က ဘေးခုံများမှ မင်းသား မင်းသမီးတွေကိုပါ

းဝါက ကိုယ့်ဘာသာ်သွားသည်။

တကယ်တကြိုးက စိမ်းဝါကို အကဲခတ် ကြည့်နေတာ သတိ

ကား၁ မဇ

ဘတ်ချ်တယ်၊ လူတို ရှင်တုန်ပန်းတုန် ဖြစ်သွားတာပဲ”

“သူကြည့်ပုံက တစ်မျိုးပဲ၊ စူးစမ်းတဲ့အကြည့်မျိုးလည်း မဟုတ်ဘူး၊ အံ့သြနေသလိုလို ဘာလိုလို”

“သိပါဘူး မမဝင်းရယ်၊ စိမ်းဝါတော့ ရှက်တာရော လန့်တာရော၊ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိဘူး”

ထိုစဉ်မှာပင် မီးတွေ တဖြည်းဖြည်း မှောင်သွားပြီး ရုပ်ရှင်စပြသည်။

စိမ်းဝါတို့ကို ပေးထားသောနေရာမှာ အထူးရွေးချယ်ထားသော နေရာမှန်း သိသာသည်။ ရုပ်ရှင်မင်းသားမင်းသမီးတွေကြားမှာ။ စိမ်းဝါဘေးမှာ ချိုပြုံး ထိုင်နေသည်။ မမဝင်းဘေးက ခုံမှာတော့ ညွန့်ဝင်း ရှိနေသဖြင့် မမဝင်း သဘောတွေ ကျနေသည်။

. . . ၈၈၈ . . .





မင်းလွင်ဦးက အဆင်ပြေမှာပါဟု အထပ်ထပ် ပြောထားသည့်တိုင် စိမ်းဝါ စိုးရိမ်စိတ် မပျောက်ဘဲ မနေနိုင်၊ ရုပ်ရှင်အထူးပွဲပြသည့် ညနေက မင်းလွင်ဦး အိမ်ကို ရောက်လာသည်၊ သတင်းထူး တစ်ခုကို လာပြောပြခြင်း ဖြစ်၏။

“ဖေဖေက စိမ်းဝါကို မြင်တော့ အရမ်းအံ့သြသွားတယ်တဲ့”

“ဒါပေါ့လေ၊ ငါ့သားနှယ် ကြိုက်စရာရှားလို့ ဒီလို အရုပ်ဆိုး တောသူမကိုမှ ကြိုက်ရသလားလို့ပေါ့ ဟုတ်လား”

“ဘယ်ကလာ၊ ကြားရင် စိမ်းဝါ အံ့သြသွားမယ်”

“ကဲလေ၊ အံ့သြရအောင် ပြောစမ်းပါဦး”

“မနက်က ရုံ့ထဲ အဝင်မှာ မိတ်ဆက်ပေးတော့ ဖေဖေ စိမ်းဝါကို ကြည့်ပုံက တစ်မျိုးပဲလို့ မောင် ထင်မိတယ်”

“မမဝင်းကလဲ ဒီလိုပဲ ပြောတယ်၊ စိမ်းဝါတော့ ထူပူနေလို့ ဘာမှမသိပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မောင်လည်း အလုပ်တွေ ရှုပ်နေလို့ ဖေဖေနဲ့ အေးအေးဆေးဆေးကို စကားမပြောဖြစ်ဘူး၊ အိမ်ကို ပြန်ကြတော့ ကားပေါ်မှာကတည်းက ဖေဖေ တစ်ခုခု ပြောချင်နေတာ သိသာတယ်၊ အိမ်လည်း ရောက်ရော အမောတောင် မဖြေနိုင်သေးဘူး၊ တန်းမေးတာပဲ၊ ရုပ်ရှင်ရုံထဲမှာ မိတ်ဆက်ပေးတာ သားရဲ့ မိန်းကလေးလားတဲ့၊ ဟုတ်တယ် ဆိုတော့. . ."

"ဘာဖြစ်လဲ"

ဟု စိမ်းဝါ မစောင့်နိုင်ဘဲ ဝင်မေးမိသည်။

"ဘယ်လိုများ တွေ့တာလဲကွာတဲ့"

အကြောင်းတိုက်ဆိုင်မှု တစ်ခုခုတော့ ရှိနေပြီဟု စိမ်းဝါ သိလိုက်၏။ မောင့်ဖေဖေနဲ့ စိမ်းဝါအဖေတို့ဟာ ရန်သူဟောင်းတွေများ ဖြစ်နေမလား။ မောင် ဆက်ပြောသဖြင့် အမှန်ကို သိရ၏။

"မောင်ကလည်း အမှန်အတိုင်း ပြောပြလိုက်တယ်၊ ဖေဖေ့ မျက်နှာက သိပ်မလန်းတော့ မောင်လည်း စိုးရိမ်မိသေးတယ်၊ နောက်တော့မှ ဖေဖေ ပြောတာက သားရဲ့မိန်းကလေးဟာ မင်းအမေ ငယ်ငယ်တုန်းကနဲ့ တစ်ထေရာတည်းပဲ သားရယ်တဲ့"

"ဟယ်. . . မောင့်မေမေ"

"ဟုတ်တယ်၊ အိမ်မှာ မေမေ့ဓါတ်ပုံ ချိတ်ထားတာ ရှိပေမယ့် မောင်လည်း အမှတ်တမဲ့ နေမိတာ၊ ဖေဖေ ပြောမှ ကြည့်မိတော့ စိမ်းဝါနဲ့ ခပ်ဆင်ဆင်ပဲဆိုတာ တွေ့မိတယ်၊ နောက်ပြီး ဖေဖေက သူသိမ်းထားတဲ့ မေမေ အပျိုတုန်းက ဓာတ်ပုံကို ထုတ်ပြတော့မှ စိမ်းဝါနဲ့ တော်တော်တူတာ သိရတော့တာပဲ"

"အံ့ဩစရာပါလား၊ တိုက်တိုက်ဆိုင်ဆိုင်"

"ဟုတ်တယ်၊ မောင်လည်း စိမ်းဝါကို ဘာကြောင့် ချစ်ခဲ့မိ





သလဲဆိုတာ ခုမှ တွက်လို့ရသွားတယ်၊ မေမေဟာ မောင် လူမှန်းမသိတတ်ခင်က ဆုံးသွားခဲ့တာဆိုတော့ မှတ်တော့ မမှတ်မိဘူးပေါ့၊ ဒါပေမယ့် ကလေးဘဝက မြင်ဖူးခဲ့တဲ့ မေမေ့ရုပ်သွင်ကို မသိစိတ်ထဲမှာ စွဲလမ်းနေလိမ့်မယ်၊ ဒါကြောင့်သာ စိမ်းဝါကို မြန်မြန်မြင်ချင်း မောင် စိတ်ဝင်စားမိတာ နေမှာ"

မောင့်ဖေဖေက စိမ်းဝါ့ဇာတိကို မေးသည်ဟု ဆို၏။ "စိမ်းဝါတို့ မိဘတွေနဲ့ မေမေတို့နဲ့ ဆွေမျိုးများ တော်နေမလားလို့ သိချင်တယ်နဲ့ တူပါတယ်၊ ဒါပေမယ့် မဖြစ်နိုင်ပါဘူး၊ မေမေတို့က မော်လမြိုင်ဘက်ကပဲ" ဟု မောင်က ပြောသည်။

မောင့်ဖေဖေက စိမ်းဝါနှင့် အေးအေးဆေးဆေး တွေ့ချင်သေးတယ်၊ ခေါ်ခဲ့ပါဟု ဆိုကြောင်း မောင်က ပြောပြသောအခါ အိမ်ကို လိုက်သွားဖို့ သင့်တော်ပါ့မလားဟု တွက်ဆမိသေးသည်။

မောင်က တွင်တွင်ခေါ်နေသောကြောင့် တစ်ကြောင်း၊ မောင့်ဖေဖေ၏ဆန္ဒကို မငြင်းပယ်လိုသောကြောင့် တစ်ကြောင်း လိုက်လာခဲ့၏။ မောင်တို့ ခြံဝင်းထဲကို ကားဝင်လာတော့ စိတ်လှုပ်ရှားမိသေးသည်။

"ဖြစ်ပါ့မလား မောင်ရယ်"

ဟု ပြောမိသည်။ မောင်က. . .

"ဘာလဲ၊ မောင်က ညာခေါ်လာတာလို့ ထင်လို့လား၊ မောင် ဒါမျိုး မလုပ်တတ်ဘူး"

"ဟုတ်ပါတယ် မောင်ရယ်၊ မောင့်ဖေဖေနဲ့ တွေ့ရမှာ လန့်နေလို့ပေါ့"

"ဖေဖေနဲ့ စကားပြောကြည့်ပြီးရင် စိမ်းဝါ သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပါ၊ ဖေဖေက သိပ်ပွင့်လင်းတယ်"

ခြံဝင်းက အတော်အသင့် ကျယ်သည်။ ပန်းခြံထဲမှာ ပန်းမျိုးစုံ စိုက်ပျိုးထားသည်။ တိုက်က ခေတ်မီပုံစံတော့ မဟုတ်။ သို့ရာတွင် လွန်ခဲ့သော နှစ်သုံးဆယ်လောက်က ပစ္စည်းပေါပေါများများဖြင့် ထုထည်ကောင်းကောင်း ဆောက်ထားသော ခံ့ညားသည့် ပုံစံ ဖြစ်၏။

ဆင်ဝင်အောက်မှာ ကားရပ်လိုက်ချိန်တွင် ထူးခြားမှု တစ်ခုကို စိမ်းဝါ သတိပြုမိသည်။ ငွေကြေးချမ်းသာသောသူ အများအပြားတို့၏ တိုက်တွေလို သံတံခါးတွေ ပိတ်ပြီး သော့ခတ်ထားတာ မတွေ့ရ။ တံခါးပေါက်ကို ဟင်းလင်းဖွင့်ထားသည်။

အိမ်ထဲ ဝင်လာတော့လည်း ဧည့်ခန်းကို လှလှပပ ပြင်ဆင်ထားခြင်း မရှိကြောင်း တွေ့ရပြန်သည်။ ဧည့်ခန်းက အတော်ကျယ်သည်။ တကယ်တော့ ဧည့်ခန်းဟူ၍တောင် ခေါ်လို့မရ။ အောက်ထပ်တစ်ခြမ်း သာသာလောက်ကို အခန်းကျယ်ကြီးအဖြစ် ပြုလုပ်ထားခြင်း ဖြစ်၏။

အလုပ်နှင့် သက်ဆိုင်ဟန်တူသော ပစ္စည်းတွေကို ဟိုတစ်စု ဒီတစ်စု ချထားသည်။ ထင်းရှူးသေတ္တာကြီးတွေ၊ ဆလိုက် မီးမောင်းကြီးတွေ၊ ရောင်ပြန်စက္ကူတွေ တပ်ထားသော သစ်သားချပ်ကြီးတွေ၊ ထောင့်တစ်ထောင့်မှာ ရုပ်ရှင်ပြစက်တစ်လုံး၊ ပိတ်ကားငယ် တစ်ခု၊ ဖလင်ရစ်သည့် ဘီးဝိုင်းတွေ၊ ဖလင်ပုံးတွေ၊ ဘေးမှာလည်း ဖလင်ဖြတ်စကလေးတွေ မွနေသည်။

ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်ကို သူများတွေလို မှန်အိမ်နှင့် ထည့်မထားဘဲ စားပွဲဟောင်းတစ်လုံးပေါ်မှာ တင်ထား၏။





တစ်နေရာမှာတော့ ဆိုဖာကုလားထိုင် အသစ်စက်စက်တွေ။ ဧည့်သည်တွေ ထိုင်ဖို့တော့ မဟုတ်။ 'မထိုင်ရ၊ ရုပ်ရှင်ရိုက်ရာတွင် သုံးရန်' ဟူသော စာတန်းကို ချိတ်ဆွဲထားသည်။ ဧည့်သည်တွေအတွက်ကတော့ အိမ်တိုင်းလိုလိုမှာ တွေ့ရတတ်သော သာမန်ကြိမ်ကုလားထိုင်များသာ ဖြစ်၏။

မျက်နှာကြက်မှာ ပုံစံခပ်ရိုးရိုး ပန်ကာတစ်လုံး ရှိပြီး မဖွင့်တာ ကြာသောကြောင့် ပင့်ကူအိမ်တွေ ငြိတွယ်နေသည်။

"အလုပ်ကလည်း များ၊ ယောက်ျားတွေချည်းပဲ နေတဲ့အိမ်ဆိုတော့ ရှုပ်ပွနေတာပဲ စိမ်းဝါရယ်၊ နောင် အိမ်ရှင်မ ရှိလာတော့မှ သပ်သပ်ရပ်ရပ် ပြင်ဆင်နိုင်မှာပဲ"

ဟု မောင်က ပြုံး၍ ပြောသည်။

အိမ်ရှင်မ ဆိုတော့မှ စိမ်းဝါ ဖြတ်ခနဲ သတိရသည်။ မောင့်မေမေ၏ ဓါတ်ပုံဆိုတာ။ မိမိနှင့် တူသည်ဆိုသော အမျိုးသမီးကြီး။

နံရံတွေပေါ် လျှောက်ကြည့်မိ၏။ မောင်က ရိပ်မိပြီး. . .

"လာ. . . မေမေ့ဓါတ်ပုံ ပြမယ်"

ဆိုပြီး သုံးထပ်သားဖြင့် ကန့်၍ ကာထားသော အခန်းကလေး တစ်ခန်းထဲ ခေါ်သွားသည်။

မောင့်ဖေဖေ၏ အလုပ်ခန်း ဖြစ်လိမ့်မည်။ စားပွဲရှည်ကြီး တစ်လုံးနှင့် ကုလားထိုင် သုံးလေးလုံး ရှိသည်။ စားပွဲပေါ်မှာ စာရွက်စာတမ်းတွေ ဖလင်လိပ်တွေနှင့် ပြည့်ကျပ်နေသည်။

နံရံမှာလည်း စာရွက်တွေကို ကလစ်နှင့် ညှပ်ပြီး ချိတ်ထားသည်။ ကုလားထိုင်၏ နောက်တည့်တည့် အထက်ဘက်နားမှာတော့ ဓာတ်ပုံတစ်ပုံ ချိတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်မေမေ၏ပုံပင် ဖြစ်၏။ ဆယ်လက်မ × ဆယ့်နှစ်လက်မအရွယ် ကိုယ်တစ်ပိုင်းပုံ။ ထိုဓာတ်ပုံကို ရိုက်စဉ်က အသက်နှစ်ဆယ်ကျော်လောက် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ အကျႌလက်ရှည် ရင်ဖုံး ဝတ်ထားသည်။ ကျစ်ဆံမြီး ကျစ်ပြီးမှ ပြန်ထုံးထားသော ဆံထုံးနှင့် ဖြစ်၏။ ဣန္ဒြေရရ ပြုံးယောင်ယောင် မျက်နှာထားနှင့်။

စိမ်းဝါသည် သူ့ရုပ်ကို သူ့ဘာသာ အလွတ် မှတ်မိလှသည်တော့ မဟုတ်။ သို့ရာတွင် မောင့်မေမေ၏ပုံသည် သူနှင့်ဆင်သည်ကိုတော့ သိနေ၏။

"ဘယ်လိုလဲ စိမ်းဝါ"

မင်းလွင်ဦးက မေးသည်။

"မပြောတတ်ဘူး မောင်ရယ်၊ စိမ်းဝါရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားတာပဲ"

"ဖေဖေနဲ့ တွေ့ရင်. . ."

ဟု ပြောနေတုန်း. . .

"သားတို့က ဒီရောက်နေတာကိုး၊ ဓါတ်ပုံ လာကြည့်တာလား"

ဟု ပြောလိုက်သည့် ဦးသိန်းဦးအသံကို ကြားရသဖြင့် လှည့်ကြည့်မိကြသည်။ စိမ်းဝါသည် ဓါတ်ပုံနှင့် ဘေးချင်းယှဉ်ရပ်လျက် ရှိနေသည်။ ဦးသိန်းဦးက. . .

"တကယ်ပါပဲကွာ"

ဟု ပြောရင်း မျက်နှာပေါ်မှာ ဆွေးရိပ်သန်းသွားသည်။

စိမ်းဝါသည် သူနှင့် တူသည်ဆိုသော အမျိုးသမီးကြီး တစ်ယောက်၏ ခင်ပွန်းဖြစ်သူနှင့် သားဖြစ်သူတို့ရှေ့မှောက်မှာ





ငါ ရောက်နေတာပါလားဟု တွေးမိပြီး အနေရခက်လာသည်။

"ကဲ. . . ဧည့်ခန်းမှာ ထိုင်ရအောင်"

ဦးသိန်းဦးက ပြောပြီး ဦးဆောင် ခေါ်သွားသည်။

ကုလားထိုင်များမှာ ထိုင်မိကြပြီးနောက် စိမ်းဝါကို တစ်ခုခု တိုက်ဖို့ သတိရဟန် တူသည်။ ခိုင်းရမည့်သူကို ခေါ်မည်အပြု အတွင်းဘက်မှ ထွက်လာသော မောင့်ကိုကိုအား မြင်လိုက်သည်။

"အတော်ပဲ ကျော်လွင်ဦး၊ မင်းပဲ အအေးတစ်ခုခု ယူလာခဲ့ပေးစမ်းပါ"

"ဖေဖေရော သောက်မှာလား"

"အေး"

"မင်းကော"

မင်းလွင်ဦးက ခေါင်းခါပြသည်။

သူတို့တတွေမှာ ခိုင်းစရာရှိလျှင် အစေအပါးတွေကိုပဲ ခိုင်းပြီး ဇိမ်နဲ့ နေတတ်သူမျိုးတွေ မဟုတ်ပါလားဟု စိမ်းဝါ သိလိုက်ရပြန်၏။

ကျော်လွင်ဦးက လိမ္မော်ရည်နှစ်ပုလင်းနှင့် ဖန်ခွက်နှစ်လုံး ယူလာသည်။ မင်းလွင်ဦးက ဖန်ခွက်တွေထဲ ငှဲ့ထည့်ပြီး သူ့အဖေကို တစ်ခွက်၊ စိမ်းဝါကို တစ်ခွက်ပေးသည်။

ကျော်လွင်ဦးကတော့ ဒီစကားဝိုင်းထဲ ဝင်ထိုင်မည့်ပုံ မပေါ်။ မိုးတိုးမတ်တတ်ပင် ရှိနေ၏။

ဦးသိန်းဦးက ကျော်လွင်ဦးကို. . .

"ဟောဟိုက ခွေးခြေဆွဲပြီး အဲဒီနားမှာ ထိုင်စမ်းကွာ"

ဟု ပြောသည်။ ကျော်လွင်ဦးလည်း ဘုမသိဘမသိနှင့် ခိုင်းသည့်အတိုင်း လုပ်ရသည်။ စိမ်းဝါဘေးနားမှာ ထိုင်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

"သူတို့နှစ်ယောက် မောင်နှမဆို ယုံကြမယ်ကွ"

မင်းလွင်ဦးကို ပြောသည်။ စိမ်းဝါ ရှက်သွေးဖြာသွားပြန်၏။ ကျော်လွင်ဦးလည်း ရှုံ့တုံ့ရှုန့်တန့် ဖြစ်သွားသည်။

"ကျွန်တော် မြဇော် ရုပ်ရှင်ခြံထဲ သွားလိုက်ဦးမယ်၊ ကားထုပ်တွေ ကူးဖို့ကိစ္စ"

ပြောပြီး ထရပ်လိုက်သည်။ မင်းလွင်ဦးက ကားယူသွားပါလားဟု ပြောသည်။

"နေပါစေကွာ၊ မင်းတို့ သုံးစရာ ရှိသေးတယ် မဟုတ်လား၊ ညနေကြုံရင်သာ ငါ့ကို ဝင်ကြို"

ကျော်လွင်ဦး ထွက်သွားသည်။ ဦးသိန်းဦးသည် လိမ္မော်ရည်ကို တစ်ငုံချင်း ဣန္ဒြေရရ သောက်နေသော စိမ်းဝါကို ကြည့်ရင်း စိတ်ဝင်စားမှုအရှိန် မြင့်လာသည်။

"သမီးအသက် ဘယ်လောက် ရှိပြီလဲ"

ရုတ်တရက်မို့ စိမ်းဝါ ချက်ချင်းမဖြေနိုင်။ ဖန်ခွက်ကို စားပွဲပေါ် ပြန်ချပြီးမှ...

"နှစ်ဆယ့်သုံးနှစ်ပါ"

"နှစ်ဆယ့်သုံးနှစ်၊ အင်း...ဟုတ်ပြီ၊ ဒါဆို ခြောက်ဆယ့်ငါးခုနှစ် မွေးတာပေါ့"

"ဟုတ်ကဲ့"

ဦးသိန်းဦး စိတ်လှုပ်ရှားလာပုံ ရသည်။ ာက်မေးရမည့် မေးခွန်းမှာ သူ့အတွက် အရေးကြီးသည်။

"ဘယ်လလဲ"

"မတ်လပါ"





ဦးသိန်းဦးသည် မျက်မှောင်တစ်ချက် ကုတ်ပြီး စဉ်းစားနေသည်။ သူ့လက်ကလည်း တစ်ခုခု ရေတွက်နေသလို လက်ချောင်းကလေးတွေ ချိုးနေ၏။ ပြီးတော့...

"မဟုတ်သေးပါဘူး၊ ဒါနဲ့ ဒီမွေးလက အမှန်ပဲလား၊ ဒီလိုလေ၊ ကျောင်းနေရတာ အဆင်ပြေအောင် အသက်လိမ်ထားတာများလားလို့"

ဘာကြောင့် ဒီလောက် စစ်စစ်ပေါက်ပေါက် မေးနေတာလဲဟု စိမ်းဝါ နားမလည်သော်လည်း...

"မတ်လက အမှန်ပါပဲ"

ဟု ပြောလိုက်သည်။ ဦးသိန်းဦးမျက်နှာမှာ စိတ်ဓါတ်ကျသွားသည့်အသွင်မျိုး ဖြစ်လာ၏။ သို့ရာတွင် အားမလျှော့သေးသော အမူအရာဖြင့်...

"သမီးက လမစေ့ဘဲ မွေးတာ ထင်တယ်"

"ရှင်"

"ဩော်...လမစေ့ဘဲ စောမွေးခဲ့တာလားလို့ မေးတာ"

"မ...မဟုတ်ပါဘူး"

ဦးသိန်းဦး သက်ပြင်းချလိုက်သည်။ မင်းလွင်ဦးက ဝင်ပြောသည်။

"ကျွန်တော် ပြောသားပဲ ဖေဖေရာ၊ မဖြစ်နိုင်ပါဘူးလို့"

ဦးသိန်းဦးက မင်းလွင်ဦးကို မကျေမနပ် တစ်ချက်ကြည့်လိုက်သည်။ ပုလင်းထဲမှာ တစ်ဝက်နီးပါး ကျန်နေသော လိမ္မော်ရည်ကို ထပ်မသောက်တော့ဘဲ...

"ကဲ ကဲ စကားပြောကြဦး၊ ဖေဖေ အလုပ်ရှိသေးတယ်"

ဆိုပြီး ထထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဘာတွေ ဖြစ်ကုန်တာလဲဆိုတာ မင်းလွင်ဦးကို မေးကြည့်ရတော့သည်။ မင်းလွင်ဦးလည်း သူ့အဖေရှေ့မှာ ကျွန်ုပ်ဆည်နေခဲ့ရသဖြင့် ခုမှပင် ရယ်မောနိုင်တော့သည်။ သူက ပြောပြသည်။

"ဖေဖေက စိမ်းဝါဟာ မေမေ ဝင်စားတာလို့ မျှော်လင့်နေခဲ့တာ"

"ဟယ်. . . တော့"

"ဒါကြောင့် စိမ်းဝါရဲ့ မွေးသက္ကရာဇ်ကို စစ်စစ်ပေါက်ပေါက် မေးနေတာပေါ့။ အမှန်ကတော့ ဖေဖေ ထင်သလို မဖြစ်နိုင်ပါဘူး။ မေမေ ဆုံးတဲ့အချိန်မှာ စိမ်းဝါက စိမ်းဝါတို့မေမေ ဗိုက်ထဲမှာ သုံးလေးလတောင် ရှိနေပြီပဲ၊ ဒါကို ဖေဖေက လက်မခံချင်သေးဘူးလေ၊ ဒါကြောင့် စိမ်းဝါကို အသက်လိမ်ထားတာ မဟုတ်လား၊ လမစေ့ပဲ မွေးတာ ဖြစ်မှာပါဆိုပြီး ဆက်မေးနေတာပေါ့"

"ဒါဆို သူထင်သလို မဟုတ်လို့ မောင့်ဖေဖေ စိတ်မကောင်း ဖြစ်သွားတာပေါ့နော်"

"အင်း ဒီလိုပဲ ပြောလို့ရပါတယ်၊ အစကတော့ မောင်တစ်မျိုးတောင် စဉ်းစားခဲ့သေးတယ်၊ ဖေဖေ စိတ်ကျေနပ်အောင်သူ ဖြစ်စေချင်တဲ့အတိုင်း စိမ်ဝါရဲ့အသက် လိမ်ပြီး ပြောခိုင်းမလို့"

"မောင့်ဖေဖေ စိတ်ချမ်းသာမယ်ဆိုရင် ပြောပေးပါတယ်၊ အင်းလေ. . . ဒါလည်း မကောင်းပါဘူး၊ လူကြီးကို တပတ်ရိုက်သလို ဖြစ်နေမှာပေါ့၊ တကယ်လို့ နောက်ပိုင်းမှာ ‌ အမှန်ကို သိသွားရင် မောင်နဲ့ သဘောမတူမှာစိုးလို့ စိမ်းဝါက လိမ်ပြောတယ်ထင်သွားမှာ"

ပြန်ခါနီးကျတော့ ဦးသိန်းဦး၏ အလုပ်ခန်းထဲ ဝင်ပြီးနှုတ်ဆက်သည်။ ထင်သလို ဖြစ်မလာသဖြင့် ဦးသိန်းဦးက သူ့အပေါ် ဟက်ဟက်ပက်ပက်မှ ရှိပါတော့မလားဟု စိမ်းဝါ စိုးရိမ်မိသေးသည်။

တကယ်တော့ ဦးသိန်းဦးသည် သူ့ဇနီးကို သတိရပြီးမျက်နှာညှိုးငယ်သွားတာ လူငယ်တွေ မမြင်စေချင်သောကြောင့်သာ ရှောင်ထွက်လာခြင်း ဖြစ်၏။

စိမ်းဝါက နှုတ်ဆက်သောအခါ ဖျာဖျာသလဲ ထပြီး ထွက်လာသည်။ စိမ်းဝါကို ကားနားအထိ လိုက်ပို့သည်။

"နောက်လည်း မကြာမကြာ လာလည်ပါ သမီးရယ်၊ သမီးအတွက် အမြဲတမ်း တံခါးဖွင့်ထားပါတယ်"

ကားထွက်လာပြီး ခြံဝရောက်သောအခါ စိမ်းဝါ တစ်ချက်လှည့်ကြည့်သည်။ အိမ်ရှေ့မှာ မားမားကြီး ရပ်ပြီး ငေးကြည့်ရင်းကျန်ခဲ့သည့် ဦးသိန်းဦးကို တွေ့ရ၏။







www.burmeseclassic.com

www.burmeseclassic.com



စိမ်းဝါ သူ့မြို့ကို တစ်ခေါက်ပြန်ခဲ့သည်၊ အမေ့ကို လွမ်းသည့် အကြောင်းက ပဓာန ဖြစ်၏။

နောက်တစ်ခုကတော့ သူနှင့် မင်းလွင်ဦးတို့အကြောင်း အမေ့ကို ဖွင့်ပြောပြလိုခြင်းပင်။ ခုလို ဖွင့်ပြောဖို့ စောသေးသည်ဟု ဆိုကောင်း ဆိုနိုင်သည်။ သို့ရာတွင် အမေတစ်ခု သမီးတစ်ခုမို့ အသိပေးထားသင့်သည်ဟု ထင်၏။

အမေက သဘောမတူဘူးလို့တော့ ပြောမှာ မဟုတ်။ မောင်က ချမ်းသာသောအချက်ကိုသာ ဘဝင်မကျ ရှိကောင်းရှိမည်၊ ရန်ကုန်သား သူဌေးသားတစ်ယောက်က သူ့သမီးကို အတည်ကြံတာမှ ဟုတ်ရဲ့လားဟု သံသယ ဖြစ်နိုင်တာ သဘာဝကျသည်။

ဒါကလည်း အရေးမကြီး။ ရှင်းပြလိုက်လျှင် အမေ နားလည်သွားနိုင်သည်။ အမေက သူ့ကို စိတ်ချယုံကြည်ပြီးသား။

အမေနှင့် တွေ့လိုသည့် နောက်အချက်တစ်ချက်က ကား





ဂိတ်ကို လိုက်ပို့ရင်း မောင် ပြောခဲ့သည့် ကိစ္စအတွက်ဖြစ်၏။ ကားမထွက်ခင် အအေးဆိုင်မှာ ထိုင်ကြရင်း မောင်က ပြောသည်။

"ဟိုမှာ ဘယ်လောက် ကြာမှာလဲဟင်"

လွန်ခဲ့သော လေးငါးရက်က မြို့ကို ခဏပြန်ဦးမယ်ဟု စိမ်းဝါက ပြောစဉ်ကလည်း ဒီမေးခွန်းကို မေးခဲ့သေးသည်။ စိမ်းဝါကလည်း အဲဒီတုန်းက ဖြေသလိုပင်. . .

"တိတိကျကျ မပြောနိုင်သေးဘူး၊ အမေနဲ့ မတွေ့ရတာလဲ ကြာပြီ"

"ပျော်သလောက် နေမယ် ဆိုပါတော့"

"ဘယ်လိုလုပ်ပြီး ပျော်သလောက်လို့ ပြောလို့ရမှာလဲ"

"စိမ်းဝါတို့အမေနဲ့ တွေ့ရတော့မှာ မဟုတ်ဘူးလား"

စိမ်းဝါက ခဏစဉ်းစားပြီး. . .

"အင်းလေ. . . အမေနဲ့ တွေ့တဲ့အတွက် ပျော်သလောက် နေမယ်၊ မောင်နဲ့ ခွဲနေရတဲ့အတွက် လွမ်းသလောက် နေမယ်၊ အဲဒီလို ပြောတာ ကောင်းမယ် ထင်ပါရဲ့"

"မောင့်အနေနဲ့လည်း မြန်မြန်ပြန်လာပါလို့ မပြောကောင်းဘူးလေ၊ စိမ်းဝါရဲ့အမေနဲ့ မြန်မြန်ပြန်ခွဲလာခဲ့ပါလို့ ပြောရာကျမှာကိုး၊ လူမှုရေးအရတော့ ပျော်သလောက် နေပါလို့ ပြောရမှာပေါ့၊ ရင်ထဲကတော့. . ."

"စိမ်းဝါ နားလည်ပါတယ်၊ ပြန်လာလို့ သင့်တော်မယ့် အချိန်ကျရင် တစ်ရက်တောင် မဆိုင်းဘဲ ပြန်လာမယ်၊ ဟုတ်ပြီလား"

စိမ်းဝါက နှစ်သိမ့်သည့် လေသံဖြင့် ပြောသည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com


တော့ မင်းလွင်ဦးတို့သာ မဟုတ်၊ သူ့ကိုယ်သူပါ နှစ်သိမ့်လိုက်ခြင်းပင်။

"မောင်တို့ကိစ္စ စိမ်းဝါတို့အမေကို ဖွင့်ပြောလိုက်မှာလား"

"အင်းပေါ့"

"သဘောတူပါ့မလား"

"မောင်ကပဲ စိုးရိမ်နေရသေးလားဟင်"

"စိုးရိမ်ရတာပေါ့၊ သဘောမတူဘူးဆိုတာ မိန်းကလေးရှင်ဘက်က အများဆုံး ဖြစ်တတ်တာပဲဟာ"

"စိမ်းဝါ ချစ်တဲ့သူဆိုရင် အမေကလည်း သဘောတူမှာပါ၊ မောင် စိတ်အေးလက်အေး နေစမ်းပါ"

မင်းလွင်ဦးက နာရီကို ကြည့်သည်။ ကားထွက်ဖို့ နာရီဝက်လောက် လိုသေးသည်။ မင်းလွင်ဦးကတော့ နာရီဝက်ဆိုတာ ခဏလေးနဲ့ ကုန်သွားမှာဟု ထင်နေသည်။

"မောင် တစ်ခု ပြောစရာ ရှိသေးတယ်"

ဟု အလျင်စလို ပြောလိုက်၏။ ဆက်၍...

"စိမ်းဝါ ရန်ကုန်မှာ လာနေရတဲ့အကြောင်းထဲမှာ အလုပ်ရှာဖို့ဆိုတာလည်း ပါတယ် မဟုတ်လား"

စိမ်းဝါက ခေါင်းညိတ်သည်။

"ဘာလုပ်မယ် စိတ်ကူးလဲ"

"စိမ်းဝါ အခြေအနေက ကိုယ်က အလုပ်ကို ရွေးရမှာ မဟုတ်ဘူးလေ၊ အလုပ်က ကိုယ့်ကို ရွေးရမှာပဲဟာ၊ မလွယ်ပါဘူး မောင်ရယ်၊ စိမ်းဝါက ဘွဲ့လည်း မရသေး၊ အဆက်အသွယ်လည်း မရှိ၊ အလုပ်ခေါ်တာ တွေ့လို့ သွားလျှောက်လိုက်ရင် အားလုံးလိုလိုက ဘွဲ့ရတွေချည်း ဖြစ်နေတာ"



"အစိုးရအလုပ် ရမှ လုပ်မှာလား၊ အပြင်လုပ်ငန်းရော"

"ဒါတော့ မပြောနိုင်သေးဘူး"

"မောင် စိတ်ကူးတစ်ခု ရလို့ အေးလေ မောင့်စိတ်ကူး မဟုတ်ပါဘူး၊ ဖေဖေ့ကို စိမ်းဝါ အလုပ်ရှာတဲ့အကြောင်း ပြောပြတော့ ဖေဖေက စိမ်းဝါကို အလုပ်ပေးမလို့တဲ့"

"ဘယ်လို၊ မောင့်ဖေဖေက..."

"ဟုတ်တယ်၊ မောင်တို့ ကုမ္ပဏီမှာ လုပ်ရမှာ ဒီလိုကွာ၊ ရုပ်ရှင်လုပ်ငန်းမှာ ထုတ်လုပ်ရေးနဲ့ ဖြန့်ချိရေးဆိုပြီး နှစ်ပိုင်းရှိတယ်၊ ထုတ်လုပ်ရေးဆိုတာက ဇာတ်ကားတစ်ခုကို ရိုက်တာ ကူးတာ ဆေးတာ၊ ပြလို့ရတဲ့အဆင့်ထိ ဆိုပါတော့၊ ဖြန့်ချိရေးဆိုတာတော့ အဲဒီဇာတ်ကားကို ရုံတင် ပြသဖို့ စီစဉ်ရတာ၊ နယ်က ရုပ်ရှင်ရုံတွေကို ငှားတာ စသဖြင့်ပေါ့လေ၊ မြို့ထဲမှာ မောင်တို့ရဲ့ ဖြန့်ချိရေး အလုပ်တိုက် ရှိတယ်၊ အဲဒီမှာ စိမ်းဝါ လုပ်ရမှာ"

"ဟင်...စိမ်းဝါ ဘာမှ မလုပ်တတ်တာ"

"နောက်တော့ လုပ်တတ်လာမှာပေါ့၊ လောလောဆယ်တော့ ပညာသင်သဘောမျိုး လုပ်ရင်း လေ့လာရမှာပေါ့၊ သိပ်မခဲယဉ်းပါဘူး၊ နောက်ပိုင်းကျတော့ စိမ်းဝါက မန်နေဂျာအဖြစ် တာဝန်ယူရမှာပေါ့"

စိမ်းဝါ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့သောကိစ္စ ဖြစ်၏။

"မဖြစ်နိုင်ပါဘူး မောင်ရယ်၊ စိမ်းဝါ ဘာမှ နားလည်မှာ မဟုတ်ဘူး"

"နားမလည်ရင်လည်း နားလည်အောင် လုပ်ထားရမှာပေါ့၊ မောင်တို့ လက်ထပ်ပြီးရင် စိမ်းဝါ ဒီအလုပ်ကို လုပ်လို့ လုပ်ရမှာ မဟုတ်လား၊ ဒီနေရာက သိပ်အရေးကြီးတယ် လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်စိတ်ချရတဲ့လူကိုပဲ ထားရတာ၊ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းရဲ့ ဝင်ငွေရတဲ့အပိုင်း ဖြစ်နေလို့ပဲ"

"စိမ်းဝါ စဉ်းစားလေ၊ စိမ်းဝါတို့ အမေနဲ့လည်း တိုင်ပင်ဦးပေါ့" ဟု မောင်က ထပ်ပြောလိုက်သည်။

စိမ်းဝါသည် သူ့ကံတရား ထူးခြားပုံကို အံ့သြသလိုပင် ဖြစ်နေ၏။ မထင်မရှား နယ်မြို့လေးတစ်မြို့က အသင့်အတင့်လောက်သာ ရုပ်ရည်ရှိတဲ့ မိန်းကလေးတစ်ယောက်၊ သာမန် အဆင့်အတန်းမျှသာ ရှိသူ။ ဒီလို မိန်းကလေးတစ်ယောက်ကို ရန်ကုန်မြို့က နာမည်ကြီး ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၏သား လူချောလူလှ တစ်ယောက်က စွဲစွဲလမ်းလမ်း ချစ်နေမိသည်။

ထိုမျှမက ထိုသူ၏ဖခင်ကပါ သဘောတူသည်။ ထို့အပြင် ကွယ်လွန်သူ ဇနီးနှင့် တူပါသည် ဆိုပြီး အရေးတယူ ဆက်ဆံသည်။ ခုတစ်ခါ သူတို့လုပ်ငန်းကြီး၏ အရေးပါသောနေရာမှာပါ အလုပ်ခန့်ချင်သေးသတဲ့။

ဒါတွေ အမေ သိလျှင် ဘယ်လောက် အံ့သြမလဲ။ ယုံတောင် ယုံမှာမဟုတ်။ တကယ်တော့ သူနှင့် မင်းလွင်ဦးတို့ အကြောင်းကို အမေက သိနှင့်နေခဲ့တာကို ဟိုရောက်တော့ သိလိုက်ရတော့သည်။

သူရောက်သွားတော့ အမေ အရမ်းဝမ်းသာနေတာ တွေ့ရသည်။ လပေါင်းအတန်ကြာ ခွဲနေခဲ့ရသည် မဟုတ်လား။ အမေက ရန်ကုန်မှာ နေရထိုင်ရ အဆင်ပြေရဲ့လား၊ ဦးခင်မောင်မြင့်တို့ ဒေါ်လေးနွယ်တို့ နေကောင်းလား စသည်ဖြင့် မေးသည်၊ ထိုအကြောင်းတွေ လျှောက်မေးနေသော်လည်း အမေ တစ်ခုခု ပြောချင်တာ ရှိကြောင်း စိမ်းဝါ ရိပ်မိနေသည်။





ညနေကျတော့ အမေက စိမ်းဝါ ကြိုက်တတ်သော မြူစွက်သုပ်နှင့် ထမင်းကျွေးသည်။ အိမ်ရှေ့ ကပြင်ကလေးမှာ ထိုင်စကားပြောကြရင်း တစ်ချိန်တွင် အမေ ထူးထူးခြားခြား တည်ငြိမ်သွားသည်။

အတန်ကြာ နှုတ်ဆိတ်နေပြီးမှ. . .

"ညည်းမှာ ရည်းစားတွေဘာတွေ ရှိနေပြီဆို"

ဟု မေးသည်။ အမေ့ကို ဖွင့်ပြောဖို့ စိတ်ကူး ရှိနေခဲ့ပြီးသား ဖြစ်ပါလျက် ခုလို အမေက စမေးလာသောအခါ ဘယ်လို ဖြေရမှန်းမသိ ဖြစ်သွား၏။

"အမေ့ကို ဘယ်သူပြောသလဲ"

ဟူ၍သာ မတင်မကျ ပြန်မေးသည်။

"ငါ့အမေ တောမှာ နေတာ ဘာမှ သိမှာမဟုတ်ဘူး ထင်ရင် မှားတော့မပေါ့ကွယ်"

မတတ်နိုင်တော့။ ဝန်ခံဖို့သာ ရှိ၏။

"ကျွန်မလည်း အမေ့ကို ပြောပြမလို့ပါပဲ"

စိတ်ထဲကတော့ အမေ ဘယ်လိုလုပ် သိတာလဲ။ ဘယ်သူ ပြောလို့ သိသလဲဟု အဖြေရှာကြည့်နေသည်။ ဦးဦးတို့ ဒေါ်လေးနွယ်တို့များလား။

"ညည်း ဒီလောက် မိုက်လိမ့်မယ်လို့ အမေ မထင်ခဲ့ဘူး"

အမေက အပြစ်တင်သည်။ အမေ ဆူသမျှ ခံလိုက်မည်၊ ပြီးမှ အေးအေးဆေးဆေး ရှင်းပြမည်ဟု စိတ်ကူးလိုက်၏။

"ဒါနဲ့ သူတို့က ဘိုင်စကုပ်ကုမ္ပဏီ ထောင်ထားတယ်ဆို၊ ချမ်းသာတယ်ဆို"

"ဟုတ်ပါတယ် အမေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုင်စတုပ်အလုပ် လုပ်တဲ့လူတွေဟာ မင်းသမီးတွေ ဘာတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်တတ်တယ် ကြားဖူးတယ်"

"သူတ ဒါမျိုးမဟုတ်ပါဘူး"

"ညည်း ဘယ်လိုလုပ် သိသလဲ"

"သူက ဦးဦးတို့ ဒေါ်လေးနွယ်တို့နဲ့ ခင်ပါတယ်၊ သူ့အကြောင်း ဦးဦးတို့ ကောင်းကောင်း သိပါတယ်၊ ဦးဦးတို့ရှေ့တင် ကြီးလာတာပဲတဲ့၊ မေမေ မယုံရင် ဒေါ်လေးနွယ်ဆီ စာရေး မေးကြည့်ပါ"

"သြော်. . . ဒီလိုကိုး၊ မိနွယ်က အောင်သွယ်ပေးတာပေါ့၊ ဟုတ်စ"

"ဒီလိုတော့လည်း မဟုတ်ပါဘူး"

"နေစမ်းပါဦးအေ၊ သူတို့လို လူချမ်းသာက ညည်းကို အတည်ကြံတာပါဆိုတာ ဘယ်လိုလုပ် ယုံရမှာလဲ"

စိမ်းဝါက သူနှင့် မင်းလွင်ဦးတို့အမေ ရုပ်ချင်းဆင်ပုံက အစ သူတို့ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ ကမ်းလှမ်းသည်အထိ ရှင်းပြလိုက်ရ၏။

"နားရှိလို့သာ ကြားရတယ်၊ ယုံရခက်ခက်ပဲ"

"အမေက ကျွန်မကို ယုံတယ် မဟုတ်လား"

နောက်ဆုံးတော့ ဒီစကားနဲ့ပဲ အမေ့ကို အနိုင်ယူရတော့သည်။ တကယ်တော့ အမေကလည်း သူ့ကို ယုံကြည်စိတ်ချလို့သာ ရန်ကုန်မှာ နေခွင့်ပြုခဲ့ခြင်းပင်။

"အေးပေါ့လေ၊ ညည်းရဲ့ ကုသိုလ်ကံက ဖန်တီးလာတယ်ပဲ ပြောရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဣန္ဒြေကိုတော့ မထိပါးအောင် နေပါကွယ်"





"စိတ်ချပါ အမေရယ်၊ ကျွန်မ ဒီလောက် မမိုက်မဲပါဘူး၊ သူကလည်း ဟော့ဟော့ရမ်းရမ်း မဟုတ်ပါဘူး"

အမေ စိတ်ကျေနပ်သွားပုံ ရသည်ဟု ထင်၏။

ညဘက်ကျတော့ ငယ်သူငယ်ချင်းတွေ ရောက်လာသည်။ သူတို့ကလည်း မင်းလွင်ဦးအကြောင်း သိနေကြပြီ။

"မိစိမ်းဝါရယ် နင် ရန်ကုန်နဲ့ တည့်တယ် ထင်တယ်၊ တသွေးတမွေးနဲ့ ပိုတောင် လှလာသေးတယ်"

ခင်တုတ်က ပြောသည်။ ဖြူလှက. . .

"ဒါပေါ့ဟဲ့၊ သူဌေးကတော် ဖြစ်တော့မှာပဲဟာ"

"နင်တို့ကလည်းဟယ်၊ ဘာတွေ လျှောက်ပြောနေကြတာလဲ"

"ဗို့. . . မဟုတ်ဘူးလားလို့"

စိမ်းဝါက ပြန်မဖြေဘဲ ယောင်တောင်တောင် လုပ်နေသည်။

"နင် သိပ်ကံကောင်းတာပဲနော်၊ အေးလေ. . . နင် ငယ်ငယ်ကတည်းက ကန်ဦးဆရာတော်က ဟောထားတာပဲ၊ အထက်တန်းကျကျ နေရမယ့်ဇာတာ ပါတယ်လို့"

"ငါတို့ကတော့ ဝမ်းသာပါတယ်ဟာ၊ ငါတို့ကိုတော့ မေ့မထားပါနဲ့၊ ကူညီမစဖို့ ပြောတာ မဟုတ်ပါဘူး၊ တို့ဆီ လာလာလည်ဖို့ ပြောတာပါ"

"တော်စမ်းပါဟယ်၊ နင်တို့ကလည်း"

သို့တိုင်အောင် သူငယ်ချင်းတွေက အတင်းဝိုင်းမေးကြသဖြင့် မင်းလွင်ဦးအကြောင်းကို ပြောပြရသည်။ ကြွားဝါသည် သဘော မဖြစ်အောင်လည်း သတိထားရသေးသည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ စိမ်းဝါသည် ကြွားတတ်ဝါတတ်သူလည်း မဟုတ်ပါ။

ဓါတ်ပုံ မပါဘူးလား၊ ပါရင် ပြပါဟု တောင်းဆိုကြပြန်သည်။ မပါဘူးဟု ညာလိုက်မည်ဟု စိတ်ကူးသေးသည်။ ညာလို့ရမည်မထင်။ အမေ့ကို မောင့်ဓါတ်ပုံ ပြခဲ့သေးသည်။ ဒါကို သူတို့နောက် သိချင်သိမည်။ အမေကတော့ "အင်း. . . ရုပ်ရည်ကတော့ ခပ်သန့်သန့်ပဲ၊ ကြည့်ရတာ ရိုးသားပုံတော့ ပေါ်ပါတယ်" ဟု ပြောခဲ့သည်။

"ဟယ်. . . ချောတယ်တော့၊ မင်းသားတောင် လုပ်လို့ရတယ်"

"နင် ကြိုက်မယ်ဆိုလည်း ကြိုက်လောက်စရာပဲ"

စိမ်းဝါ ဂုဏ်ယူဝင့်ကြွားခြင်း မရှိသော်လည်း စိတ်ထဲကတော့ ကျိတ်၍ ကျေနပ်မိသည်။

မြို့မှာ ရက်နှစ်ဆယ် နေခဲ့စဉ်အတွင်း မောင့်ဆီက စာသုံးစောင် လာသည်။

စိမ်းဝါကလည်း စာသုံးစောင် ရေးဖြစ်သည်။ စိမ်းဝါ၏ စာတွေထဲမှာ သိပ်အချွဲအနွဲ့တွေ မပါ။ မောင့်ကို သတိရကြောင်း၊ အမေ့အကြောင်း၊ မြို့က သူငယ်ချင်းတွေအကြောင်း စသည်ဖြင့် တည်တည်ငြိမ်ငြိမ်ပင် ရေးထားသည်။

မောင့်စာတွေကတော့ စိမ်းဝါထက်စာလျှင် နည်းနည်းပိုသည်ဟု သိရ၏။ စာတစ်စောင်ထဲမှာ. . .

"စိမ်းဝါရေ၊ နောက်ကို ဓါတ်ပုံရိုက်ရင် ဆေးသားကောင်းကောင်း ဆိုင်မှာ ရိုက်ပါကွယ်၊ အခု မောင့်ကို ပေးခဲ့တဲ့ပုံက ဆေးသား ပါးလွန်းတယ်၊ အခါတစ်ရာလောက်ပဲ မွှေးမွှေးပေးရသေးတယ်၊ ဓါတ်ပုံဆေးသားတွေ ပွန်းကုန်ပြီ၊ မောင့်ဓါတ်ပုံကတော့





ဆေးသား သိပ်ကောင်းပါတယ်၊ တက္ကသိုလ် အေးမြင့်ကိုယ်တိုင် ရိုက်ပေးထားတာ၊ စိတ်ချလက်ချ မွှေးနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မင်းလွင်ဦးတို့ကိစ္စကို အမေနှင့် သူငယ်ချင်းများ သာမက မြို့က ဆွေမျိုးတွေပါ သိနေကြသည်။ ဘယ်သူက ကြိုကြို တင်တင် သတင်းဖြန့်လိုက်လို့များ သူ မရောက်ခင် သိနေကြပါ လိမ့်ဟု စုံစမ်းကြည့်သည်။

ခင်တုတ် ပြောပြမှ သိရ၏။ ကိုကျော်သက် မြို့ကို လာ သွားသေးသည် ဆိုတာနှင့် ဆက်စပ်ကြည့်ရသည်။ သူဖြန့်သွား သည့် သတင်းပင် ဖြစ်ရမည်။ ဘာကြောင့်များ ဒီသတင်းကို ဖြန့်ချင်ရပါလိမ့်။ စဉ်းစားလို့ မရချေ။





ရန်ကုန် ပြန်ရောက်ရောက်ချင်း မောင့်ဆီ ဖုန်းဆက် အကြောင်းကြားသည်။ မောင်က ချက်ချင်း အိမ်ကို ရောက်လာ သည်။ ပြန်လာမည့်ရက်ကို ကြိုမပြောရကောင်းလားဟု ဆူသေး သည်။

"ကြိုသိရင် ကားဂိတ်မှာ မောင် လာကြိုလို့ ရတာပေါ့"

"ကားဂိတ်ထိ လိုက်လာစရာမှ မလိုဘဲ၊ အိမ်နဲ့ နီးတဲ့ နေရာမှာ ဆင်းပြီး လာခဲ့တာကိုး"

"ဘာပဲဖြစ်ဖြစ်လေ၊ ဘယ်နေ့ ပြန်ရောက်မယ်ဆိုတာတော့ ပြောဖို့ကောင်းတယ်၊ တကယ်လို့ ခုန စိမ်းဝါ ဖုန်းဆက်တဲ့အချိန် မောင် အိမ်မှာ မရှိဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"ဪ. . . မောင် ပြန်ရောက်တော့ သိမှာပေါ့"

"အဲဒါဆို စိမ်းဝါကို နောက်ကျပြီးမှ တွေ့ခွင့်ရတော့မှာ ပေါ့၊ တစ်မိနစ်ပဲ စောပြီး တွေ့ရတွေ့ရ အမြတ်ပဲလေ"

"မောင့်ဆီ ဘယ်လိုလုပ် အကြောင်းကြားမလဲ၊ ကြည့်

www.burmeseclassic.com

လို့လည်း မိမှာမှ မဟုတ်ဘဲ"

"ဖုန်းဆက်ပေါ့"

"ဖုန်း ဟုတ်လား၊ စိမ်းဝါတို့ မြို့လေးမှာ တယ်လီဖုန်း ဘယ်နှစ်လုံး ရှိတယ် ထင်လို့လဲ၊ တောသူကို ကြိုက်ရင် ဒီလောက်တော့ သည်းခံရမှာပဲ မောင်ရေ"

"ကဲပါ. . . မောင် ကျေနပ်ပါပြီ၊ မောင်ကတော့ လောကကြီးမှာ သိပ်ကံကောင်းတဲ့လူပဲလို့ ကိုယ့်ကိုယ်ကို ထင်မိတယ်"

"ဘယ်လို ဖြစ်သွားရပြန်တာလဲ"

"ကြည့်လေ. . . မောင်တို့ နှစ်ယောက်ကို နှစ်ဖက်လူကြီးတွေက သဘောတူလိုက်ကြပြီ မဟုတ်လား"

"အမယ်၊ အမေက သဘောတူတယ်လို့ မပြောသေးပါဘူးနော်၊ သူ့သမီးကို သူ မနိုင်လို့ ကြည့်နေရတာ"

"သူ့သမီးကို မနိုင်ပေမယ့် သမက်ကိုတော့ နိုင်ရမှာပါလို့ မပြောလိုက်ဘူးလား၊ ဖေဖေကတော့ အရမ်းကို သဘောတူနေပြီ၊ စိမ်းဝါ သွားနေတုန်းကဆိုရင် ဘယ်တော့ ပြန်လာမှာလဲ၊ မလာသေးဘူးလားနဲ့၊ ခဏခဏ မေးတယ်၊ အခုလည်း မှာလိုက်တယ်၊ နက်ဖြန် အိမ်ကို လာလည်ပါဦးတဲ့၊ နောက်ပြီး ဟိုကိစ္စလည်း မေးခဲ့လို့ ပြောတယ်"

"ဘယ်ကိစ္စလဲ"

"မောင်တို့ အလုပ်တိုက်မှာ ဝင်လုပ်ဖို့လေ"

"ဒါတော့ မဖြစ်နိုင်ပါဘူး မောင်ရယ်"

"ဟင် ဘာလို့လဲ၊ စိမ်းဝါ လုပ်လိမ့်မယ်လို့ တွက်ထားတာ"

"ဟိုလေ. . . လက်ထပ်ပြီးတဲ့အခါကျရင်တော့ စိမ်းဝါ ဝ ◌ ်ချင်လုပ်ပါ့မယ်၊ ခုတော့ မလုပ်ပါရစေနဲ့ဦး၊ သူများတွေက





တစ်မျိုးထင်နေပါဦးမယ်၊ ခုကတည်းက နေရာဝင်ယူတယ်၊ အပိုင်ချည်ထားတယ် ဘာညာပေါ့၊ မသင့်တော်သေးဘူး ထင်ပါတယ်လေ"

"ဆရာမြင့်တို့ကို တိုင်ပင်ကြည့်ပါဦး"

"ဦးဦးကို မေးပြီးပြီ၊ စာမေးပွဲ ပြီးအောင် စောင့်ပါဦးတဲ့၊ ပြီးမှ လုပ်ချင်လုပ်တဲ့၊ ဒေါ်လေးနွယ်ကလဲ မောင်နဲ့ ပတ်သက်ပြီး စိမ်းဝါဘက်က သိပ်ခြေလှမ်းကျဲတယ်လို့ အထင်မခံချင်ဘူးတဲ့"

"စိမ်းဝါတို့ အမေကိုကော ပြောပြသေးလား"

"ဟင့်အင်း မပြောခဲ့ဘူး၊ ပြောရင်လည်း အမေကတော့ သိပ်သဘောကျမှာ မဟုတ်ဘူး၊ မောင်တို့အိမ် သွားလည်တာတောင်မှ အတင့်ရဲလှချည်လားလို့ ပြောသေးတယ်"

စိမ်းဝါက သူ ယူလာသည့် လက်ဆောင်တွေ ပေးသည်။ မောင့်အတွက်က သူတို့မြို့မှ ရက်သော ချည်ချောလုံချည်၊ မောင့်ဖေဖေအတွက်တော့ ပင်နီတစ်အုပ် **ဖြစ်၏။**



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ကြည့်ရတာ တစ်မျိုးထူးခြားနေသည်။ ခါတိုင်းနေ့များနှင့် မတူ။ မောင့်ရုပ်က ပိုချောလာသလိုလို၊ နည်းနည်းကလက်တက်တက် ဖြစ်နေသလိုလို၊ မျက်နှာကိုလည်း တစ်ခုခုလိမ်းခြယ်ထားသလိုလို။ မျက်လုံးတွေကလည်း ခါတိုင်းထက် အရောင် တောက်နေသည်ဟု ထင်ရ၏။

စိမ်းဝါက စိုက်ကြည့်နေသဖြင့် မင်းလွင်ဦး မနေတတ်မထိုင်တတ် ဖြစ်နေ၏။ ရှက်နေသည်ဟုလည်း ထင်ရသည်။ အမူအရာကလည်း ပြုံးစိစိ၊

"မောင် ဒီနေ့ ဘာဖြစ်လာတာလဲ၊ ခါတိုင်းနဲ့ မတူဘူး"

မင်းလွင်ဦးက ဟဲခနဲ ရယ်ပြီး သူ့မျက်နှာပေါ်မှာ တစ်ခုခုပေကျံနေသလို လျှောက်ပွတ်နေ၏။

"မောင့်မျက်နှာတွေ ဘာတွေ လိမ်းလာတာလဲ"

"မိတ်ကပ်တွေ"

"ဘာတွေ ပေါက်ကရ လုပ်လာပြန်တာလဲ၊ မောင် တစ်ခါမှ ဒါမျိုးမလုပ်ဖူးပါဘူး"

"ပေါက်ကရ မဟုတ်ဘူး စိမ်းဝါရဲ့၊ မောင် ရုပ်ရှင်မင်း





သား လုပ်မလို့"

"ဘာ. . . မင်းသား"

မင်းလွင်ဦး မျက်နှာပိုး မသေနိုင်သေးဘဲ. . .

"ဟုတ်တယ်၊ ဖေဖေက နောက်ရိုက်မယ့်ကားမှာ မောင့်ကို မင်းသား လုပ်ခိုင်းမလို့တဲ့၊ အဲဒါ ဗီဒီယိုတိတ်ခွေနဲ့ အရင်စမ်းကြည့်မယ် ဆိုပြီး ဒီနေ့မနက် အစမ်းရိုက်ကြည့်တယ်၊ ဆရာမြင့် ဘာမှ ပြောမထားဘူးလား"

"ဟင့်အင်း. . . မပြောပါဘူး"

"မောင် ပြောထားပြီးသား ဖြစ်မှာပဲလို့ ထင်လို့နဲ့ တူပါတယ်၊ ဒီဇာတ်ကားကို ဒါရိုက်တာ လုပ်မှာက ဆရာမြင့်ပဲလေ"

"ဟုတ်လား"

"ဆရာမြင့်က မောင့်ကို မင်းသားလုပ်ဖို့ တိုက်တွန်းနေတာ ကြာပါပြီ၊ မောင်က အင်တင်တင် လုပ်နေလို့၊ မောင့်သူငယ်ချင်းတွေကလဲ မင်းသား လုပ်ပါလားလို့ ခဏခဏ ပြောကြတယ်၊ ဟိုတစ်ခါ သူငယ်ချင်းတွေနဲ့ ဆုံတုန်းက စိမ်းဝါ မှတ်မိလား မသိဘူး၊ သူငယ်ချင်း တစ်ယောက်က စိမ်းဝါကို ဟိုကိစ္စ ပြောပြီးပြီလားလို့ မေးတာလေ၊ အဲဒါ မောင် မင်းသားလုပ်ရင် ကောင်းမလားလို့ စိမ်းဝါကို တိုင်ပင်ကြည့်ပါလားလို့ ပြောတာပေါ့၊ စိမ်းဝါကကော သဘောတူရဲ့လား"

"မောင့်ကို ဘာလုပ်ပါ ဘာမလုပ်ပါနဲ့လို့ မပြောချင်ပါဘူး မောင်ရယ်၊ ပြောလည်း မပြောသင့်ပါဘူး"

"ဘယ်ဟုတ်မလဲ၊ ပြောရမှာပေါ့၊ စိမ်းဝါနဲ့ မောင်ဟာ တစ်ယောက်အကြိုက် တစ်ယောက် လိုက်လျောကြရမှာ မဟုတ်လား၊ ဒီလိုပဲ တစ်ယောက် မကြိုက်တာကို တစ်ယောက်က မလုပ်



www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူးလေ အခုကိစ္စလည်း စိမ်းဝါ သဘောမတူရင် မောင် မလုပ်ဘူး၊ စိမ်းဝါကို မောင် ကြိုမပြောခဲ့တာက မောင်ကိုယ်တိုင် ယှဉ်ဖြစ်လိမ့်မယ် မထင်ခဲ့လို့၊ ဖြစ်ပုံက နောက်ရိုက်မယ့် ဇာတ်ကား အတွက် ဖေဖေနဲ့ ဆရာမြင့်တို့ မင်းသား ဘယ်သူ့ကို ရွေးရင် ကောင်းမလဲ စဉ်းစားကြတယ်၊ ဟိုမင်းသား ကောင်းမလား၊ ဒီမင်း သား သင့်မလား ပြောကြရင်းက ဆရာမြင့်က မောင့်ကို မင်းသား တင်ကြည့်ပါလားလို့ အကြံပေးရော၊ အဲဒါ မောင်လည်း သိတာ မဟုတ်ဘူး၊ ဒီမနက်ကျမှ ဖေဖေက ဟော့ကောင် လာစမ်း ဆိုပြီး မိတ်ကပ် လိမ်းခိုင်းပြီး ဗီဒီယိုစက်နဲ့ စမ်းရိုက်ကြည့်တော့တာပဲ"

"အဆင်ပြေတယ် မဟုတ်လား"

"ဆရာမြင့်ကတော့ ဖြစ်နိုင်တယ် ပြောတာပဲ၊ အဲဒါ အ ရေးမကြီးပါဘူး၊ စိမ်းဝါ သဘောတူမတူသာ အရေးကြီးတာပဲ"

"မောင် လုပ်ချင်တယ်ဆိုရင် သဘောတူရမှာပဲပေါ့"

"ကြည့်လည်း ပြောနော်၊ နောက်မှ ဘာဘာညာညာ မလုပ်နဲ့၊ မင်းသားဆိုတာ မင်းသမီးတွေနဲ့ ဖက်ဟယ် ကိုင်ဟယ် နေရတာ၊ နောက်ပြီး မိန်းကလေးတွေက မိတ်ဆက်ကြ၊ အော်တို လက်မှတ် ထိုးခိုင်းကြနဲ့၊ စိမ်းဝါ ကြည်ဖြူနိုင်ပါ့မလား"

"မောင့်ကို စိမ်းဝါ ယုံပြီးသားပဲ၊ မင်းသား မလုပ်လဲ မောင့်ကို မိန်းကလေးတွေ ဝိုင်းနေတာပဲဟာ၊ တစ်ခုပဲ၊ မောင်က နာမည်ကြီးလာရင် စိမ်းဝါပါ ရောပြီး နာမည်ကြီး အသိုက်အဝန်း ထဲ ဝင်ရမှာ၊ အဲဒါတော့ ကြောက်တယ်၊ မောင် ဘယ်လောက် နာမည်ကြီးကြီး စိမ်းဝါတော့ အေးအေးဆေးဆေး နေခွင့်ပေးပါ နော်"

... မလာ ...





မင်းလွင်ဦး မင်းသားအဖြစ် ပွဲဦးထွက် ပါဝင်မည့် 'ရဲရဲ တောက်' ဇာတ်ကား စတင်ရိုက်ကူးသည့် အခမ်းအနား ပြုလုပ် သည်။ ရုပ်ရှင်လောကသားများ၊ စာနယ်ဇင်းသမားများ၊ ဖြန့်ချိရေး သမားများ တက်ရောက်ကြသည်။

ညှော့ခံပွဲက မောင်တို့ခြံထဲမှာပဲ ဖြစ်၏။ ရွှေတောင်ခေါက် ဆွဲ၊ အချိုရည်တို့ဖြင့် ညှော့ခံသည်။ စိမ်းဝါကိုလည်း မောင်က လာဖြစ်အောင်လာဖို့ မှာသဖြင့် မမဝင်းကို အဖော်ခေါ်ပြီး သွားရ သည်။

သွားတုန်းကတော့ ဆရာမြင့်၊ ဒေါ်လေးနွယ်တို့နှင့် အတူ တူ သွားကြခြင်း ဖြစ်၏။ ဟိုရောက်တော့ ဆရာမြင့်တို့က လူကြီး ဝိုင်းထဲ ဝင်သွားသည်။

မောင်က စိမ်းဝါ ကြောင်မနေစေရန် သူ့သူငယ်ချင်း ဝင်းနီ၊ ရှားမီး၊ စိန်ကောင်းတို့နှင့်အတူ နေရာချပေးသည်။ မမဝင်း ကတော့ ရုပ်ရှင်မင်းသားမင်းသမီးတွေ စုံအောင် မြင်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အကြိုက်တွေ့နေ၏။

မောင့်ဖေဖေ ဦးသိန်းဦးက အလုပ်ရှုပ်နေသည့်ကြားမှ စိမ်းဝါတို့ စားပွဲဆီ တကူးတကန့် လာပြီး နှုတ်ဆက်သည်။

မောင့်သူငယ်ချင်းတွေက. . .

"အဘိုးကြီးက မစိမ်းဝါကို တော်တော် အရေးပေးတာပဲ"

ဟု ပြောကြသည်။

ဒီအခမ်းအနားက သူ့ကို ပွဲထုတ်ခြင်း ဖြစ်သဖြင့် လာသမျှ ဧည့်သည်ကို အကုန် လိုက်နှုတ်ဆက်နေရသည်။ စားပွဲတစ်လုံးမှ တစ်လုံး ကူးချည်သန်းချည် သွားလာနေရတာ။ စားပွဲထိုးတွေထက် ပင် အလုပ်များသေးသည်။ ဒီကြားထဲက စိမ်းဝါတို့စားပွဲ ရှိရာသို့ လှစ်ခနဲ လှစ်ခနဲ ရောက်လာတတ်သည်။ ဘေးစားပွဲတွေကတောင် ရိပ်မိပြီး စိမ်းဝါကို ဂရုတစိုက် ကြည့်လာကြ၏။

ဒီဇာတ်ကားမှာ ဒုတိယ ခေါင်းဆောင် မင်းသမီးအဖြစ်, ပါဝင်ဖို့ သရုပ်ဆောင်သစ်တစ်ယောက်ကို ရွေးထားသည်။ သူက တော်တော်လှသည်။ ဝတ်ထားတာကလည်း အဖိုးတန်တွေချည်း။ လူချမ်းသာတစ်ယောက်၏ သမီးဖြစ်ဟန် တူ၏။ သူသည် ဧည့်သည်များကို နှုတ်ဆက်ရာတွင် မင်းလွင်ဦးနှင့် တပူးတွဲတွဲ ဖြစ်အောင် ကြိုးစားနေသည်။

စိမ်းဝါက မျက်နှာမပျက်အောင် ကြိုးစားနေသော်လည်း ရင်ထဲကတော့ နည်းနည်း စိုးရိမ်မိသည်။ ရုပ်ရှင်မင်းသား တစ်ယောက်ကို ချစ်မိသည့်အတွက် စိုးရိမ်သောက ဖြစ်ရခြင်း၏ ပထမဆုံး အတွေ့အကြုံပင်။

မင်းသမီးအသစ်က တော်တော် သွက်သည်။ မင်းလွင်ဦးကို စကားပြောသည့်အခါ ရုပ်ရှင်ထဲမှာ သရုပ်ဆောင်နေသည့်





အမူအရာမျိုး ဖြစ်နေ၏။

ရှားမီး၊ ဝင်းနီနှင့် စိန်ကောင်းတို့က မင်းသမီးအသစ်ကို ကြည့်လို့မရကြောင်း ပြောနေကြသည်၊ မမဝင်းကလည်း. . .

"စိမ်းဝါရေ့ အခုက စပြီး သတိထားပေတော့"

ဟု ဆိုသည်။

မောင်သည် မင်းသမီးအသစ်က သူ့ကို ရုပ်ရှင်ထဲမှာသာမက အပြင်မှာပါ တွဲဖို့ ကြိုးစားနေကြောင်း သိသဖြင့် စိတ်အိုက်နေပုံ ရသည်၊ စိမ်းဝါကိုလည်း တစ်ချက်တစ်ချက် အားနာသည့် အကြည့်ဖြင့် လှမ်းလှမ်းကြည့်သည်၊

တစ်ခါတော့ စိမ်းဝါတို့နှင့် တစ်စားပွဲကျော်မှာ ဧည့်သည်အသစ် ရောက်သဖြင့် မောင်က လာနှုတ်ဆက်သည်၊ ထိုစဉ်မှာ မင်းသမီးသစ်ကလည်း ဘေးက ကပ်ပါလာသည်၊

ထိုစားပွဲမှ ခွာလာပြီး မောင်က စိမ်းဝါတို့ စားပွဲဆီ လျှောက်လာ၏။ မင်းသမီးသစ်လည်း လိုက်လာ၏၊ မောင်က မိတ်ဆက်ပေးသည်။

"ဒါက ဒီဇာတ်ကားရဲ့ ဒုတိယမင်းသမီး အေးသစ္စာတဲ့"

ဒုတိယဆိုသော စကားကို ထည့်သုံးသဖြင့် အေးသစ္စာ နည်းနည်း အောင့်သွားပုံ ရသည်။ သို့ရာတွင် အပြုံးမပျက်ဘဲ ကိုယ်ကို နည်းနည်းယို့၍ နှုတ်ဆက်လိုက်၏။ မောင်က ဆက်၍. .

"ဒါက ကျွန်တော့်သူငယ်ချင်းတွေပေါ့"

မမဝင်းမှ စ၍ သူငယ်ချင်းတွေ တစ်ယောက်စီ နာမည်ပြောပြီး စိမ်းဝါအလှည့် အရောက်တွင်. . .

"သူက စိမ်းဝါတဲ့၊ ကျွန်တော့်ရဲ့"

ဆိုပြီး ဘာဆက်ပြောရမလဲ စဉ်းစားနေသည်၊ ဝင်းနီက



www.burmeseclassic.com

www.burmeseclassic.com



ဝင်၍. . .

"အရင်းနှီးဆုံး သူငယ်ချင်းပေါ့"

ဟု အဓိပ္ပါယ်ရှိသော လေသံဖြင့် ပြောလိုက်သည်။ မင်းလွင်ဦးက ရယ်သည်။ ရှားမီးနှင့် စိန်ကောင်းတို့က ဟုတ်တယ် ဟုတ်တယ်ဟု ထပ်ဆင့် အတည်ပြုကြ၏။

"တွေ့ရတာ ဝမ်းသာပါတယ်"

အေးသစ္စာက ပြောသည်။ သူ့မျက်လုံးတွေကတော့ တကယ် ဝမ်းသာခြင်း မဟုတ်ကြောင်း ဖော်ပြနေကြ၏။

ဆယ်နာရီလောက်တွင် ဧည့်သည် အတော်ရှင်းသွားသည်။ နောက်အစီအစဉ်အတွက် ကြိုတင်အသိပေးထားသူများသာ ကျန်တော့သည်။ အထူးသဖြင့် စာနယ်ဇင်းသမားများ ဖြစ်၏၊

ဧည့်ခန်းထဲ ခေါ်သွားပြီး ဗီဒီယိုကားပိုင်း ပြသည်။ မင်းလွင်ဦးကို စမ်းသပ်ရိုက်ကူးထားသော သရုပ်ဆောင်ချက်များ ပြခြင်း ဖြစ်၏။ ရဲရဲတောက် ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ခေါင်းဆောင်မင်းသမီး မေဝင်းမောင်နှင့် တွဲဖက်၍လည်းကောင်း၊ ဒုတိယမင်းသမီး အေးသစ္စာနှင့် တွဲဖက်၍လည်းကောင်း၊ စမ်းသပ်ရိုက်ကူးထားသည်။

မင်းလွင်ဦးက ဗီဒီယိုထဲမှာ ပို၍ချောနေသည်။ အပြင်မှ ချောပုံနှင့် မတူ။ ရုပ်ရှင်မင်းသားတစ်ယောက် ချောသင့်သလို ချောနေခြင်း ဖြစ်၏။ သရုပ်ဆောင်ပုံကလည်း မဆိုးလှ။ မင်းသားသစ် တစ်ယောက်အနေဖြင့် အတော် ကောင်းအောင် သရုပ်ဆောင်နိုင်သည်ဟု ဆိုရမည်။ နာမည်ကျော် ရုပ်ရှင်ဝေဖန်ရေးဆရာကြီးတစ်ဦးက မင်းလွင်ဦးကို ပခုံးဖက် နှုတ်ဆက်ပြီး. . .





"မင်း ဒီတစ်ကားတည်းနဲ့ အောင်မြင်မှု ရဖို့ ရှစ်ဆယ်ရာခိုင်နှုန်းလောက် ကျိန်းသေတယ်"

ဟု ချီးကျူးစကား ပြောသည်။ ထိုစကားမှာ တာသွားလှ၏။

နောက်တစ်လ ထွက်သော စာနယ်ဇင်းတွေမှာ ရဲရဲတောက် ဇာတ်ကားနှင့် မင်းသားသစ် မင်းလွင်ဦးအကြောင်း ရေးထားသော ဆောင်းပါးတွေ ပါလာသည်၊ ဝေဖန်ရေးဆရာများက ချီးကျူးကြောင်းလည်း ရေးသားထားကြသည်၊

ဦးခင်မောင်မြင့်သည် စာပေအသိုက်အဝန်းနှင့် နီးစပ်သူဖြစ်၍ သူ၏ ပထမဆုံး ဒါရိုက်တာ လုပ်သော ဇာတ်ကားကို စာနယ်ဇင်းတွေက ဝိုင်းပြီး ကူညီကြော်ငြာပေးကြသည်။ မင်းလွင်ဦး၏ ဓါတ်ပုံပေါင်းများစွာဖြင့် ဝေဝေဆာဆာ ဖော်ပြကြ၏။ စာပေသမားတစ်ဦး၏ လက်ရာဖြစ်သောကြောင့် ကူညီရိုင်းပင်းကြခြင်း ဖြစ်၏။

သို့ဖြင့် မင်းလွင်ဦးသည် ဇာတ်ကားမပြခင်ကပင် ရုပ်ရှင်နယ်တွင် နာမည်ထွက်စ ပြုလာသည်။ ပရိသတ်ကလည်း စိတ်ဝင်စားလာသည်။

. . . မဆုံး . . .



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲတောက် ဇာတ်ကား၏ ဇာတ်လမ်းက ဤသို့ဖြစ်၏။

စစ်ကြိုခေတ်က ဖြစ်သည်။ ဝင်းနောင်သည် ကောလိပ်ကျောင်းသားတစ်ယောက်။ ထိုခေတ် ကောလိပ်ကျောင်းသား အများစု၏ ထုံးစံအတိုင်း ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး နေသည်။ တချို့ကျောင်းသားတွေ အမျိုးသားရေး လှုပ်ရှားမှု လုပ်ရာတွင် သူ မပါ။ စိတ်မဝင်စား။

စစ်ကြီး ဖြစ်လာသောအခါ စစ်ပြေးကြရင်း ရွာတစ်ရွာမှာ ခိုလှုံနေသည်။ သူ့လိုပင် စစ်ပြေးလာသော ကောလိပ်ကျောင်းသူ မေဦးနှင့် ဆုံမိသည်။ တစ်ဦးကိုတစ်ဦး စိတ်ဝင်စားကြသည်။ ထို့အတူ ဝင်းနောင်တို့မိသားစု တည်းခိုနေသောအိမ်မှ မိန်းကလေး ခင်ထွေးကလည်း ဝင်းနောင်ကို တစ်ဖက်သတ် တိတ်တခိုး သံယောဇဉ် ဖြစ်နေသည်။

တစ်နေ့တွင် မေဦးကို ဂျပန်စစ်ဗိုလ်တစ်ယောက်က စော်ကား ကျူးလွန်လိုက်သည်။ မေဦးသည် ထိုကိစ္စကို ဝင်းနောင်အား





အသိမပေးခဲ့။ ထို့အတူ သူနှင့် ဝင်းနောင်တို့ မထိုက်တန်တော့ဟု ဆုံးဖြတ်ပြီး ဝင်းနောင်အား ရှောင်နေသည်။ ဝင်းနောင်က အကြောင်း မသိသဖြင့် မေဦးကို လှည့်စားသည် ထင်ပြီး စိတ်နာသွားသည်။

မေဦးသည် သူ့ကို စော်ကားခဲ့သော ဂျပန်ဗိုလ်ကို အခဲမကျေနိုင်။ သို့ဖြင့် ဂျပန်ဗိုလ်ကို အချိုသတ်ပြီး ဖြားယောင်းသည်။ အခွင့်ကောင်းကို စောင့်သည်။

ဝင်းနောင်ကတော့ မေဦးသည် အမျိုးကို သစ္စာဖောက်သူ အဖြစ် ပို၍ စိတ်နာမိသည်။ ထို့ကြောင့် သူ့ကို တစ်ဖက်သတ် ချစ်နေသော ခင်ထွေးကို လက်ထပ်လိုက်၏။

တစ်နေ့တွင် မေဦးက ဂျပန်ဗိုလ်ကို ဖြားယောင်း သွေးဆောင်ပြီး တောစပ်သို့ ခေါ်သွားသည်။ ထို့နောက် အသင့်ယူဆောင်လာသော ဓားဖြင့် ထိုးသည်။ ဂျပန်ဗိုလ်က လက်ဦးသွားပြီး မေဦး အသတ်ခံလိုက်ရသည်။

မေဦး သေဆုံးပြီးမှ မေဦး ကျန်ရစ်ခဲ့သော ဒိုင်ယာရီကို ဝင်းနောင် ဖတ်ရသည်။ အကြောင်းစုံ သိရပြီး ယူကျုံးမရခြင်းနှင့်အတူ ဖက်ဆစ်ဂျပန်ကို စိတ်နာမုန်းတီးလာသည်။ ထို့ကြောင့် ဂျပန်စစ်ဗိုလ်ကို ဓားနှင့် ခုတ်သတ်ပြီး တိမ်းရှောင်သွားသည်။ ထိုအချိန်တွင် ခင်ထွေးမှာ ကိုယ်လေးလက်ဝန် ရှိနေပြီ။

ဝင်းနောင်သည် အခြားရွာများကို ရှောင်တိမ်းနေရင်း ဖက်ဆစ်တော်လှန်ရေးအတွက် အမာခံတပ်သားများ စုဆောင်းနေသူနှင့် တွေ့ပြီး တော်လှန်ရေးသမား ဖြစ်လာသည်။

ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများတွင် ရွပ်ရွပ်ချွံချွံ တိုက်ခိုက်သောကြောင့် ဝင်းနောင် ဗိုလ်ကလေး ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် အင်အားကြီးမားသော ဂျပန်စစ်ကြောင်းနှင့် ဗိုလ်ဝင်းနောင်တို့တပ်စု ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားသည်။ ဗိုလ်ဝင်းနောင်တို့ဘက်က အပေါ်စီး ရနေသော်လည်း အင်အားချင်း မမျှသဖြင့် တဖြည်းဖြည်း ဆုတ်ရင်း တိုက်ရသည်။

ဂျပန်များကလည်း အကျအဆုံးများစွာ အဖြစ်ခံလျက် တက်လာသည်။ ဗိုလ်ဝင်းနောင်တို့ဘက်က တစ်ဦးပြီးတစ်ဦး ကျဆုံးခဲ့ရာ နောက်ဆုံး ဗိုလ်ဝင်းနောင် တစ်ယောက်သာ ဒဏ်ရာဖြင့် ကျန်ရစ်ခဲ့သည်။ သို့ရာတွင် အရှုံးမပေးဘဲ ဆက်လက်ခုခံရင်း ဆုတ်လာသည်။

ဗိုလ်ဝင်းနောင်အဖို့ ဆက်ပြီးဆုတ်ခွာရန် မရှိတော့။ တစ်ဖက်မှာ ချောက်ကမ်းပါးကြီးသာ ရှိတော့သည်။ ပစ်ရင်းခတ်ရင်း ကျည်ဆန်လည်း ကုန်ပြီ။ ဂျပန်တွေကလည်း ဗိုလ်ဝင်းနောင်ကို လက်ရဖမ်းဖို့ တက်လာပြီ။

ဗိုလ်ဝင်းနောင် ဆုံးဖြတ်ချက် ချလိုက်သည်။ သူနှင့်အတူ တစ်ပါတည်း ယူဆောင်လာခဲ့သော တော်လှန်ရေးအလံကို တလူလူ ဝှေ့ရမ်းလိုက်ပြီးနောက် ချောက်ကမ်းပါးပေါ်မှ ခုန်ချလိုက်သည်။

ခင်ထွေးသည် သားယောကျ်ားလေး ဖွားမြင်သည်။ ညနေစောင်းပြီဆိုလျှင် သားငယ်ကို ပွေ့ချီရင်း ရွာအဝင်လမ်းဘက်သို့ ငေးမျှော်ရင်း ဗိုလ်ဝင်းနောင် ပြန်အလာကို စောင့်နေမြဲပင် ဖြစ်လေသည်။





မင်းလွင်ဦးသည် ကျန်းမာရေး လေ့ကျင့်ခန်း ပုံမှန်လုပ်နေသူမို့ သူ့ကိုယ်ခန္ဓာ အချိုးအစား ပြေပြစ်ပြီးသား ဖြစ်၏။

သို့တိုင်အောင် ဆရာမြင့်က စိတ်တိုင်းမကျသေး။ လှုပ်ရှားမှုက နည်းနည်းပျော့သည်ဟု ထင်သည်။ ရုပ်ရှင်ထဲမှာ ပြေးလွှား တိုက်ခိုက်ရသည့် အခန်းတွေ ပါသည်။ ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားရမည့် အကွက်တွေ ပါသည်။ ထို့ကြောင့် လေ့ကျင့်ခန်း အပြင်းအထန် ယူခိုင်းသည်။ မင်းလွင်ဦး အတော်ပင်ပန်း၏။

သူက ဆေးလိပ် မသောက်တတ်။ ဇာတ်ကားထဲမှာ ဆေးလိပ် သောက်ခန်း ပါသဖြင့် အသောက်ကျင့်ရပြန်သည်။ တစ်ရက်တွင် မင်းလွင်ဦး စီးကရက်ခဲပြီး စိမ်းဝါဆီ ရောက်လာသည်။

"မောင်က ဆေးလိပ်တွေ ဘာတွေတောင် သောက်လို့ပါလား"

စိမ်းဝါက ပြောသည်။

"ဟုတ်တယ်၊ ဇာတ်ဝင်ခန်းအတွက် အသောက်ကျင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ မင်းသားလုပ်ရတာ မလွယ်ပါဘူး စိမ်းဝါရယ်၊ ခုလည်း မြင်းစီး လေ့ကျင့်ရဦးမယ်တဲ့"

"ဒီဇာတ်ကားမှာ အရက်သောက်ခန်းကော ပါသေးလား၊ အရက်သောက် လေ့ကျင့်ရဦးမှာလား"

"အရက်သောက်ခန်းတော့ မပါဘူး၊ မွှေးမွှေးပေးတဲ့အခန်း တော့ ပါတယ်၊ အဲဒါ သဘာဝကျအောင် လေ့ကျင့်ထားလို့ ဆရာ မြင့်က ပြောတယ်"

"တော်ပါ လာဖြီးမနေနဲ့၊ အဲဒီလို အခန်းမျိုး ပါရင် ဆင်ဆာက ဖြတ်မှာပေါ့"

"နဖူးကို မွှေးရုံလောက်တော့ ဆင်ဆာမဖြတ်နိုင်ပါဘူး စိမ်းဝါရယ်"

မင်းလွင်ဦးက စိမ်းဝါ၏လက်ကို ဆုပ်ကိုင်လိုက်၏။

စိမ်းဝါသည် မျက်လွှာချထားလိုက်မိသည်။ ဒီနေ့ ခေါင်း လျှော်ထားသဖြင့် နဖူးမှာ ဝဲကျနေသော ဆံစတွေက ခေါင်းလျှော် ရည်နံ့ သင်းနေမှာပဲဟု တွေးနေသည်။





စိမ်းဝါ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဟု စိုးရိမ်တကြီး မေးမိ၏။

မောင့်လက်ကို ပတ်တီး စီးထားပြီး လည်ပင်းမှာ ပတ်တီး ကြိုးဖြင့် စလွယ်သိုင်းထားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ် ၏။ မင်းလွင်ဦးက စိမ်းဝါ စိတ်မပူစေရန် ရယ်ပြလိုက်ပြီးမှ. . .

"အကြီးအကျယ် မဟုတ်ပါဘူး၊ ဓားထိမိတာပါ၊ ဓားခုတ် လေ့ကျင့်ရင်းက"

"ဟင်. . . ရုပ်ရှင်ရိုက်ရင် ဓားအတုနဲ့ ရိုက်ရတာ မဟုတ် ဘူးလား"

"ဓားအတုက သစ်သားနဲ့ လုပ်ထားတော့ ပေါ့လွန်းတယ်၊ မာန်မပါဘူး၊ ဆရာမြင့်က သဘာဝကျကျပဲ လုပ်ချင်တယ်ဆိုလို့ ဂျပန်ကင်ဒိုဓားအစစ်နဲ့ လေ့ကျင့်ရင်း ထိမိတာ၊ သိပ်မများပါဘူး၊ လေးချက်လောက်ပဲ ချုပ်ရတာပါ"

www.burmeseclassic.com



"မောင်ရယ်၊ လက်ကို ထိပေလို့ပေါ့၊ မတော်တဆ မျက်နှာတွေ ဘာတွေများ ထိမိရင် ခက်ကုန်မယ်၊ ဟိုတစ်ခါလည်း ခြင်းပေါ်က မြုတ်ကျတာ ကံကောင်းလို့ ဇက်မကျိုးတာ မဟုတ်လား"

"ဖြစ်ခါမှ ဖြစ်ရော၊ ကြိုးစားတာတော့ ကြိုးစားရမှာပဲ၊ ဒါမှ အောင်မြင်မှာ မဟုတ်လား၊ ရုပ်ရှင်မင်းသားဆိုတာ အိုက်တင် လုပ်ရုံပဲ၊ ဘာမှ မပင်ပန်းဘူး၊ ဇိမ်နဲ့ နေရတယ်လို့ တချို့က ထင်ကြတယ်၊ ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ့်ကိုယ်ကို အားကစားသမား တစ်ယောက်လို ကြံ့ခိုင်အောင် အမြဲ ပင်ပန်းခံ လေ့ကျင့်နေရတာ၊ ရုပ်ရှင်ရိုက်တော့လည်း နေပူကျဲကျဲမှာ ပြေးရလွှားရ၊ ဝပ် သောင်းနဲ့ ချီတဲ့ မီးလုံးကြီးတွေနဲ့ လေ့ကျင့်ရသလို ကိုယ့်ရုပ်ရည် ကျမသွားအောင်၊ အမြဲတမ်း နုပျိုနေအောင်လည်း ပြုစုမွေးမြူရသေးတယ်၊ အကြမ်းနဲ့အနု နှစ်ခုစလုံးကို ထိန်းထားရတာ မလွယ်ဘူး"

. . . မင်္ဂလာ . . .





မင်းလွင်ဦးက သူ ရုပ်ရှင်ရိုက်နေတဲ့ ရိုက်ကွင်းပေါ် တစ်ရက်လောက် လာကြည့်ပါ ဆိုသဖြင့် ဦးခင်မောင်မြင့်နှင့်အတူ လိုက်သွားသည်။ မင်းလွင်ဦးတို့ ခြံထဲမှာ ရိုက်ခြင်းဖြစ်၏။ ပန်းပင်မျိုးစုံ စိုက်ထားခဲ့သည့်အကြောင်းကို ခုမှ သဘောပေါက်ရသည်။ ဇာတ်ဝင်ခန်းတွေအတွက် လိုသလို သုံးနိုင်ခြင်းပင် ဖြစ်၏။

ဒီနေ့တော့ ခြံထောင့်တစ်နေရာမှာ ဆက်တင်အဖြစ် ပြုလုပ်ထားသော တဲကလေးတစ်လုံးတွင် ရိုက်ကူးမည်၊ ရုပ်ရှင်ရိုက်တာကို ကြည့်ရတာ လူတွေ တရှုန်းရှုန်းနှင့် ပျော်စရာလည်း ကောင်းသည်။ မျက်စိနောက်စရာလည်း ကောင်းသည်။ ထမင်းစားချိန်ကျတော့လည်း အလှူလုပ်နေသလား အောက်မေ့ရသည်။

စားပွဲကုလားထိုင်နှင့် ကျကျနန စားကြခြင်းတော့မဟုတ်။ ပန်းကန်ကြီးထဲမှာ ထမင်းတောင်းတွေ ပုံထည့်၊ ချဉ်ရည်ဟင်းဇလုံကြီးတွေ ငါးပိတို့စရာတွေ အလယ်မှာ ချပြီး မြက်ခင်းပေါ်မှာ ဝိုင်းဖွဲ့ စားကြခြင်း ဖြစ်၏။ ပျော်ပွဲစားကြသည့် ပုံစံမျိုးပင်။

www.burmeseclassic.com



ထမင်းတွေ ဟင်းတွေကတော့ ဖောချင်းသောချင်း ပေးထားသည်။ မင်းသား၊ မင်းသမီး၊ ပိုင်ရှင်၊ ဒါရိုက်တာ၊ အလုပ်သမား ခွဲခြားမှု မရှိဘဲ အားလုံး တန်းတူစားသောက်ကြသည်။

မင်းလွင်ဦးက စိမ်းဝါကို သူနှင့် အတူတူ စားစေသည်။ သူတို့ဝိုင်းတွင် ကင်မရာဆရာ ဦးစိုးဝင်း၊ အသံဖမ်းဆရာ ဦးစံရင်နှင့် အသံဖမ်းလက်ထောက် မောင်သန်းဝေတို့လည်း ပါသည်။ သူတို့မှာ မောင့်ဖေဖေ၏ ငယ်မွေးခြံပေါက် တပည့်များ ဖြစ်၍ မောင့်ကို ညီတစ်ယောက်လို ဆက်ဆံကြလေသည်။ စိမ်းဝါနှင့် မောင်တို့အကြောင်းကိုလည်း သိနေကြသဖြင့် စိမ်းဝါကို ရင်းရင်းနှီးနှီး ပြောဆိုကြသည်။

ဦးသိန်းဦးက ဝိုင်းဖွဲ့စားသောက်နေကြသော တပည့်တွေကို လျှောက်ကြည့်ရင်း. . .

"စားလို့ ကောင်းကြရဲ့လားဟေ့၊ ဟိုကောင်ကြီး ဘယ်နှစ်ပန်းကန် ရှိပြီလဲ၊ နှစ်ပန်းကန် ဟုတ်လား၊ ဒါဆို မင်းစံချိန် တစ်ဝက်ပဲ ရှိသေးတာပေါ့၊ ဟိုကောင် ပဲဟင်းတွေ နင်းကန်သောက်မနေနဲ့၊ မနေ့ကပဲ ဝမ်းတွေ သွားလို့ဆိုပြီး ဆေးလာတောင်းပြီးတော့"

ဦးသိန်းဦးသည် သူ့အလုပ်သမားတွေကို ဂရုစိုက်တတ်ကြောင်း စိမ်းဝါ သိလိုက်ရ၏။ အလုပ်သမားတွေကလည်း သူ့ကို ရင်းရင်းနှီးနှီး ဆက်ဆံကြသည်။ တစ်ယောက်က. . .

"ဘူးသီးက အရိုးများတယ် ဆရာ"

"ဟေ ဟုတ်လား၊ ဒါဆို နောက်တစ်ခါ အရိုးမပါတဲ့ဟာ ချက်ကျွေးမယ်"

ဝါးခနဲ ရယ်သံတွေ ထွက်လာသည်။





"ဘာရယ်တာလဲကွ၊ ဝက်သားချက်မယ်လို့ ပြောတာ"

ဦးသိန်းဦးက စိမ်းဝါတို့ ဝိုင်းဆီ ရောက်လာသည်။

"သမီး စားနော် အားမနာနဲ့၊ သားရယ်. . . မင်းကကွာ၊ ဟင်းကို ပန်းကန်နဲ့ သပ်သပ် ထည့်ပေးရောပေါ့"

"မဟုတ်ဘူး ဖေဖေ၊ ရှူတင် ထမင်းစားတဲ့ပုံစံအတိုင်း ကျွေးချင်လို့"

စိမ်းဝါက ဒီအသိုက်အဝန်းမှာ နေသားမကျသေးသဖြင့် စားရတာ ရှက်နေသည်။ အလှူအိမ်မှာ စားသလို ခပ်ဖြည်းဖြည်း ကြာကြာမြွေရရ စားသည်။

မင်းလွင်ဦးက သူ့ပန်းကန်ထဲမှ ငါးခူခြောက်စပ်ကြော် တစ်ပိုင်းကို စိမ်းဝါပန်းကန်ထဲ ထည့်ပေးလိုက်၏၊ ဦးသိန်းဦးက မမြင်ဟန်ဆောင်ပြီး ထွက်သွားသည်၊ စိမ်းဝါက. . .

"စားပါ၊ စိမ်းဝါ ဟင်းတွေ များများမစားတတ်ဘူး"

ဟု ပြောပြီး ငါးကြော်ကို မင်းလွင်ဦးပန်းကန်ထဲ ပြန်ထည့်သည်။ မင်းလွင်ဦးက လက်ကာပြီး အတင်းပြန်ပေး၏။

ကင်မရာဆရာ ဦးစိုးဝင်းက. . .

"စားသားစား စိမ်းဝါရေ၊ ဒီကောင်က အသားငါး မကြိုက်ဘူး၊ သက်သက်လွတ် စားတာ"

ဦးစံရင်ကလည်း. . .

"ဟုတ်တယ်၊ ဒီကောင်က ငယ်ငယ်ကတည်းက အဲဒီလိုပဲ၊ သူ့ဟင်းကို သူများ ကျွေးကျွေးပစ်တတ်တယ်၊ စိမ်းဝါသာ မရှိရင်တော့ ငါ စားရမှာပေါ့ဟ"

ဆိုပြီး စကြသည်။ စိမ်းဝါက ဦးလေးတို့ စားပါဆိုပြီး ငါးကြော်ကို ဦးစံရင် ပန်းကန်ထဲ ထည့်မည်ပြုသည်။ မင်းလွင်ဦးက

www.burmeseclassic.com



"ဟာ. . . အလကားပြောတာ၊ သူတို့ နောက်နေတာ စိမ်းဝါ မောင်က ငယ်ငယ်တုန်းကဆိုရင် ဟင်းစား သိပ်လောဘကြီးတာ။ ဟင်းကို ထမင်းထဲ ဝှက်ပြီး စားတတ်တာ၊ သူများကို ကျွေးရမှာစိုးလို့၊ ခုတော့. . ."

"အင်း. . . စိမ်းဝါမို့ သဒ္ဒါတယ် ဆိုပါတော့ကွာ"

ဦးစိုးဝင်းက စပြန်သည်။ ဒီလိုနှင့် စိမ်းဝါ စိတ်ရဲပြီး ရယ်ရယ်မောမော စားဖြစ်သွားသည်။

"မမဝင်းသာ ပါလာရင် သိပ်ပျော်မှာ၊ ဘာလို့ လိုက်မလာတာလဲ" ဟု မင်းလွင်ဦးက မေးသည်။

"သူ့လူကြီး ရန်ကုန်ရောက်နေတယ်လေ၊ ဒီနေ့ ရုပ်ရှင်ကြည့်မယ်၊ ဘုရားသွားမယ်တဲ့"

ခဏနားကြပြီးနောက် အလုပ်ပြန်စသည်။

ခုရိုက်ရမည့်အခန်းက ချစ်ခန်းကြိုက်ခန်း။ မင်းလွင်ဦးနှင့် အေးသစ္စာတို့ ဖြစ်၏။

ဒီမှာပဲ ပြဿနာ တက်ချင်လာသည်။ မင်းလွင်ဦး၏ သရုပ်ဆောင်မှုများ မပီပြင်သောကြောင့် ဖြစ်၏။

အေးသစ္စာကတော့ အပြင်မှာ တကယ့်ချစ်သူချင်း စကားပြောသလိုလို သဘာဝကျလွန်းနေသည်။ နည်းနည်းတောင် ပိုပိုကဲကဲ ဖြစ်ချင်သေးသည်။

မင်းလွင်ဦးသည် အေးသစ္စာကို ပွေ့ဖက်ရာမှာလည်း အလိုက်သင့် ပြေပြေပြစ်ပြစ် မရှိ။ တောင့်တောင့်ကြီး ဖြစ်ပြီး မထိရဲ မကိုင်ရဲသလို ဖြစ်နေသည်။ စကားပြောရာမှာလည်း အသက်မပါချေ။

တစ်ခန်းပြီးတာနှင့် စိမ်းဝါကို အားနာသလို တစ်ချက်





လှမ်းလှမ်းကြည့်သည်။ စိမ်းဝါရှေ့မှာမို့ ချစ်ခန်းကြိုက်ခန်း သရုပ်ဆောင်ရတာ ရွံ့နေခြင်းပင် ဖြစ်၏။

သူ သရုပ်ဆောင်နေတာကို ဦးခင်မောင်မြင့်က အားမရ။ ဒီလို အားမရလေ၊ ပြန်ရိုက်လေ၊ ပိုဆိုးလေပင်။ နောက်တော့ ဦးခင်မောင်မြင့် ဒေါသထွက်လာသည်။

"ဒါ အလုပ်လုပ်နေတာကွ၊ အလုပ်ကို အလုပ်လို သဘောထား၊ အလုပ်ထဲမှာ စိတ်ဝင်စားစမ်း၊ တခြား အမြင်တာ ဇာတ်စွတွေ ခေါင်းထဲမှာ မရှိစေနဲ့၊ ကင်မရာရှေ့ ရောက်တာနဲ့ ထုမ္မာလောကကြီးမှာ မင်းသမီးနဲ့ငါနဲ့ နှစ်ယောက်တည်း ရှိတော့တယ်၊ တခြား ဘယ်သူမှ မရှိတော့ဘူးလို့ သဘောထားရမယ်၊ အဲဒီလိုမှ မဟုတ်ရင် မင်းသား လုပ်မစားနဲ့"

ဦးခင်မောင်မြင့်က ခပ်ငေါက်ငေါက်တလေး ပြောသည်၊ ပြီးတော့ ခဏ နားခိုင်းလိုက်၏။

ဒီအခါကျပြန်တော့လည်း မင်းလွင်ဦးက စိမ်းဝါနားမှာပဲ လာထိုင်နေပြန်သည်။ ဦးခင်မောင်မြင့်က မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်နေ၏။

သူ ရှိနေလျှင် ဒီအခန်းကို ရိုက်ဖို့ မလွယ်မှန်း စိမ်းဝါ သိသည်။ သူကိုယ်တိုင်ကလည်း ရုပ်ရှင်ရိုက်နေတာ၊ တကယ် မဟုတ်ဘူးဆိုတာ သိပါလျက် မောင်နှင့် အေးသစ္စာတို့ သရုပ်ဆောင်တာ ကြည့်ရင်း ရင်ထဲက အောင့်သက်သက် ဖြစ်ချင်သလိုပဲ။ ဒါကြောင့်လည်း မင်းသား မိန်းမတွေ၊ မင်းသမီး ယောကျ်ားတွေ ရိုက်ကွင်းပေါ် မလိုက်ချင်ကြတာ ဖြစ်မှာပဲဟု တွေးမိသည်။

ခုလည်း သူပြန်လျှင် ကောင်းမည်ဟု စိတ်ကူးသေးသည်။ သို့ရာတွင် ပြန်မည်ဆိုလျှင် သူ့ဘာသာ ထပြန်လို့မဖြစ်၊ မင်းလွင်

www.burmeseclassic.com



ဦးက ကားစီစဉ်ပေးပြီး ပြန်ပို့မှ ဖြစ်မည်။ ဒါကျတော့လည်း မတောင်း။ သူတို့ အလုပ်ရှုပ်နေချိန်မှာ သူ့အတွက် သီးသန့် စီစဉ်ပေးရတာမျိုး မဖြစ်စေချင်။

ဦးခင်မောင်မြင့်က အစီအစဉ် ပြောင်းလိုက်သဖြင့် အဆင်ပြေသွားသည်။ ခု ရိုက်နေသောအခန်းကို နောက်နေ့မှ ဆက်ရိုက်မည် ဆိုပြီး အခြားအခန်းတစ်ခု ပြောင်းလိုက်သောကြောင့် ဖြစ်၏။





တကယ်ဆိုလျှင် စိမ်းဝါကသာ သဝန်တိုတာတို့ စိတ်မချနိုင်တာတို့ ဖြစ်သင့်သည်။ မင်းလွင်ဦးသည် ရုပ်ရှင် တစ်ကားမှ မထွက်သေးသည့်တိုင် နာမည်ကြီးနေပြီ မဟုတ်လား။ သူ့ဓါတ်ပုံတွေ စာနယ်ဇင်းတွေထဲမှာ မကြာခဏ ပါလာတတ်သည်။

သူ့ပုံကို ကြည့်ပြီး မိန်းကလေးတွေက စိတ်ဝင်စားကြသည်။ မိတ်ဆက်စာ ရေးကြသည်၊ ဖုန်းနံပါတ်ကို မရမက ရှာပြီး ဖုန်းဆက်ကြသည်။ တချို့ဆိုလျှင် သူ့ကို အပြင်မှာ မြင်လျှင်တောင် မှတ်မိနေပြီ။

တစ်ခါတစ်လေ မနက် စိမ်းဝါ ဈေးဝယ်ထွက်ရာသို့ မင်းလွင်ဦး လာကြိုလျှင် တချို့ကောင်မလေးတွေက ကွက်ကြည့် ကွက်ကြည့် လုပ်တတ်သည်။

တချို့ကောင်မလေးတွေကျတော့ နည်းနည်းရဲတင်းသည်။ "ဟိတ် မင်းလွင်ဦး" ဟု ရုတ်တရက် လှမ်းခေါ်တတ်သည်။ မင်းလွင်ဦးက ယောင်ပြီး လှည့်ကြည့်တော့မှ မျက်စိမှိတ်ပြ ချင်ပြသည်။

www.burmeseclassic.com



ကားဘေးက ဖြတ်လျှောက်သွားရင်း အပြင်မှာ ပိုချောတယ်ဟု ပြောသွားတတ်သည်။ ကားမောင်းသွားလျှင် လှမ်းပြီး လတ်ပြတာမျိုးလည်း ရှိသေးသည်။

တစ်နေ့တော့ စိမ်းဝါနှင့်သူ အအေးဆိုင်တစ်ခုမှာ ထိုင်နေကြသည်၊ ခဏကြာတော့ တစ်ဖက်စားပွဲသို့ မိန်းကလေးတစ်သိုက် ရောက်လာသည်။ သူတို့ထဲက တစ်ယောက်က မင်းလွင်ဦးကို မှတ်မိသွား၏။ အချင်းချင်း လက်တုတ်ပြီး ပြောကြသည်။ ဟုတ်တယ် မဟုတ်ဘူးလို့ တိုးတိုးကျိတ်ကျိတ် ငြင်းကြရာက. . .

"လောင်းမလား၊ ဟုတ်ကို ဟုတ်ရမယ်၊ ဒီဝိုင်းကို ကျသလောက် ရှင်းကြေး"

"လုပ်လိုက်လေ"

သူတို့အထဲမှ အသွက်ဆုံး မိန်းကလေးတစ်ယောက် ထလာပြီး မင်းလွင်ဦးတို့ စားပွဲဘေးမှာ လာရပ်သည်။

"ရုပ်ရှင်မင်းသား ကိုမင်းလွင်ဦး မဟုတ်လားဟင်"

"ဟုတ်. . . ဟုတ်ကဲ့"

"ဟာ. . . နိုင်ပြီဟေ့၊ နိုင်ပြီ၊ ဟုတ်တယ်တဲ့၊ ကျွန်မက ဟုတ်တယ်လို့ ပြောတာ၊ ကဲ. . . အအေးဖိုး နင် ရှင်းပေတော့"

ဟု သူ့သူငယ်ချင်းကို လှည့်ပြောသည်။ ကောင်မလေး တစ်ယောက်က. . .

"ရှင်းမယ်ဟေ့၊ ဝမ်းမြောက်ဝမ်းသာ ရှင်းမယ်၊ ဒီဝိုင်းတင် မကဘူး၊ ကိုမင်းလွင်ဦးတို့အတွက်ပါ ရှင်းမယ်"

"ဟာ. . . နေပါစေ"

မင်းလွင်ဦးက ယောင်တောင်တောင် ပြောလိုက်သည်။

"ဟာ. . . ဘယ်ရမလဲ၊ ကိုမင်းလွင်ဦးကို အအေးတိုက်





လိုက်ရတယ်ဆိုတာ နည်းတဲ့အခွင့်အရေးမှ မဟုတ်ဘဲ"

ဒီနောက်တော့ ကောင်မလေးတစ်သိုက် စားပွဲဘေးမှာ ဝိုင်းနေသည်။ အော်တိုစာအုပ် လက်မှတ်ထိုးခိုင်းကြသည်။ တစ်ယောက်က. . .

"သူများမှာ အော်တိုစာအုပ် ပါမလာလို့ ဒီပေါ်မှာပဲ လက်မှတ်ထိုးပေးပါနော်"

ဆိုပြီး လက်ကိုင်ပုဝါ ချပေးသည်။ တစ်ယောက်က ဝင်နောက်သည်။

"အဲဒီလက်ကိုင်ပုဝါက နှပ်ညှစ်ထားတာ"

ဝါးခနဲ ရယ်ကြသည်။ လက်ကိုင်ပုဝါ ပိုင်ရှင်က. . .

"ဟုတ်ပါဘူးနော်၊ အသစ်စက်စက်ပါ"

လက်ကိုင်ပုဝါပေါ် လက်မှတ်ထိုးပေးလိုက်ရသည်။ တစ်ယောက်က မင်းလွင်ဦး၏ ဖန်ခွက်ထဲက အအေးစုပ်သည့် ပိုက်ကလေးကို အမှတ်တရ လက်ဆောင်အဖြစ် တောင်းသည်။

စိမ်းဝါသည် မနေတတ် မထိုင်တတ်လောက်အောင် ရှက်ပြီး ခေါင်းကြီး ငုံ့ထားရသည်။ ချွေးတွေလည်း ပြန်လာသည်။ ဒါကိုလည်း ချမ်းသာမပေး။

"ဒီက အစ်မက ကိုမင်းလွင်ဦးနဲ့ ဘာတော်လဲဟင်"

ဟု မေးသည်။ စိမ်းဝါ ခေါင်းကိုသာ တွင်တွင်ငုံ့ထားမိသည်။ မင်းလွင်ဦးလည်း မျက်နှာကြီး နီရဲပြီး အဖြေမပေးနိုင်ဘဲ ဖြစ်နေ၏။

"မောင်နှမပဲ ဖြစ်မှာပါနော်. . . ဟီဟိ"

ထိုနောက်ပိုင်းတွင် မင်းလွင်ဦး အပြင်ထွက်လျှင် ဒီနေတာ မျက်မှန်ကြီး တပ်တပ်ထားရတော့သည်။ ဒါတောင် ထချို့တာ မှတ်



www.burmeseclassic.com

www.burmeseclassic.com



မိချင်သေးသည်။

"နောက်ကို တွေ့ချင်ရင် အိမ်မှာပဲ တွေ့ရအောင်ပါ မောင်ရယ်၊ မောင်နဲ့ အတူတူ သွားရလာရတာ သိပ်အနေရခက်တာပဲ"

ဟု စိမ်းဝါက ပြောသည်။ မင်းလွင်ဦးက...

"မောင်လည်း အနေရခက်တာပဲ၊ ခုလို မိန်းကလေး ပရိသတ်က သဘောကျကြတာ မောင့်အတွက် ကောင်းတဲ့ အလားအလာ ဆိုတာကတော့ မှန်ပါတယ်၊ ဒါပေမယ့် လွတ်လွတ်လပ်လပ် နေချင်သလို မနေရတာက တော်တော် စိတ်ပျက်ဖို့ကောင်းတယ်၊ ခုဆိုရင် သူငယ်ချင်းတွေနဲ့ လမ်းဘေး လက်ဖက်ရည်ဆိုင် ထိုင်ဖို့တောင် ခပ်ခက်ခက်ပဲ၊ သူငယ်ချင်းတွေကလည်း ခုတောင် ဒီလောက် ဖြစ်နေရင် နောက်ဆိုရင် မင်းကို တွေ့ချင်ရင် လျှောက်လွှာတွေ ဘာတွေ တင်ရမှာလားကွလို့ ရိကြသေးတယ်၊ နာမည်ကြီးလာတာနဲ့အမျှ လွတ်လပ်မှုကို ဆုံးရှုံးလာတာပဲဆိုတဲ့ စကားက သိပ်မှန်တာပဲ၊ ဒါကြောင့် ပညာရှိကြီးတစ်ယောက်က ပြောတာ၊ နာမည်ကြီးပုဂ္ဂိုလ်ဆိုသည်မှာ မိမိကို လူသိများအောင် အပြင်းအထန် ကြိုးစားခဲ့ရပြီးမှ လူကြားထဲ သွားလျှင် မိမိကို မမှတ်မိအောင် နေကာမျက်မှန်နက်ကြီး တပ်ထားရသူမျိုး ဖြစ်၏...တဲ့"

မင်းလွင်ဦးက ခုလို နာမည်ကျော်လာပြီး မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေသော်လည်း စိမ်းဝါက စိတ်မချ မဖြစ်၊ မင်းလွင်ဦးကို သူ ယုံသည်။ မမဝင်းကတော့...

"သိပ်ပြီး စိတ်ချလက်ချ လွှတ်မထားနဲ့နော်၊ ခုခေတ်မှာ လူရိုးဆိုတာ သင်္ချိုင်းမှာတောင် မရှိချင်တော့ဘူး၊ သေရင် မီးသင်္ဂြိုဟ်ကြတာက များတာကိုး၊ ယောက်ျားဆိုတာ ဘယ်လောက်





ရိုးပါတယ်ပြောပြော မိန်းမက စလာရင် ယိုင်သွားတာပဲ"

ဟု သတိပေးသည်။

စိမ်းဝါကတော့ ခပ်အေးအေးပင်။

မောင်နှင့် ပတ်သက်လို့ ဟိုအရင်ကတောင် သူနှင့် မတန်ဘူးဟု ထင်ခဲ့သေးတာ။ ခုချိန်ကျမှ မောင်က စွန့်ခွာသွားတော့ကော ဘာတတ်နိုင်မှာလဲ ဟူ၍သာ တွေးသည်။

... ...



www.burmeseclassic.com

www.burmeseclassic.com



စိမ်းဝါက ဘာမှမဖြစ်ရဘဲ မင်းလွင်ဦးက ဖြစ်နေသည်။ စိမ်းဝါကို စိတ်မချဘူးဟု ပြောလာသည်။ တခြားယောက်ျားလေးတွေနှင့် စကားပြောလျှင် မကျေနပ်။

"မောင်ရယ်. . . စိမ်းဝါကသာ မောင့်အပေါ်မှာ သဝန်တိုရမှာပါ၊ ခုတော့ မောင်ကပဲ ပြောင်းပြန်"

"အိုး. . . ဘာတွေ ပြောနေနေ မောင်တော့ စိတ်မချဘူး၊ အခုတလော စိမ်းဝါ ယောက်ျားလေးတွေနဲ့ အရောတဝင် နေလွန်းတယ်"

အိမ်အောက်ထပ်မှာ ငှားနေသော ကျောင်းသူ တစ်ယောက်၏ အစ်ကိုက စာပေးစာယူသင်တန်း တက်နေသည်။ သူ့ညီမဆီ လာလည်ရင်း စိမ်းဝါနှင့် တွေ့ပြီး စကားပြောဖြစ်ရာ သင်တန်းချင်း တူတူဖြစ်နေကြောင်း သိရ၏။ စာမေးပွဲနီးပြီ ဖြစ်သဖြင့် စာအကြောင်း ပြောဖြစ်ကြသည်။ တစ်ယောက်နှင့် တစ်ယောက် မှတ်စုချင်း တိုက်ကြည့်တာ၊ စာအုပ်ငှားတာတို့ ပြုလုပ်ကြသည်။ ထိုသူက စိမ်းဝါကို စိတ်ဝင်စားနေသည်။ နောက် သူ့ညီမမှ





တစ်ဆင့် မင်းလွင်ဦးနှင့်အကြောင်း သိသွားပြီး နောက်ဆုတ်သွားသည်။ အခင်အမင်မပျက် ဆက်နေသည်။

ဒါကို မင်းလွင်ဦးက သိပ်သဘောမတွေ့။ ထိုသူနှင့် ထိုင်ပြီး စာအကြောင်း ဆွေးနွေးနေတုန်း **မင်းလွင်ဦး** ရောက်လာလျှင် မကျေမနပ် ကြည့်တတ်သည်။

စိမ်းဝါက မင်းလွင်ဦးနှင့် **မိတ်ဆက်ပေးသည်။ ထိုလူ**တဝမ်းသာအားရ ရှိသော်လည်း မင်းလွင်ဦးက **တတ်တတ်ဝတ်ဝတ်** မရှိ။

ဒီနေ့လည်း ဟိုလူက စိမ်းဝါဆီက ငှားသွားသော **မှတ်စု** စာအုပ် ပြန်လာပေးရင်း စကားထိုင်ပြောနေတုန်း **မင်းလွင်ဦး** ရောက်လာခြင်း ဖြစ်၏။

"စောစောက ဟိုကောင်နဲ့ ဘာတွေ ပြောပြီး ဒီလောက်တောင် သဘောကျနေရတာလဲ၊ တဟီးဟီး တဟဲဟဲနဲ့"

"သူက ရယ်စရာတွေ ပြောတာကိုး"

"သူပြောတိုင်း ရယ်ရမှာလား"

"ဟင်. . . ရယ်စရာပြောတာ မရယ်ဘဲ နေနိုင်ပါ့မလား မောင်ရဲ့"

"ဒီလောက် နောက်လားပြောင်လား နေရလောက်အောင် ရင်းနှီးနေပြီပေါ့ ဟုတ်လား"

"ဒါကတော့"

"ဒါကတော့တွေ ဘာတွေ လုပ်မနေပါနဲ့၊ ဒီကောင်တစိမ်းဝါကို ကျိတ်ပြီး ကြိုက်နေတာ မဟုတ်လား၊ ဒီလိုလူမျိုးပေါ့၊ စိမ်းဝါက အရောတဝင် လုပ်နေရင် သူက ကမ်းတက်လာမှာပေါ့"

"မောင်နဲ့အကြောင်း သူ မသိခင်ကပါ၊ အခု သိသွားပြီလေ

www.burmeseclassic.com

သူကတောင် မောင့်ကို ယောကျ်ားပီသတယ်၊ ဇာတ်ကားထွက်လာရင် အောင်မြင်မှာပဲလို့ ချီးကျူးသေးတယ်"

"အလကားပါ၊ ဒါ သက်သက်ရိတာ ဖြစ်မှာပဲ"

စိမ်းဝါက ရယ်လိုက်သည်။ မောင်က ဘာရယ်တာလဲဟု ဆောင့်ဆောင့်အောင့်အောင့် လေသံဖြင့် မေးသည်။

"ရယ်စရာကောင်းလို့ပါ၊ မောင့်လို သူဌေးသား ရုပ်ရှင်မင်းသားတစ်ယောက်ကို စိမ်းဝါက သဝန်မတိုရဘဲ စိမ်းဝါလိုတောသူမ ရုပ်ဆိုးမကို မောင်က သဝန်တိုနေတာ မထူးဆန်းဘူးလား"

"ဘာရုပ်ဆိုးမလဲ၊ စိမ်းဝါက လှလို့သာ အဲဒီကောင်က စိတ်ဝင်စားတာပေါ့"

"မောင်ရယ်. . . စိမ်းဝါ သဝန်ကြောင်ဖို့လည်း ချန်ထားပါဦး၊ တကယ်ဆိုရင် စိမ်းဝါအဖို့ ဘယ်လောက် သဝန်ကြောင်ဖို့ကောင်းသလဲ၊ ကိုယ့်ချစ်သူက မိန်းကလေးတွေ ဝိုင်းဝိုင်းလည်လို့နောက်ပြီး မင်းသမီးတွေနဲ့ ပွေ့လိုက်ဖက်လိုက်"

"သြော် ဒါကြောင့် စိမ်းဝါကလည်း တခြားယောကျ်ားလေးတွေနဲ့ အရောတဝင် နေမယ်ပေါ့ ဟုတ်လား၊ ကောင်းပြီ. . . ကြိုက်သလိုနေ၊ ဖက်ချင်ဖက်နေ"

ဟု ဆောင့်ကြီးအောင့်ကြီး ပြောပြီး ထထွက်သွား၏။ မောင် စိတ်ဆိုးတာ ဒီတစ်ခါပဲ တွေ့ဖူးသေးသည်။

မင်းလွင်ဦးသည် စိမ်းဝါဆီ မလာဘဲ နေသည်။ သို့ရာတွင် သုံးရက်ထက် ပိုမနေနိုင်။ တစ်ညနေ ရောက်ချလာခဲ့သည်။

ဟိုတစ်နေ့က ဘာမှ မဖြစ်ခဲ့လေဟန် ရယ်ကာမောကာ စကားတွေ ပြောနေသည်။ စိမ်းဝါက ခပ်တည်တည် လုပ်နေ၏။





ဒီလိုကျပြန်တော့ မင်းလွင်ဦး မနေတတ် မထိုင်တတ်ဖြစ်ပြီ။ တတွတ်တွတ် ချော့မော့နေသည်။

"မောင် ရုတ်တရက် ဒေါသန်သွားလို့ပါကွာ၊ သိပ်ချစ်လို့ သူများ ကြည့်တာကိုတောင် မခံနိုင် ဖြစ်ရတာပါ၊ မောင် တောင်းပန်ပါတယ်"

စိမ်းဝါက မလှုပ်။ "မောင့်ကို စိတ်ဆိုးနေလားဟင်"

ထိုစကားကို သုံးကြိမ်မြောက် မေးတော့မှ စိမ်းဝါက. . .

"စိတ်ဆိုးတယ် မဆိုးဘူးဆိုတာ စိမ်းဝါက ပြောနေဖို့မလိုပါဘူး၊ မောင့်ဘာသာ စဉ်းစားကြည့်၊ စိတ်ဆိုးသင့်သလားမဆိုးသင့်ဘူးလားလို့"

"ဆိုးသင့်ပါတယ်၊ ဒါပေမယ့် မောင်က တောင်းပန်ရင်လည်း ခွင့်လွှတ်သင့်ပါတယ်"

"မောင်ပဲ စဉ်းစားကြည့်ပါဦး၊ စိမ်းဝါက တခြားယောကျ်ားလေးတွေနဲ့ ပလူးပလဲ နေတဲ့သဘောမျိုး အပြောခံရတာစိတ်မဆိုးသင့်ဘူးလား"

"ဟုတ်ပါတယ်၊ မောင် ဒါကြောင့် တောင်းပန်နေတာပေါ့၊ ကျေပါတော့ စိမ်းဝါရယ်၊ ကဲ. . . စိမ်းဝါ စိတ်ဆိုးပြေအောင် မောင် ချော့မယ်နော်၊ ရော့. . . စိမ်းဝါအတွက် မောင် ဝယ်လာတာ"

ဆိုပြီး ကလေးကစားစရာ ကော်ပတ်ရုပ်လေးတစ်ရုပ် ပေးသည်။ ထိုအခါကျပြန်တော့လည်း စိမ်းဝါ မရယ်ဘဲ မနေနိုင်တော့။

. . . မြသော် . . .



www.burmeseclassic.com

www.burmeseclassic.com



စိမ်းဝါတို့ စာမေးပွဲ နီးသဖြင့် အနီးကပ် သင်တန်းတွေ တက်ရသည်။ မင်းလွင်ဦးက ကျောင်းကို လာကြိုချင်သည်၊ စိမ်းဝါက မကြိုစေချင်။

"မိန်းကလေးတွေက မောင့်ကို မှတ်မိနေကြတာ၊ ရှက်စရာကြီး"

"မောင်နဲ့ တွေ့ရတာ စိမ်းဝါက ရှက်တယ်ပေါ့ ဟုတ်လား"

ဟု မကျေမနပ်လေသံဖြင့် ပြောသည်။

"မောင် ခုတလော ဘယ်လိုဖြစ်နေတာလဲ၊ အထေ့အငေါ့ စကားပဲ ပြောနေတာပဲ"

"စိမ်းဝါကရော ဘယ်လိုဖြစ်နေတာလဲ၊ မောင်နဲ့ တွဲသွားရမှာ ရှက်တယ်လေး ဘာလေးနဲ့"

"ဩော်. . . မောင်ရယ်၊ နှာမည်ကြီးတဲ့ လူတစ်ယောက်နဲ့ အတူတူ တွဲရတဲ့အခါ ကာယကံရှင်ထက် ဘေးက လိုက်ရတဲ့သူက





ပိုပြီး အနေရခက်တယ် သိလား"

"အင်းပေါ့လေ၊ ဒါဆိုလည်း မောင် လာမကြိုတော့ပါဘူး၊ ဒီမင်းသားအလုပ်ကလည်း မလွယ်လိုက်တာ၊ ကိုယ့်ချစ်သူနဲ့တောင် ပွတ်လွတ်လပ်လပ် မနေရပါတလား"

မင်းလွင်ဦးက ညည်းညည်းညူညူ ပြောလိုက်၏။ ခုလို မောင် စိတ်မချမ်းမသာ ဖြစ်ရတော့ စိမ်းဝါ မနေနိုင်။

"တစ်ခါတစ်လေတော့ လာကြိုချင်ကြိုပေါ့ မောင်ရယ်၊ ခဏခဏတော့ မလာနဲ့ပေါ့"

မင်းလွင်ဦး စိမ်းဝါကို ကျောင်းမှာ လာကြိုသည့်အခါ လူမမှတ်မိအောင် ကြိုးစားပြင်ဆင်လာသည်၊ ဆံပင်ကို နောက်လှန်ဖြီးသည်။ ပါဝါမပါသော ရွှေကိုင်းမျက်မှန် တပ်လာသည်။ သို့တိုင်အောင် မှတ်မိသူ တချို့တလေကတော့ ရှိနေ၏။

"အတန်းထဲက တချို့မိန်းကလေးတွေက မောင့်ကို သိတယ်၊ အဲဒါ စိမ်းဝါကို မေးကြတယ်၊ မောင်နဲ့ စိမ်းဝါ ဘာတော်သလဲတဲ့"

"ဘယ်လို ဖြေလိုက်လဲ"

"မောင်နှမလို့"

"ဟင်. . . ဘာဖြစ်လို့ အမှန်အတိုင်း မပြောတာလဲ"

"ရှက်လို့ပေါ့"

"လာပြန်ပြီ၊ ရှက်တာက. . ."

"နောက် သူတို့ဘာသာ သိချင်လည်း သိကြပစေပေါ့၊ စိမ်းဝါကတော့ ပါးစပ်က ပြောမထွက်ဘူးလေ၊ သူတို့ကလည်း စိမ်းဝါ ပြောတာကို မယုံကြပါဘူး၊ မောင်နှမဆိုပြီး တူလည်း မတူဘူးတဲ့၊ ဒါနဲ့ စိမ်းဝါက ဘယ်တူမလဲလို့၊ စိမ်းဝါက သမီးအရင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ မောင့်ဖေဖေက မွေးစားတာလို့ ပြောလိုက်တယ်"

"စိမ်းဝါက တော်တော် နောက်တာပဲ၊ ဟုတ်တော့ ဟုတ်တယ်နော်၊ စိမ်းဝါသာ မောင့်ညီမလေးဆို သိပ်ကောင်းမှာပဲ၊ ဟာ မဖြစ်သေးပါဘူး၊ မောင့်ညီမဆိုရင် အရွယ်ရောက်လာတော့ တခြားသူနဲ့ ယူသွားမှာပေါ့"





စာမေးပွဲ ဖြေပြီးသွားသည်။

အမေ့ဆီ တစ်ခေါက်ပြန်ရဦးမည်။ တကယ့်တော့ သိပ်မပြန်ချင်လှ။ အမေ့ကို သတိမရသောကြောင့်လည်း မဟုတ်။ အမေ့ကို သိပ်တွေ့ချင်သည်။

သို့ရာတွင် မောင်နှင့် ခွဲခွာသွားဖို့ ဝန်လေးနေမိတာ အမှန်။ အမေ့ထက်တောင် မောင့်အပေါ် သံယောဇဉ် ပိုနေမိသလို ဖြစ်နေသဖြင့် သူ့ကိုယ်သူ ရှက်ရသေးသည်။

တစ်မျိုးစီပေါ့လေဟု သူ့စိတ်သူ ဖြေသည်။

သူသွားသည့်နေ့က မင်းလွင်ဦး ရုပ်ရှင်ရိုက်စရာ ရှိနေသည်။ သို့တိုင်အောင် မရရအောင် အချိန်လုပြီး လိုက်ပို့ပေးသည်။ ရုပ်ရှင်ရိုက်လျက် တန်းလန်းက ထလာရသောကြောင့် မိတ်ကပ်တွေတောင် မဖျက်ရသေး။

ကားဂိတ်မှာ လူတချို့က ပြုံးစိစိ ကြည့်ကြသည်။ တချို့က လည်း ရုပ်ရှင်မင်းသားမှန်း မသိ။ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလျှာပဲ ဖြစ်မှာပဲဟု ကြည့်ကြခြင်း ဖြစ်၏။

မောင်ကတော့ ရှက်မနေနိုင်။ စိမ်းဝါကို မြန်မြန်ပြန်ခဲ့ဖို့သာ တတွတ်တွတ် မှာနေသည်။

ကားစီးရသည့်ခရီးမှာ ဒီတစ်ခါ ငြီးငွေ့ဖွယ် အကောင်းဆုံးဟု ထင်သည်။ ကားလမ်းတစ်လျှောက် ဝဲယာရှိ ရှုခင်းတွေကို မကြည့်တော့ဘဲ အသာမှိန်းရင်း ဟိုတွေးဒီတွေး တွေးလာခဲ့သည်။

စာမေးပွဲ ဖြေပြီးပြီ။ အောင်ဖို့ သေချာပြီ။ ဘွဲ့ရတော့မည်။ ပြီးလျှင် ဘာလုပ်မလဲ။

တကယ်တော့ သူ့ဘဝရှေ့ရေးမှာ တိကျရေရာစွာ ရှိပြီးသား ဖြစ်၏။ တစ်ချိန်ချိန်မှာ မောင်နှင့် လက်ထပ်ရမည်။ ပြီးတော့ မောင်တို့လုပ်ငန်းထဲမှာ ဝင်လုပ်ရမည်။ စားသောက်နေထိုင်ရေး ပူပင်စရာမရှိ။ တိုက်နှင့်ကားနှင့် အသုံးအဆောင်ပစ္စည်း အပြည့်အစုံ၊ ငွေကြေးအလုံအလောက်။ တစ်ခါတစ်ခါ ဒါတွေ တွေးမိလျှင် ယုံတောင် မယုံချင်။

နောက်ဆံငင်စရာ တစ်ခုပဲ ရှိသည်။ အမေနှင့် ပတ်သက်၍ စိမ်းဝါက ရန်ကုန်မှာ အခြေချနေရမည်။ အမေကကော ရန်ကုန်ကို လိုက်နိုင်ပါ့မလား။ သူ့အိမ်ကလေးနှင့် သူ့ပတ်ဝန်းကျင်ကို ခွဲခွာနိုင်ပါ့မလား။

. . . ❀❀❀ . . .





အိမ်ကို ရောက်တော့ အံ့ဩစရာတစ်ခုနှင့် ကြုံရသည်။ သူ့အတွက် စာတစ်စောင် ရောက်နှင့်နေခြင်းဝင်၊ စာအိတ်ပေါ်က လက်ရေးမြင်တော့ ပိုပြီး အံ့ဩရသည်။ မင်းလွင်ဦး၏ လက်ရေး၊ စာကို ဖတ်ကြည့်တော့. . .

*စိမ်းဝါလေး. . .*

*အံ့ဩသွားသလားဟင်၊ စိမ်းဝါ ရောက်ရောက်ချင်း မောင့်စာကို ဖတ်ရအောင် စိမ်းဝါ ရန်ကုန်က မထွက်ခင် ငါးရက်လောက်ကတည်းက ဒီစာကို ကြိုတင်ရေးပြီး စာတိုက်က ထည့်ထားလိုက်တာ။*

*တော်တော် ပိုတယ်၊ တော်တော် ကြောင်တယ်လို့များ ထင်နေမလား မသိဘူး၊ ထင်ချင်လည်း ထင်တော့လေ၊ စိမ်းဝါ မသွားခင်ကတည်းက မောင်က ကြိုတင်ပြီး လွမ်းနေခဲ့တာကိုး။*

*စိမ်းဝါတို့ မေမေကိုလည်း မောင်က သတိရတယ်လို့*



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါ၊ တစ်ခါမှ မမြင်ဖူးပေမယ့် အမြဲတမ်း လေးစားရိုသေလျက်ပါ၊ အဝေးကနေ မှန်းပြီး ရှိခိုးကန်တော့လျက်ပါလို့. . .

စသည်ဖြင့် ရေးသားထားသည်။

မောင်က အမေ့အတွက် လက်ဆောင်တွေ ပေးလိုက်သေးသည်။ နိုင်ငံခြားဖြစ် မုန့်သေတ္တာ၊ အိုဗာတင်း၊ အိုဒီကလုံးရေမွှေး၊ ပိုက်ထရွှန်အားဆေး၊ ဘယ်ကဘယ်လို ရှာဝယ်မှန်း မသိသော အမေတို့ အရင်က ဝတ်လေ့ရှိသည့် ပဒုမ္မာ ရှန်သားအဖြူတစ်အုပ်၊ ပါတိတ်လုံချည် စသည်ဖြင့် တနင့်တပိုးချည်း ဖြစ်၏။

အမေက. . .

“များလိုက်တာ သမီးရယ်၊ အလကား ပိုက်ဆံအကုန်ခံလို့ အမေ့အတွက် ဒါတွေ မလိုပါဘူး”

“ကျွန်မလည်း ပြောပါတယ်၊ အိုဗာတင်းတို့ ဘီစကွတ်တို့ အမေလည်း ကြိုက်မှာ မဟုတ်ပါဘူးလို့၊ သူက မကြိုက်လည်း ဘုန်းကြီးကျောင်း ကပ်လို့ရတာပေါ့တဲ့”

“အေး ဟုတ်တယ်၊ ဆရာတော့်ကျောင်းကို ဘာမှ မကပ်ဖြစ်တာ လေးငါးရက် ရှိပြီ၊ ညည်းတို့ ကုသိုလ်ရအောင် လှူလိုက်ဦးမှ”

အမေက ညည်းတို့ ဟူသော အသုံးအနှုန်းကို ထည့်ပြောသဖြင့် သူတို့နှစ်ယောက်ကို အသိအမှတ်ပြုပြီး ဖြစ်သည်ဟု ယူဆရသောကြောင့် စိမ်းဝါ ကျေနပ်သွားသည်။

“အမေ နေလို့မှ ကောင်းရဲ့လား”

“ကောင်းပါတယ်အေ့၊ ဘာကြောင့် မေးတာတုန်း”

“နည်းနည်း ပိန်သွားသလားလို့”





“လူပဲကွယ်၊ ပိန်တဲ့အခါ ပိန်၊ ဝတဲ့အခါ ဝမှာပေါ့၊ သံတွေ သံခဲမှ မဟုတ်တာ”

“သိပါဘူး၊ ကျွန်မကိုများ သတိရပြီး. . .”

“အင်း. . . သတိရတာကတော့ အမြဲပေါ့ကွယ်”

“အမေ့ကို ကျွန်မ ပြောစရာတစ်ခု ရှိသေးတယ်”

စိမ်းဝါက စကားစသည်။

“အမေ နောက်ဆိုရင် ရန်ကုန်မှာ လိုက်နေပါလားဟင်”

အမေကလည်း ထိုကိစ္စကို မကြာခဏ စဉ်းစားခဲ့ဖူးပြီး ဆုံးဖြတ်ချက်လည်း ချခဲ့ပြီးဟန်ဖြင့် ချက်ချင်း ခေါင်းခါသည်။

“ဘာဖြစ်လို့လဲ အမေ၊ ကျွန်မနဲ့ ခွဲနေနိုင်လို့လား”

အမေက ပြုံးသည်။

“အေးပါ၊ မိန်းမဆိုတာ သွောင်နောက် ဆံထုံးပါ ဆိုသလို ယောကျ်ားရှိရာ လိုက်နေရတာ မမှတာပဲ၊ အမေကလည်း ညည်းအဖေနဲ့ အကြောင်းပါလို့ မကွေးကနေ ဒီမှာ လာနေရတာပေါ့။ မြို့ကြီးပြကြီးမှာ အမေ မနေချင်ပါဘူးကွယ်၊ ဒီမှာပဲ လွတ်လွတ်လပ်လပ် နေပါရစေ၊ ဒီမှာက ကိုယ့်ဆွေမျိုး အသိုက်အဝန်းကြားထဲ နေရတော့ လုံခြုံတယ်လို့ ထင်တယ်”

“မြေးဦးလေး ရလာရင်တော့ အမေ ဟိုမှာ လာမနေဘဲ မနေနိုင်ပါဘူး” ဟု စိမ်းဝါ စိတ်ထဲက ပြောလိုက်၏။

. . . ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခေါက် ဆယ်ရက်လောက်ပဲ နေဖြစ်သည်။ ရန်ကုန်ပြန်ချင်သောစိတ်က အလွန်ပြင်းထန်နေသည်။

ဒီကြားထဲမှာ အိပ်မက်က မက်သေးသည်။ မောင်နှင့် အေးသစ္စာတို့ ပွဲ့ဖက်သည့်အခန်း ရှပ်ရှင်ရိုက်သည့်အကြောင်း မက်ခြင်းဖြစ်၏။ ထို့နောက် ရှပ်ရှင်အဖွဲ့သားတွေအားလုံး ထွက်သွားကြသည်။ ဦးခင်မောင်မြင့်က ဒီအခန်းကို နင် ဆက်ရိုက်လိုက်ဟု စိမ်းဝါကို ပြောသည်။ စိမ်းဝါက ဇာတ်ညွှန်းစာအုပ်ကို ကိုင်ပြီး မဖက်နဲ့ မဖက်ကြနဲ့ဟု အော်သည်။ မောင်နှင့် အေးသစ္စာတို့က ရယ်နေကြသည်။ ရှပ်ရှင်အဖွဲ့သားတွေ ပြန်ရောက်လာကြပြီး စိမ်းဝါကို ကြည့်၍ ဝိုင်းရယ်ကြသည်။

ထိုအိပ်မက် မက်ပြီးကတည်းက စိမ်းဝါ ရန်ကုန်ပြန်ချင်စိတ် ပေါ်လာသည်။ ဘာကြောင့်မှန်း မသိ။ မောင့်ကို စိတ်မချနိုင်ဘဲ ဖြစ်လာ၏။ အေးသစ္စာက မောင့်ကို သူ့လက်ထဲက လုယူသွားလိမ့်မည်ဟူသော အစွဲအလန်း ဖြစ်ပေါ်လာသည်။ သူ မရှိသည့်





အချိန်မှာ မောင်က အေးသစ္စာနှင့် တွဲနေလိမ့်မည်ဟု ထင်လာသည်။

ထို့ကြောင့် ခန့်မှန်းထားသည်ထက် စောပြီး ရန်ကုန်ပြန်လာခဲ့သည်။ ကားပေါ်မှာ ဖတ်ရန် မဂ္ဂဇင်းစာအုပ်တစ်အုပ် ကားဂိတ်မှ ဝယ်လာခဲ့သည်။

ထိုမဂ္ဂဇင်းထဲတွင် အေးသစ္စာ၏ အသက်နှစ်ဆယ်မြောက် မွေးနေ့ပွဲအကြောင်း ပါလာသည်။ ဓာတ်ပုံတွေလည်း ပါသည်။ ပုံအတော်များများမှာ မောင်နှင့် အေးသစ္စာတို့ တွဲလျက် ပါရှိနေ၏။

ပုံတစ်ပုံကတော့ အေးသစ္စာက မောင့်ကို ရေခဲမုန့် ခွံ့ကျွေးနေသည့်ပုံ။

ရင်ထဲမှာ ကျင်ခနဲ ဖြစ်သွား၏။ ဒေါသမဖြစ်စဖူး ဖြစ်မိသည်။ ထိုညစ်ခံပွဲအကြောင်း ရေးထားသည့်ဆောင်းပါးကို မဖတ်ဘဲ မနေနိုင်သဖြင့် ဖတ်ကြည့်သည်။

ဆောင်းပါးထဲတွင် မင်းလွင်ဦးနှင့် အေးသစ္စာတို့ တော်တော် ရင်းနှီးကြဟန် ရှိကြောင်း၊ မင်းလွင်ဦးသည် ညစ်ခံပွဲတွင် အိမ်ရှင်တစ်ဦးပမာ အနီးကပ် ကူညီခဲ့ကြောင်း ရေးထားသည်။

စိမ်းဝါ ရန်ကုန် အမြန်ဆုံး ပြန်ရောက်ချင်သည်။ ဒီကိစ္စတို မောင့်ကို မေးရဦးမည်။ မောင် ခုတလော စိမ်းဝါကို အရမ်းဝရှစိုက်တာတွေ သဝန်တိုနေတာတွေဟာ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား။

“ယောက်ျားတစ်ယောက်က ကိုယ့်ကို ပုံမှန်ထက် ပြီး ထူးထူးခြားခြား ဂရုတစိုက် လုပ်လာပြီဆိုရင် သတိသာ ထားပေတော့၊ သူတို့ တစ်ခုခု မဟုတ်တာ လုပ်ထားတာကို အကာအကွယ်

www.burmeseclassic.com



ဖြစ်အောင် ဖန်တီးတာပဲ”

ဟု မမဝင်းက ပြောဖူးသည်။

မောင်ကတော့ မဟုတ်တာ တစ်ခုခု လုပ်နေပြီလား။ အေးသစ္စာအပေါ် သာယာနေပြီလား။

စိမ်းဝါကို စွန့်ပစ်ဖို့ အချိန်နီးလာပြီလား၊ သို့တည်းမဟုတ် စိမ်းဝါသည် သူ့လက်ခုပ်ထဲက ရေ၊ ဘယ်လိုလုပ်လုပ် ဘယ်နေရာ ထားထား နေရမည့်သူ။

ရုပ်ရှင်မင်းသားတစ်ဦးအဖို့ မိန်းကလေးတွေနှင့် ရှုပ်တာ ပွေတာ မဆန်းဘူးဆိုသည့် အချိုးမျိုးတွေလား။

ဒါကို မေးရမည်။

သို့တိုင်အောင် ရန်ကုန် ပြန်ရောက်ရောက်ချင်း မောင့်ဆီ အကြောင်းမကြားဖြစ်။ သုံးလေးရက် နေမှ ဦးခင်မောင်မြင့်က ပြောသဖြင့် သိသွားပြီး မောင် အပြေးအလွှား ရောက်လာသည်။

“တော်တော်ဆိုးတဲ့ စိမ်းဝါ၊ ပြန်ရောက်တာ ဘာဖြစ်လို့ အကြောင်းမကြားတာလဲ”

မောင့်ပုံစံကတော့ ဘာမှ ထူးခြားပြောင်းလဲမှု မရှိ။ စိမ်းဝါ မျက်နှာတည်နေတာကိုတော့ မောင် ရိပ်မိသည်။

“စိမ်းဝါ ဘာဖြစ်နေတာလဲ၊ ဟိုမှာ ဘာတွေ ဖြစ်ခဲ့လို့လဲ”

“ဖြစ်တာက ဟိုမှာ မဟုတ်ပါဘူး၊ ဒီမှာပါ”

“ဒီမှာ. . . ဒီမှာ ဘာဖြစ်လို့လဲ”

“မောင်က တော်တော် အိုက်တင်ကောင်းတယ်နော်၊ မင်းသားမို့လို့ ထင်ပါရဲ့”

“ဘာလဲ၊ ဘာဖြစ်လို့လဲ စိမ်းဝါရဲ့”

မောင့်ဟန်ပန်က တကယ် နားမလည်သလို၊





စိမ်းဝါက ဘာမပြောညာမပြော ထထွက်သွားပြီး အခန်းထဲက မဂ္ဂဇင်းစာအုပ် ယူလာသည်။ အေးသစ္စာ၏ မွေးနေ့ပွဲ ဆောင်းပါး ပါသည့် စာမျက်နှာတ ဖွင့်ကြည့်ဖန် များသဖြင့် လက်ကျင့် ပါနေပြီး အလွယ်တကူ ရှာတွေ့သည်။ စာအုပ်ကို မောင့်ရှေ့မှာ ချပြပြီး. . .

“ဒီကိုစ္စလေ. . . ဒီကိစ္စပေါ့”

မင်းလွင်ဦးက စာအုပ်ကို တစ်ချက်ကြည့်သည်။ မျက်နှာကို ရှုံ့မဲ့ပြီး စာအုပ်ကို ပြန်ပိတ်လိုက်သည်။

“အလကားပါ၊ ပေါက်ကရတွေ”

“ဘာ. . . ဓာတ်ပုံနဲ့ အတိအကျပါတာကို”

“နေဦး စိမ်းဝါ၊ မောင် ပြောပြဦးမယ်၊ ဒီလူတွေက ဒါမျိုးတွေ လုပ်နေကျပဲ၊ ဘယ်မင်းသမီးနဲ့ ဘယ်မင်းသား ဘာဖြစ်သလိုလို၊ ဘယ်မင်းသမီးကတော့ ယောကျ်ားနဲ့ အဆင်မပြေဘူးလိုလို၊ အဲဒီလို လိုရာဆွဲတွေးလို့ ရတဲ့ဟာမျိုးတွေ လျှောက်ရေးနေကြတာ၊ ဒီလောကမှာ ရိုးနေပြီ”

“အခု ဒီဆောင်းပါးမှာ ရေးထားတာတွေက အမှန်တွေချည်းပဲ မဟုတ်လား၊ ဓာတ်ပုံတွေကကော”

“ဒီလို၊ ဖြစ်ပုံက. . . အေးသစ္စာက သူ့မွေးနေ့ပွဲမှာ ကူပြီး ဧည့်ခံပေးပါဆိုလို့ ဧည့်ခံပေးတယ်၊ ဟိုရောက်တော့ သူက မောင့်နား လိုက်ကပ်နေတယ်၊ ဓာတ်ပုံဆရာကလည်း ဒါကိုပဲ အမိအရ လိုက်ရိုက်နေတယ်၊ ရေခဲမုန့် ခွံ့ပေးတာကလည်း အလစ်ခံလိုက်ရတာ၊ အေးသစ္စာက နောက်ကနေ ရောက်လာပြီး မောင့်ကို ခေါ်လိုက်လို့ လှည့်အကြည့်မှာ ရေခဲမုန့်ကို လှမ်းခွံ့လိုက်တာ ဓာတ်ပုံဆရာကိုလည်း ကြိုပြောထားလို့ အသင့်စောင့်ပြီး ရိုက်လိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စတို့ ဆရာမြင့်ကလည်း မကျေနပ်ဘူး၊ ဆောင်းပါးရေးတဲ့လူက ဆရာမြင့်နဲ့ သိတယ်၊ ပြောမနာ ဆိုမနာပဲ၊ ဆရာမြင့်က နောက်ကို ဒါမျိုးရေးရင် တရားစွဲမယ်လို့ ပြောလိုက်တယ်၊ အေးသစ္စာကိုလည်း တော်တော် ဆူလိုက်တယ်၊ နာမည်ကြီးချင်ရင် သရုပ်ဆောင်ကောင်းအောင် ကြိုးစားတဲ့နည်းနဲ့ လုပ်၊ ပေါ်ပြူလာ ဖြစ်အောင် လုပ်တဲ့နည်းနဲ့ ဆိုရင်တော့ ဒီကားကို သူနဲ့ ဆက်မရိုက်ဘူးလို့ ပြောလိုက်တယ်"

မောင် ရှင်းပြသည့် အချက်အလက်တွေက ခိုင်လုံသဖြင့် လက်ခံဖို့သာ ရှိသည်။ စိမ်းဝါ ကြည်ကြည်လင်လင်တော့ ဖြစ်မလာသေး။

"စိမ်းဝါရယ်၊ ရုပ်ရှင်မင်းသား တစ်ယောက်ရဲ့ ချစ်သူဆိုတာ ဒီလောက်တော့ အရေထူရမှာပေါ့"

"ဒီ့ထက် အရေထူရရင်လည်း ဆင်မ ဖြစ်တော့မယ်"

"ဆင်လောက်နဲ့ မရဘူး၊ ကြံ့လောက်မှ ဖြစ်မှာ၊ အေးလေ ဘာပဲဖြစ်ဖြစ် စိမ်းဝါ ခုလို မကျေမနပ် ဖြစ်တယ် ဆိုတာကိုပဲ မောင်တော့ သဘောကျတယ်၊ မောင့်ကို သိပ်ချစ်လို့ ဆိုတာ သိလိုက်ရတာကိုး"

စိမ်းဝါသည် မောင့်အပေါ် စိတ်ကျေနပ်လိုက်ရ ကောင်းမလားဟု စဉ်းစားနေ၏။

...မြမြမြ...





ထိုကိစ္စသည် ပြီးပြီးပြေပြေ ဖြစ်မသွားသေး။ မဂ္ဂဇင်းထဲမှာ ပါဝင်ခဲ့သော ဆောင်းပါးကြောင့် စိမ်းဝါ၏ အသိုက်အဝန်းမှာ ဂယက်ရိုက်ခဲ့ရသည်။

ကျောင်းပိတ်ထားသဖြင့် အောက်ထပ်မှာ အခန်းငှားနေသည့် ကျောင်းသူတွေ မရှိကြသဖြင့် တော်သေးသည်။ သို့တိုင်အောင် စာရေးမတွေတော့ ရှိကြသေးသည်။ သူတို့က စိမ်းဝါကို ခင်လက်စ ရှိသဖြင့် ကရုဏာသက်ကြသည်။

"ဘယ်လိုလဲ စိမ်းဝါ၊ ရွှေမင်းသားလေးက သဘောထားမမှန်တော့ဘူးလား"

"စိမ်းဝါကို တို့တွေ ခင်တယ်၊ စိမ်းဝါဘက်က အမြဲရှိတယ်၊ မင်းလွင်ဦးက စိမ်းဝါအပေါ် ရှုတ်ရှုတ် ရှုတ်ရှုတ် လုပ်ရင်တော့ သူ့ဇာတ်ကားကို လုံးဝမကြည့်ဘဲ သပိတ်မှောက်ကြမှာပဲ"

စသည်ဖြင့် ပြောကြသည်။

စိမ်းဝါသည် သက်ာရှင်းရသည့် အလုပ်မျိုးတွေ မလုပ်



www.burmeseclassic.com

www.burmeseclassic.com

ချင်၊ အေးအေးဆေးဆေးသာ နေချင်သည်။ သို့ရာတွင် မရှင်းလို့ မဖြစ်၊ ထို့ကြောင့် သူတို့ကို ရှင်းပြရသည်။

“စိမ်းဝါက သိပ်ရှိုးတာကိုး၊ ခုခေတ်မှာ ရိုးသားရုံနဲ့ မပြီးသေးဘူး၊ ထက်ထက်မြက်မြက် ရှိဖို့လည်း လိုသေးတယ်၊ ယောက်ျားတွေကို သိပ်မယုံနဲ့”

ဟု ပြောကြသည်။

ဒီကြားထဲမှာ အမေ့ဆီက စာတစ်စောင် ရောက်ရှိလာသည်။ အမေ စာရေးလိုက်သည်၊ ဟိုသူငယ်အကြောင်း သတင်းတွေ ကြားရသည်၊ သမီး သူငယ်ချင်းတွေ ပြောပြလို့ သိရခြင်းဖြစ်သည်၊ အမေ စိတ်မကောင်း ဖြစ်ရသည်၊ အထက်တန်းကို မမှန်းလျှင် ကောင်းမည် သမီး. . . စသည်ဖြင့် ရေးထား၏။

စိမ်းဝါသည် ထိုစာကို ဒေါ်လေးနွယ်အား ပြ၍ အကြံဉာဏ် တောင်းရတော့သည်။ ဒေါ်လေးနွယ်က. . .

“မင်းလွင်ဦးရဲ့ ပင်ကိုစိတ်က စိမ်းဝါအပေါ် သစ္စာဖောက်မှာ မဟုတ်ဘူးလို့ ဒေါ်လေး သိထားတယ်၊ ကိုခင်မောင်မြင့်က လည်း အမြဲထိန်းသိမ်းနေတာပဲ”

“ခက်တာက ဒေါ်လေးရယ်၊ အမေတို့က ဘာမှ သိတာ မဟုတ်ဘူး၊ အဲဒါ ဘယ်လို ရှင်းပြရမလဲ၊ မြို့မှာလည်း ဒီအကြောင်း လူတွေ ပြောနေကြမှာပဲ”

“ဒါ အစပဲ ရှိသေးတယ်၊ ဒီအသိုက်အဝန်းထဲ ဝင်ရင် ဒါမျိုးတွေ နောက်ထပ် အများကြီး ကြုံရဦးမယ်၊ တချို့ကိစ္စတွေမှာ မသိချင်ယောင် ဆောင်သင့် ဆောင်ရတယ်၊ ဥပေက္ခာပြုထားသင့်ထားရတယ်၊ ကိုယ်က မိန်းကလေး မဟုတ်လား၊ သူတို့ အသိုက်အဝန်းထဲကို ကိုယ်က ဝင်ရမှာ၊ ဒီတော့ ကိုယ်လိုချင်သလို ဖြစ်လာဖို့





ထက် ကိုယ်ဝင်ရမယ့် အသိုက်အဝန်းနဲ့ လိုက်လျောညီထွေ ဖြစ်အောင် ကိုယ့်စိတ်ကို ထားတတ်ဖို့ အရေးကြီးတယ်၊ နင့်အမေ အတွက်တော့ မပူနဲ့၊ ကြားတဲ့သတင်းတွေ မဟုတ်ဘူးလို့သာ စာတစ်စောင် ရေးလိုက်၊ ငါလည်း ကိုခင်မောင်မြင့်နဲ့ တိုင်ပင်ပြီး ကြည့်ကောင်းအောင် ရေးလိုက်မယ်”

မမဝင်းနှင့်လည်း ထိုကိစ္စ ပြောဖြစ်ကြသေးသည်။ မမဝင်းကလည်း ဒေါ်လေးနွယ်နှင့် တစ်သဘောတည်းပင်၊

“ကိုယ်က ဒီလိုလူကို ကြိုက်မိမှတော့ ဒီဒဏ်တွေ ခံရတော့မှာပေါ့ကွယ်၊ ဒါကို စိတ်မချမ်းသာစရာလို့ သဘောမထားနဲ့၊ အရေးကြီးဆုံးကတော့ မင်းလွင်ဦးနဲ့ အဆင်ပြေနေဖို့ပဲ မဟုတ်လား”

“သူကတော့ အရင်လို သစ္စာရှိလိမ့်ဦးမယ် ထင်လား၊ မမဝင်း မြင်တာကို ပြောပါဦး”

“ခုတော့ စိတ်ချရတဲ့ပုံပါပဲ၊ စိမ်းဝါအပေါ် ပြုမူပြောဆိုပုံ ကြည့်ရတာ မသင်္ကာစရာ မရှိပါဘူး”

မမဝင်းက တစ်ခုခု ထပ်ပြောချင်သေးပုံ ရသည်။ သို့ရာတွင် ဘာမှမပြော။

စိမ်းဝါကတော့ သူ ဘာပြောချင်တယ်ဆိုတာ သိသည်။ ရှေ့ဆက်ပြီး ဒါမျိုးတွေ ကြုံလာတဲ့အခါ စိမ်းဝါ ခံနိုင်ရည် ရှိပါ့မလားဟု မေးလိုခြင်း ဖြစ်လိမ့်မည်။ စိမ်းဝါကိုယ်တိုင်လည်း သူ့ကိုယ်သူ ဒီမေးခွန်းကိုပဲ မေးနေမိ၏။

. . . မှတ်သားဖွယ် . . .



www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်ဦးနှင့် အေးသစ္စာတို့ လက်ထပ်တော့မည်ဟူသော ကောလဟလ သတင်းတစ်ခု ဖြစ်ပေါ်လာသေးသည်။ စာနယ်ဇင်းတွေထဲမှာ တရားဝင် ပါလာသော သတင်းတော့ မဟုတ်။ ရုပ်ရှင်လောကထဲက ပါးစပ်သတင်း ဖြစ်ပြီး အပြင်ကို တစ်စတစ်စ ပျံ့နှံ့သွားခြင်း ဖြစ်၏။

ထိုကိစ္စနှင့် ပတ်သက်၍ သတင်း စတင်ထွက်ပေါ်လာသည့် ဇစ်မြစ်ကို ဘယ်သူမှ မသိ။ အနီးစပ်ဆုံး ခန့်မှန်းကြည့်လျှင်တော့ ဇာတ်ကား မထွက်ခင်ကတည်းက နာမည်ကြီးနေပြီး တခြားရုပ်ရှင်ကုမ္ပဏီ လေးငါးခုကပါ ဇာတ်ကားများ ရိုက်ရန် ကမ်းလှမ်းခြင်း ခံနေရသော မင်းလွင်ဦးကို မနာလိုသူအချို့က လွှင့်ထုတ်လိုက်ခြင်းဟု ဆိုနိုင်သည်။

နောက်ဆုံးတွင် မဂ္ဂဇင်းတစ်ခုက မင်းလွင်ဦး ကို အင်တာဗျူး လုပ်ရာတွင်. . .

"ကိုမင်းလွင်ဦး အိမ်ထောင်ပြုတော့မယ် ဆိုတဲ့သတင်းက





ဟုတ်ပါသလား"

ဟု မေးလာရတော့သည်။ မင်းလွင်ဦးက. . .

"လောလောဆယ်တော့ အစီအစဉ် မရှိပါဘူး"

ဟု ပြောသည်။

"ရည်မှန်းထားတဲ့လူတော့ ရှိပြီးပြီ ဆိုပါတော့"

ဟု ထပ်မေးရာ. . .

"ရှိပါတယ်"

"ဘယ်သူလဲ"

"ပြောလို့ မဖြစ်ပါဘူး၊ ကာယကံရှင် မိန်းကလေးက ပြောစေချင်လိမ့်မယ် မထင်ပါဘူး"

"အဲဒီမိန်းကလေးဟာ ရုပ်ရှင်နယ်ထဲက ဟုတ်မဟုတ် ဆိုတာလောက်တော့ ပြောနိုင်မှာပေါ့"

"ပြောနိုင်ပါတယ်၊ ရုပ်ရှင်နဲ့ လုံးဝမပတ်သက်တဲ့ မိန်းကလေး တစ်ယောက်ပါ"

ထိုအင်တာဗျူးနှင့် ပတ်သက်၍ မင်းလွင်ဦးက စိမ်းဝါကို ပြောသည်။

"မတတ်နိုင်ဘူးကွာ၊ ဒီလိုမှ မပြောရင် ပြဿနာက ပြီးမှာမဟုတ်တော့ဘူး၊ မထူးပါဘူး စိမ်းဝါရယ်၊ မောင်တို့ လက်ထပ်လိုက်ကြပါစို့"

"ဘယ်ဖြစ်ဦးမလဲ၊ မောင့်ကို သဘောကျတဲ့ ပရိသတ်ထဲမှာ အများစုက မိန်းကလေးတွေလေ၊ ခုချိန်မှာ မောင် လက်ထပ်လိုက်ရင် မောင့်အလုပ်မှာ ထိခိုက်မှာပေါ့"

"မင်းသားသစ်ဆိုရင် လူပျိုမှ လက်ခံတယ် ဆိုတာကို မောင် မယုံကြည်ဘူး၊ သရုပ်ဆောင် ကောင်းရင် လက်ခံကြမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကြောင်း တစ်ခုတည်းကြောင့် မဟုတ်ပါဘူး၊ စိမ်းဝါဘက်တလည်း လက်ထပ်ဖို့ အဆင်သင့် မဖြစ်သေးဘူး"

"စိမ်းဝါ ဘွဲ့ရပြီပဲ၊ ဘာကို စောင့်နေရဦးမှာလဲ"

"ဒါကို ပြောတာ မဟုတ်ဘူး၊ မောင်တို့ ရုပ်ရှင်လောကနဲ့ အံဝင်ဖို့ အဆင်သင့် မဖြစ်သေးဘူးလို့ ပြောတာ၊ နောက်ကိုလည်း အံဝင်ချင်မှ ဝင်မယ်၊ စိမ်းဝါက ဧည့်ခံပွဲတွေ သွားတာ၊ လူတွေက ဝိုင်းကြည့်တာ၊ ဓာတ်ပုံတွေ တဖျတ်ဖျတ် အရိုက်ခံရတာမျိုး၊ အဲဒီလိုမျိုး ဘဝကို သိပ်သဘောတွေ့လှတာ မဟုတ်ဘူး၊ အေးအေးဆေးဆေးပဲ နေချင်တယ်"

"နေပေါ့၊ စိမ်းဝါ နေချင်သလို နေပါ၊ မောင်က စိမ်းဝါကို မောင်တို့လို ပုံစံမျိုး သွင်းမှာမဟုတ်ပါဘူး"

"တကယ်တော့ မောင်ရယ်. . . မောင်နဲ့ လိုက်ဖက်တာက မောင်တို့ အသိုက်အဝန်းထဲက လူပါ၊ ဒါဆို ဘာပြဿနာမှ ရှိမှာ မဟုတ်ဘူး၊ မောင့်အနေနဲ့ အေးသစ္စာကို လက်ထပ်သင့်တာ"

"တော်တော့ စိမ်းဝါ၊ အဲဒါတော့ မပြောနဲ့၊ သူ့ကို လုပ်ဖော် ကိုင်ဖက်တစ်ယောက်အဖြစ်ထက် ပိုပြီး စိတ်မဝင်စားဘူး၊ နောက်ပြီး စိမ်းဝါ သတိမထားမိလို့ပါ၊ ရုပ်ရှင်မင်းသား အများစုဟာ မင်းသမီးတွေနဲ့ လက်ထပ်ထားကြတာ မဟုတ်ပါဘူး၊ မောင့်အနေနဲ့ ရုပ်ရှင်မင်းသားအဖြစ် ရိုက်ကွင်းပေါ်မှာသာ နေနိုင်တယ်၊ အိမ်ပြန်ရောက်တဲ့အခါ သူလိုကိုယ်လို အိမ်ထောင်သည် ဘဝမျိုးပဲ နေချင်တယ်၊ ဒီမှာ စိမ်းဝါ၊ တကယ်လို့သာ စိမ်းဝါက ရုပ်ရှင်မင်းသား လုပ်တာ မကြိုက်ဘူး အခု ပြောလိုက်၊ မောင် ရုပ်ရှင်မရိုက်တော့ဘူး၊ ဒီဇာတ်ကားအတွက် ကုန်ကျထားတဲ့ငွေကိုလည်း မောင် ဂရုမစိုက်ဘူး"





"စိမ်းဝါ အဲဒီလို မပြောပါဘူး မောင်၊ စိမ်းဝါ ရုပ်ရှင်မင်းသားတစ်ယောက်ရဲ့ ဇနီးဖြစ်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ အစကတည်းက စိမ်းဝါဘက်က အရာရာမှာ နိမ့်ကျနေလို့ အားငယ်စိတ်က အမြဲရှိနေတာ မောင် နားလည်ပါနော်"

"စိမ်းဝါ ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးလို့ မောင် ကတိပေးပါတယ်ကွာ"

… … …

www.burmeseclassic.com



အမေ နည်းနည်း နေမကောင်းဘူးဆိုသော သတင်းကို ကြားရသည်။ သိပ်ကြီးကြီးကျယ်ကျယ် ဖြစ်တာမဟုတ်။ ရွာတစ်ရွာရှိ အလှူကို သွားရင်း နေပူမိပြီး ဖျားတာသာ ဖြစ်၏။

တော်တော် သက်သာနေပါပြီ၊ နင့်အမေကတော့ နင့်ကို ပြောမနေပါနဲ့လို့ ပြောပါတယ်၊ ဒါပေမယ့် နေမကောင်းတဲ့အချိန် ဆိုတော့ အားငယ်သလိုပဲ၊ ကြည့်ရတာ၊ ဒါကြောင့် နင် တစ်ခေါက်လောက် လာခဲ့ပါဦး၊ ချက်ချင်း ထပြေးလာဖို့ မဟုတ်ပါဘူး၊ နင် အားတဲ့ရက်ကျမှ အေးအေးလာလို့ ရပါတယ်. . . ဟု အစ်ကို ဝမ်းကွဲ ကိုညိုကြီးက စာရေးလိုက်သည်။

စိမ်းဝါ အမေ့ဆီ သွားဖို့ စီစဉ်သည်။ ဒီတစ်ခါတော့ မောင်ကလည်း သွားစေချင်သည်။ အမေ နေမကောင်းသည့် အကြောင်းကြောင့်လည်း ပါသည်။

နောက်တစ်ခုက မောင်ကိုယ်တိုင်လည်း ခရီးထွက်စရာ ရှိနေသည်။ မောင် ရိုက်နေသည့် ရုပ်ရှင်ကား နယ်ထွက်ရိုက်ရမည် ဖြစ်သည်။ ရှမ်းပြည်နယ်ဘက်မှာ သွားရိုက်ရမည်။





မင်းလွင်ဦးက စိမ်းဝါနှင့်အတူ ပြည်အထိ လိုက်ပို့မည်။ ပြည်က သူ့သူငယ်ချင်း ကျော်ဆင့်အိမ်မှာ နှစ်ရက်လောက် နေပြီးမှ ရှမ်းပြည်နယ် ဆက်တက်ပြီး ကလောမှာ ရုပ်ရှင်အဖွဲ့နှင့် ဆုံမည် ဖြစ်၏။

သူတို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောသွားနိုင်ရန် စိန်ကောင်းက ကားလိုက်မောင်းပေးမည် ဖြစ်သည်။ စိန်ကောင်းကို နှစ်ခါမခေါ်ရ။ ကျော်ဆင့်နှင့် တွေ့ရမည် ဆိုသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။ သူနှင့် ကျော်ဆင့်က ကျောင်းတုန်းက အလွန် အတွဲညီခဲ့သူတွေ။ ခုလည်း ပြည်ကို ရောက်လျှင် ကျော်ဆင့်နှင့် တစ်ပတ်လောက် အတူတူနေပြီး အပြတ်ကဲလိုက်မည်ဟု အားခဲထားသည်။

ရန်ကုန်မှ မနက်အစောကြီး ထထွက်ကြသည်။ ခုလို ချစ်သူနှင့် အတူတူ ခရီးထွက်ရတော့ စိတ်ထဲမှာ တစ်မျိုး ကြည်နူးရသည်။

လမ်းကလည်း ကောင်း၊ ကားကလည်း ကောင်းသဖြင့် စိန်ကောင်းက ကီလိုရှစ်ဆယ် ကိုးဆယ်ထိ တင်ပြီး အမြန်မောင်းသည်။ မင်းလွင်ဦးက. . .

"ဟေ့ကောင်. . . ဖြည်းဖြည်းမောင်းကွ"

"မကြောက်ပါနဲ့ဟ၊ ငါ ကားမောင်း ကျွမ်းကျင်ပါတယ်"

"ကြောက်လို့ ပြောတာမဟုတ်ဘူးကွ၊ မြန်မြန်မောင်းတော့ မြန်မြန်ရောက်သွားမှာစိုးလို့၊ ခုလို အတူနေရတဲ့ အချိန်ကလေး လျော့သွားမှာပေါ့ကွ"

"အမယ်လေး၊ မင်းသားတောင် ဟုတ်တိပတ်တိ မဖြစ်သေးဘူး၊ အပိုတွေ လျှောက်ပြောနေပြီ၊ အေးငယ်ကို ခေါ်လာရ

www.burmeseclassic.com



အကောင်းသားကွာ၊ ခုလို မင်းတို့နှစ်ယောက်ကို မြင်ရတော့ အေးငယ်ကို လွမ်းလိုက်တာ"

"ကိုစိန်ကောင်းက ဘာလို့ ခေါ်မလာတာလဲ"

စိမ်းဝါက ဝင်မေးသည်။

"ခေါ်လာလို့ မဖြစ်ဘူး၊ သူက ဟိုဒင်းရှိတယ်လေ၊ သွေးနုသားနုနဲ့မို့၊ ပြီးတော့ သူ့ကို ခေါ်လာတော့ကော ဘာထူးလဲဗျ၊ ခင်ဗျားတို့လို စကားလေး တပြောပြော နေရမှာမှ မဟုတ်တာ၊ ကားမောင်းနေရတာနဲ့ အချိန်ကုန်မှာပဲ"

"အေးကွာ၊ ခုလည်း ကားကိုသာ ဂရုစိုက် မောင်း၊ သိပ်စကားမများနဲ့"

စိန်ကောင်းက. . .

"ငါ စိတ်ပေါက်ပေါက်နဲ့ သစ်ပင်တစ်ပင်လောက် ကားနဲ့ ဝင်အောင်းပစ်လိုက်တော့မယ်"

"လုပ်လိုက်လေ၊ သုံးယောက်လုံး သေသွားရင် ငါနဲ့စိမ်းဝါ တ အတူတူ နေမှာ၊ မင်းက တစ်ယောက်တည်း ဖြစ်နေမှာ"

"အို. . . မောင်ကလည်း၊ နိမိတ်မရှိတာတွေ"

စိမ်းဝါ ညက ကောင်းကောင်း မအိပ်ခဲ့ရ၊ မနက် မောင်နဲ့ အတူတူ ခရီးထွက်ရမည်မို့ စိတ်လှုပ်ရှားပြီး တော်တော်နှင့် အိပ်မပျော်။

မောင်က မနက်အစောကြီး လာခေါ်မည် ပြောထားသဖြင့် စိတ်ဖြောင့်ဖြောင့် ထားပြီး မအိပ်နိုင်သဖြင့် မနက်သုံးနာရီလောက်ကတည်းက နိုးနေခဲ့သည်။

ထို့ကြောင့် မော်ဘီနား ရောက်ခါနီးတွင် မှေးခနဲ အိပ်ပျော်သွားသည်။ မင်းလွင်ဦးက စိမ်းဝါ ဦးခေါင်းကို သူ့ရင်ခွင်မှာ





အလိုက်သင့် မှီနိုင်အောင် ပြင်ပေးပြီး ပခုံးလေးကို ခပ်ဖွဖွ ဖက်ထားလိုက်၏။

စိမ်းဝါက ပြတင်းပေါက်ဘက်က ထိုင်သဖြင့် ကားအတွင်း ဝင်လာသော ပြင်ပလေအေးက သူ့မျက်နှာကို တိုက်ရိုက်တိုးနေသည်။

"စိန်ကောင်း. . . ကားခဏရပ်ကွာ"

ဟု မင်းလွင်ဦးက တိုးတိုးပြောသည်။

"ဘာလဲ. . . သေးပေါက်ချင်လို့လား"

ဆိုပြီး ကားရပ်လိုက်သည်။

"မဟုတ်ပါဘူး၊ ဒီဘက်ကမှန် ပိတ်ပေးစမ်းပါ၊ စိမ်းဝါ အေးနေပြီကွ"

"မင်းဘာသာ ပိတ်ပါလား၊ ဘယ့်နှယ် ငါက လာပိတ်ပေးရမှာလဲ"

"ဟ. . . ငါလှုပ်လိုက်ရင် စိမ်းဝါ နိုးသွားမှာစိုးလို့ပါ"

"ဟား. . . ဟား တရားလွန်သကွာ"

"ဟေ့ကောင် တိုးတိုးကွ၊ မင်း အသံပြကြီးနဲ့ လန့်နိုးသွားပါဦးမယ်"

"လုပ်ဟေ့၊ လုပ်ဟ"

စိန်ကောင်းက မှန်ပိတ်ပေးပြီး ကားဆက်မောင်းလာခဲ့ကြသည်။ တိုက်ကြီးအဝင်တွင် စိန်ကောင်းက. . .

"ဆာတယ်ကွာ၊ လက်ဖက်ရည် ဝင်သောက်မယ်၊ တိုက်ကြီးမှာ စမူဆာသုပ် ကောင်းတယ်ကွ"

"စိမ်းဝါ မနိုးသေးဘူးကွ"

"မြို့ထဲ ဝင်ရင် နိုးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မြို့အစပ်မှ စပြီး စိန်ကောင်းက မလိုအပ်ဘဲ ဟွန်းခဏခဏ တီးသည်။ ထို့ကြောင့် စိမ်းဝါ နိုးလာ၏။

"တော်တော် ယုတ်တဲ့ကောင်"

မင်းလွင်ဦးက ပြောသည်။ စိန်ကောင်းက စားသောက်ဆိုင်ရှေ့မှာ ကားရပ်လိုက်၏။

"ကားကို ခါတ်ဆီထည့်ပေးရသလို မောင်းတဲ့လူကိုလည်း ဗိုတ်ဖြည့်ပေးရဦးမှာပေါ့"

"ဟုတ်တယ်၊ စိမ်းဝါလည်း နည်းနည်းဆာနေပြီ၊ ဒီမှာ စမူဆာသုပ် ကောင်းတယ်၊ အရင်က မြို့ပြန်တိုင်း စားတာပဲ"

တိုက်ကြီး စမူဆာသုပ်က ရန်ကုန်ကလို ပဲရည်သက်သက်နှင့် သုပ်ခြင်းမဟုတ်။ ကြက်သားဟင်းရည်နှင့် သုပ်ခြင်း ဖြစ်သည်။ ဂေါ်ဖီ၊ ကြက်သွန်၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း လတ်လတ်ဆတ်ဆတ်များ အုပ်ထားသဖြင့် အတော် စားကောင်းသည်။

တစ်ယောက် တစ်ပွဲနှင့် မဝချင်။ ပြည်မြို့အဝင် ရေပြာရောက်မှ မနက်စာ ထမင်းစားကြမည်ဖြစ်၍ အချိန်လိုနေသေးသည်။ သို့ဖြင့် တစ်ယောက် တစ်ပွဲစီ ထပ်မှာသည်။

စိမ်းဝါနှင့် မင်းလွင်ဦးတို့က တစ်ယောက် ပန်းကန်ထဲမှ ကြက်သားဖတ်ကို တစ်ယောက်ပန်းကန်ထဲသို့ အပြန်အလှန် ထည့်ပေးနေကြသည်။

စိန်ကောင်းကတော့ ပန်းကန်ထဲမှ ငရုတ်သီးဖတ်တွေ ခပ်ပြီး မင်းလွင်ဦး ပန်းကန်ထဲ ထည့်သည်။ မင်းလွင်ဦးကလည်း သူစားပြီးသား ကြက်ရိုးတွေ စိန်ကောင်းပန်းကန်ထဲ ပြန်ထည့်သည်။

နယ်မြို့တွေမှာတော့ မင်းလွင်ဦးကို မင်းသားမှန်း သိသူ





သိပ်မရှိသေး။ သို့တိုင်အောင် နေကာမျက်မှန်ကိုတော့ တပ်ထားရသေးသည်။

မင်းလွင်ဦးက လမ်းမှာ ဆာလျှင် သောက်ရန် ကိုကာကိုလာဘူး ဝယ်ဖို့ ကောင်တာဆီ ထသွားသည်။ ဆိုင်ရှင်၏သမီးဖြစ်ဟန်တူသော မိန်းကလေးက ကိုကာကိုလာဘူး ဈေးတို ပြောလိုသလောက် ထုတ်ပေးရင်း မင်းလွင်ဦးကို အထဲခတ်နေသည်။

နောက်တော့မှ မှတ်မိသွားဟန် တူ၏။ ပြန်အမ်းငွေကို ပေးရင်း. . .

"နေကာမျက်မှန်နဲ့ ဆိုတော့ ရုတ်တရက် မမှတ်မိဘူး"

ဟု ပြုံး၍ ပြောသည်။ မင်းလွင်ဦးလည်း ရယ်တဲ့တဲ့ လုပ်လိုက်ရသည်။ ထိုအကြောင်း ပြန်ပြောတော့ စိန်ကောင်းက. .

"မင်း ဒီအတိုင်းဆို လူတွေက သိပ်သတိထားမိမှာ မဟုတ်ဘူး၊ အလကားနေရင်း နေကာမျက်မှန်ကြီး တပ်ထားတော့ ပိုဝရှုံစိုက်စရာ ဖြစ်နေတာပေါ့၊ ဒီလိုလုပ်ကွာ၊ မင်းမျက်မှန် ငါ တပ်ထားမယ်၊ ဒါဆို မင်းကို ဂရုစိုက်ကြတော့မှာ မဟုတ်ဘူး၊ ငါ့ကိုပဲ အာရုံရောက်နေကြမှာ"

"မင်းသာ နေကာမျက်မှန် တပ်လိုက်ရင် လူတွေက မိုက်ကယ် ဂျက်ဆင်လို့ ထင်ကြမှာပဲ"

ခရီးဆက်ကြဖို့ ဆိုင်ထဲက ပြန်ထွက်အလာတွင် မင်းလွင်ဦးက ပြောသည်။

"စိန်ကောင်း. . . ငါတို့နှစ်ယောက် နောက်ခန်းမှာပဲ ထိုင်ကြမယ်"

"ဩော်. . . တယ်တရားပါလား၊ ငါကတော့ ရှေ့မှာ တစ်ယောက်တည်း ပျင်းပျင်းရိရိနဲ့ ကားမောင်းရမယ်၊ မင်းတို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ စကားတပြောပြော ဒိမ်နဲ့ လိုက်မယ်ပေါ့ ဟုတ်လား"

"မင်း ပျင်းရင် ကက်ဆက်ဖွင့်ပေါ့ကွာ၊ ငါတို့ အေးအေး ဆေးဆေးလေး တိုင်ပင်စရာလေး ရှိသေးလို့ပါ"

"ငါ မကြားစေချင်လို့လား"

"မဟုတ်ပါဘူး သူငယ်ချင်းရာ၊ ငါတို့ ပြောတာတွေ မင်း စိတ်ဝင်တစား နားထောင်ရင် ကားမောင်းတာ အာရုံပျက်မှာ စိုးလို့ပါ၊ ဘာတွေ တိုင်ပင်တယ်ဆိုတာ ပြည်ကျတော့ ပြောပြပါ့ မယ်"

"ကောင်းပြီလေ၊ ဒါပေမယ့် ခုံတန်းတစ်ဖက်ဆီ ခွဲထိုင် နော်၊ တစ်ဖက်တည်း နှစ်ယောက် ထိုင်ရင် အလေးချိန် မမျှဘဲ နေမယ်၊ ကားတစ်ဖက် လေးနေရင် မောင်းလို့မကောင်းဘူး"

"မညစ်ချင်စမ်းပါနဲ့ကွာ၊ ငါတို့ အကြာကြီး ခွဲနေကြရဦးမှာ၊ ကိုယ်ချင်းစာမှပေါ့"

ဆိုပြီး မင်းလွင်ဦးက စိန်ကောင်းကို မာလ်ဘိုရို စီးကရက် တစ်ဘူးဖြင့် လာဘ်ထိုးလိုက်မှ ပြေလည်သွားသည်။

"ဒီတစ်ခါကော စိမ်းဝါ့ဆီ စာကြိုထည့်ထားသေးလား" ဟု စိမ်းဝါက မေးသည်။

"ဟင့်အင်း၊ ဒီတစ်ခါတော့ အခုတစ်ခါတည်း ရေးယူလာ ခဲ့တယ်၊ ရော့. . . ဟိုကျမှ ဖတ်ကြည့်"

မင်းလွင်ဦးက လက်ဆွဲ သားရေအိတ်ထဲမှ စာအိတ် ခပ် ကြီးကြီးတစ်လုံးကို ထုတ်ပေးသည်။ အထဲမှာ ဒိုင်ယာရီစာအုပ် တစ်အုပ် ပါဟန်တူသည်။

"ရုပ်ရှင်ကားက ဟိုမှာ အပြီးရိုက်ခဲ့မှာ ဆိုတော့ နှစ်ပတ် သုံးပတ်လောက် ကြာမယ်လို့ ခန့်မှန်းတယ်၊ တစ်လလောက်လည်း





ဖြစ်သွားနိုင်တယ်၊ အဲဒါ ရုပ်ရှင်ရိုက်ပြီး ပြန်လာရင် စိမ်းဝါတို့ဆီ ဝင်ခဲ့မယ်"

"လာခဲ့လေ၊ အမေလည်း မောင့်ကို မြင်ဖူးသွားတာပေါ့၊ တစ်မြို့လုံးကတော့ မောင့်ကို ဝိုင်းကြည့်ကြမှာပဲ၊ မျက်နှာတော့ အတော်ပူဖို့ ကောင်းမယ်နော်"

"မောင် တစ်ယောက်တည်း လာမှာ မဟုတ်ဘူး၊ ဖေဖေနဲ့ ကိုကိုပါ ပါမယ်"

"ဟုတ်လား ဒါဆို. . ."

"ဟုတ်တယ် စိမ်းဝါ၊ လူကြီးချင်း တစ်ခါတည်း စကား ပြောပြီး စေ့စပ်ကြောင်းလမ်းချင်တယ်၊ ဖေဖေ့ကိုလည်း ပြောပြီး ပြီ"

"ဟာ. . . မောင် မကောင်းဘူး၊ စိမ်းဝါကို ဘာလို့ ကြို မပြောသလဲ"

"ကြိုပြောရင် စိမ်းဝါက စောပါသေးတယ်၊ စောင့်ပါဦး ဆိုပြီး ငြင်းနေမှာစိုးလို့"

"ခုလည်း ငြင်းလို့ရတာပဲ"

"ဘယ်ရမလဲ၊ ဖေဖေနဲ့ တိုင်ပင်ပြီး အကုန်စီစဉ်ပြီးပြီ၊ သီတင်းကျွတ်ရင် လက်ထပ်ကြဖို့အထိတောင် စီစဉ်ပြီးနေပြီ၊ စိမ်း ဝါ သဘောတူတယ် မဟုတ်လား"

"မတူဘူး ဆိုရင်ကော၊ မောင် စိတ်ဆိုးမှာလား"

"စိတ်တော့ မဆိုးပါဘူး၊ စိတ်မကောင်းတော့ ဖြစ်ရမှာ ပေါ့"

"မောင် စိတ်မကောင်း ဖြစ်ရမယ့်ကိစ္စကို စိမ်းဝါ ဘယ် တော့မှ မလုပ်ပါဘူး မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



**စိန်ကောင်းသည်** ကားကို အရှိန်နှင့် မောင်းနေရာမှ **အရှိတ်တစ်ချက်** တော့လိုက်သည်။ ကားက ဆတ်ခနဲ တုံ့သွားပြီး **စိမ်းဝါ** ယိုင်သွား၏။ လန့်ပြီး မင်းလွင်ဦးကို လှမ်းဖက်လိုက်မိသည်။

စိန်ကောင်းက နောက်ကို တစ်ချက် လှမ်းကြည့်ပြီး စပ်ဖြဲ ဖြဲ လုပ်ပြသည်။ မင်းလွင်ဦးက စိမ်းဝါကို ပြန်ဖက်ထားလိုက်သည်။ ပြန်မလွှတ်တော့။

လမ်းတစ်လျှောက်မှာ သာသနာရေးကိစ္စအတွက် အလှူခံသည့် စခန်းကလေးတွေ မကြာခဏ တွေ့ရသည်။

တွေ့တိုင်း စိန်ကောင်းက ကားရပ်ပေးပြီး နောက်ခန်းကို လက်ညှိုးညွှန်ပြတတ်၏၊ မင်းလွင်ဦးကလည်း ငါးကျပ်တစ်ဆယ် အလှူငွေ ထည့်သည်ချည်း ဖြစ်၏၊

"မောင်တို့ နှစ်ယောက်ရဲ့ မင်္ဂလာဦး အလှူပေါ့နော်"

ဟု မင်းလွင်ဦးက ပြောသည်။

အသံချဲ့စက်ဖြင့် အလှူခံနေသော စခန်းတစ်ခုတွင် စိန်ကောင်း ကားပေါ်က ဆင်းသွားပြီး မိုက်ကရိုဖုန်း ကိုင်သူကို တစ်စုံတစ်ခု သွားပြောသည်။ ထို့နောက် အသံချဲ့စက်မှ အသံ ထွက်လာ၏။

"ဟုတ်ကဲ့ ခင်ဗျာ၊ ပျားရည်ဆမ်းခရီး ထွက်လာတဲ့ မင်္ဂလာဦး ဇနီးမောင်နှံက ခုလို သာသနာတော်ကြီးအတွက် ငွေလှူရတဲ့ အကျိုးအ...ကြောင့် ယခုဘဝ အိုအောင်မင်းအောင် ပေါင်းရရုံမက နောင်ဘဝများမှာလည်း ဆက်လက်လို့ ပေါင်းသင်းနိုင်ပါစေ၊ သားရတနာ သမီးရတနာများနဲ့ ချမ်းသာကြွယ်ဝသော ကုဋေကြွယ် သူဋ္ဌေးဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ခင်ဗျာ"

မင်းလွင်ဦးနှင့် စိမ်းဝါတို့ တစ်ယောက်ကို တစ်ယောက်





ကြည်နူးစွာ ကြည့်မိကြသည်၊

ရေပြာမှာ မနက်စာ ထမင်းစားကြသည်။ ဒီနေရာကို ရွေးရခြင်းက ဂျိသား၊ ဆတ်သား၊ တောဝက် စသော တောကောင်တို့၏ အသားများ ရသောကြောင့် ဖြစ်၏၊

တောဝက်၊ ယုန်သား၊ ရေဝမ်းဘဲသားတို့ဖြင့် ထမင်းစားကြသည်။ ဟင်းကောင်းသော်လည်း စိန်ကောင်း တစ်ယောက်သာ မြိန်ရေယှက်ရေ စားနိုင်သည်၊ မင်းလွင်ဦးနှင့် စိမ်းဝါတို့ကတော့ သိပ်မစားနိုင်ကြ။

ရေပြာ ပြီးလျှင် ပြည်ကို ဝင်ဖို့သာ ရှိတော့သည်၊ လမ်းခွဲကြဖို့အချိန် နီးလာတာကို တွေးမိပြီး ထမင်းဆာသည့်စိတ်တွေ လျော့ပါးကုန်သောကြောင့် ဖြစ်၏၊

ပြည်ကို ရောက်တော့ မကွေးကားဂိတ်မှာ လက်မှတ်အရင် ဝင်ဝယ်သည်။

ကားထွက်ဖို့ သုံးနာရီလောက် လိုသေးသဖြင့် ကျော်ဆင့်တို့အိမ်မှာ ဝင်နားကြသည်၊ ကျော်ဆင့်၏ ပွဲရုံကို ဖုန်းကြိုဆက်ထားသဖြင့် အဆင်သင့်ပင် စောင့်နေသည်ကို တွေ့ရ၏။ ထမင်းတွေ ဟင်းတွေလည်း ချက်ထားပြီးသား။ စားလာခဲ့ပြီဟု သိရသော အခါ. . .

"ဟာ. . . ရေပြာ ရောက်မှတော့ ပြည်ရောက်တာနဲ့ ဘာထူးသလဲ၊ ဒီကျမှ စားရောပေါ့"

"ငါတို့ တောကောင်လေး ဘာလေး စားချင်လို့ပေါ့ကွ"

"ဒါဆို ငါချက်ထားတာ အလကားပေါ့"

"အလကား မဖြစ်ပါဘူး၊ ငါနဲ့ မင်းလွင်ဦးနဲ့ **ညစာ** စားမှာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



စိန်ကောင်းက ဝင်ပြောသော်လည်း ကျော်ဆင့်က မကျေနပ်သေး။

"မင်းတို့က အရေးမကြီးပါဘူး၊ ငါက မစိမ်းဝါကို ပြည်ရောက်ပြီး ထမင်းတစ်နပ်မှ မကျွေးလိုက်ရလို့ ဖြစ်မလား"

ကျော်ဆင့်မှာ အရပ်ခြောက်ပေကျော် ကိုယ်လုံးထွားထွားနှင့် လူကောင်ကြီးသလောက် စကားပြောလျှင် အလွန်ညင်သာသည်၊ သူတို့ မိသားစုအားလုံး ရိုးသားသိမ်မွေ့ကြသည်။

သူ့အစ်မတွေက စိမ်းဝါကို တစ်ခုခု မကျွေးလိုက်ရလျှင် တစ်သက်လုံး စိတ်ကောင်းနိုင်တော့မည် မဟုတ်ဆိုပြီး ပြည် ပလာတာတွေ သွားဝယ်၍ အတင်းကျွေးကြသည်။

ခဏ နားကြပြီးနောက် ရွှေဆံတော်ဘုရား သွားဖူးကြသည်။ ရင်ပြင်ပေါ် အရောက်တွင် ကျော်ဆင့်နှင့် စိန်ကောင်းတို့က အလိုက်သိစွာ ရှောင်ထွက်သွားကြ၏။

"ရွှေဆံတော်ကို ဖူးချင်နေတာ ကြာပြီ၊ ရန်ကုန်ကို အသွားအပြန် ပြည်ကို အမြဲဖြတ်နေရတာ၊ ဒါပေမယ့် လိုင်းကား ဆိုတော့ ဘုရားဝင်ဖူးဖို့ အချိန်မရခဲ့ဘူး၊ ကားပေါ်ကပဲ ဖူးဖူးနေခဲ့ရတာ"

ဟု စိမ်းဝါက ပြောသည်။

"ရွှေဆံတော်ဟာ ချစ်သူတိုင်း ဖူးသင့်တဲ့ဘုရားပဲ၊ ဒီဘုရားကို အတူဖူးရတဲ့ ချစ်သူတွေဟာ ဘယ်လို အခက်အခဲကိုမဆို ကျော်လွှားနိုင်ပြီး နောက်ဆုံးမှာ ပေါင်းဖက်ကြရတာပဲတဲ့၊ စာဆိုတော် နဝဒေးကြီးနဲ့ ရှင်နှောင်းတို့ဟာ ရွှေဆံတော်မှာ ချစ်ဆုတောင်းခဲ့ကြတာပေါ့"

"မောင်ကလည်း ကဗျာရေးခဲ့ဖူးတော့ နဝဒေးလိုပဲပေါ့နော်"





ဘုရားကို ပန်းရေချမ်းများ ကပ်လှူကြသည်။ အတူတကွ ရှိခိုးကန်တော့ကြသည်၊ ဘဝဆက်တိုင်း ပေါင်းရပါစေဟု ဆုတောင်းကြသည်။

ဘုရားပေါ်က ပြန်ဆင်းလာကြတော့ စောင်းတန်းရှိ ဆိုင်တစ်ဆိုင်မှာ မောင်က နံ့သာပုတီးတစ်ကုံး ဝယ်သည်။

"အမေ့အတွက် မောင်က ကန်တော့လိုက်တယ်လို့ ပြောပါ" ဆိုပြီး စိမ်းဝါကို ပေးသည်။

ကားဂိတ်ရောက်တော့ စိမ်းဝါ လိုက်ရမည့်ကား ရောက်နေပြီ။ ကားထွက်ခါနီးအထိ အအေးဆိုင်မှာ ထိုင်စကားပြောကြသည်။

"ဟိုရောက်ရောက်ချင်း မောင် စာထည့်လိုက်မယ်၊ စိမ်းဝါလည်း စာရေးနော်၊ မောင့်နာမည် ရေးပြီး တစ်ဆင့် တောင်ကြီးဟိုတယ်ဆိုရင် ရောက်ပါတယ်"

သူတို့နှစ်ယောက် အဖြစ်သည်းနေပုံကို ကြည့်၍ စိန်ကောင်းနှင့် ကျော်ဆင့်တို့ ပြုံးစိစိ ဖြစ်နေကြသည်။ စိန်ကောင်းသည် လှမ်းနောက်ပြောင်လိုက်ချင်သည်မှာ ပါးစပ်ယားနေသည်။

ကျော်ဆင့်က မနောက်ပါနဲ့ကွာ၊ သူတို့ ကြည့်ရတာ ကြည်နူးဖို့ ကောင်းပါတယ်ဆိုပြီး ဟန့်တားထားလို့သာ။

ကားထွက်ခါနီးအထိ အလွမ်းသယ်လို့ ကောင်းတုန်း။ စိမ်းဝါတို့ အမေကို ပြောထားနှင့်နော်။ မောင်တို့ အပြန်ကျရင် ဝင်ခဲ့မယ် ဟူ၍ ပြောပြီးသားစကား ထပ်ပြောသည်။

စိမ်းဝါကလည်း. . .

"မောင် ကျန်းမာရေး ဂရုစိုက်ဦး၊ ရှမ်းပြည်နယ်မှာ အအေးတယ်ဆို. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအစ်မလေး. . . ကားထွက်တော့မယ်ဗျ"

စပယ်ယာလေးက လှမ်းခေါ်မှ စိမ်းဝါ ကားပေါ် တက်သည်၊ ကားထွက်တော့ အပြန်အလှန် လက်ပြနေကြတာ ကားတွေပြီး မြင်ကွင်း ကွယ်သွားသည်ထိ၊

မောင့်မျက်နှာမှာ ထူးထူးခြားခြား ညှိုးငယ်နေသည်ဟု ထင်၏၊ စိမ်းဝါကကော။

ကားလမ်းသည် ဧရာဝတီ မြစ်ကမ်းနားမှ ကပ်၍ တစ်ချက် တစ်ချက်တွင် မြစ်ကြီးနှင့် ပြိုင်ပြီး သွားရသည်၊ ထိုအခါ မြစ်တစ်ဖက်ကမ်းရှိ ရိုးမတောင်တန်းကြီးကို မြင်ရသည်။

ဟိုအရင်ကလည်း မောင်နဲ့ ခွဲပြီး မြို့ကို ပြန်ခဲ့ဖူးတာပဲ။ ခုတစ်ခေါက်ကျတော့ ပိုပြီး လွမ်းမိသည်၊ ခရီးတစ်လျှောက်လုံး တူတူလာခဲ့ပြီးမှ တစ်ယောက်တစ်ကွဲစီ ထွက်ခဲ့ရသောကြောင့် ဖြစ်မည်၊

မျက်လုံးထဲက စိုခနဲ ဖြစ်သွားသည်၊ စိတ်ကို တင်းလိုက်သော်လည်း. . .

အို. . . ဧရာဝတီမြစ်ကြီးတောင် ရေတွေ အများကြီး စီးဆင်းနေသေးတယ်။ ငါ့ မျက်ရည်တစ်စက်လောက် စီးထွက်လာတာလောက်ကတော့။

အလွမ်း၌သာ
ခြေထောက်ပါလျှင်
ခြေရာ ရင်၌ ထင်စေသတည်း။





အမေက အတော် နေကောင်းနေပြီ။ နည်းနည်း အားနည်းနေတာလောက်ပဲ ရှိတော့သည်၊

မောင် ပေးလိုက်သော အားဆေးတွေ၊ ဟောလစ်၊ မာကရိုနီတို့ကို စိမ်းဝါက အတင်းကျွေး၊ အတင်းတိုက်သဖြင့် အမေ မငြင်းသာဘဲ စားသောက်သည်၊

ထိုအရာတို့ကြောင့်သာမက စိမ်းဝါကို မြင်လိုက်ရသောကြောင့်လည်း နေ့ချင်းညချင်းမှာပင် လူကောင်းပကတိလို ဖြစ်လာ၏။

ရှမ်းပြည်နယ်က အပြန် မောင်တို့ ဝင်လာပြီး စေ့စပ်မည့် အကြောင်း ပြောချင်လိုက်သည်မှာ ရင်ထဲက တလိပ်လိပ် တက်နေသည်။ သို့ရာတွင် အမေ ရှင်းရှင်းနေကောင်းမှ ပြောဖို့ သင့်သည် ထင်သဖြင့် မျိုသိပ်ထားရ၏။

မောင်နှင့် အေးသစ္စာတို့နှင့် ပတ်သက်၍ ဖြစ်ခဲ့သော ကောလဟာလများ မဟုတ်မှန်ကြောင်း သူငယ်ချင်းတွေကို ရှင်းပြရ

www.burmeseclassic.com



သေးသည်။

အမေကတော့ မောင့်အပေါ် ဘာသံသယမှ မရှိတော့။ နှံသာဖြူပုတီးကို ပေးလိုက်ကတည်းက သမက်လောင်း၏ အလိုက်သိတတ်မှုကို သဘောကျပြီး ကျန်းမာချမ်းသာပါစေ၊ ဘေးဘရာကင်းပါစေဟု ဆုတွေ ပေးနေ၏။

လက်မှာ ပတ်နေကျ ကြိမ်ပုတီးကို ဘုရားစင်ပေါ် တင်ထားလိုက်ပြီး မောင့်ပုတီးကိုပင် လက်မှာ အမြဲပတ်ထားသည်။

မောင် ပေးလိုက်သော စာအိတ်ကို စိမ်းဝါ ဖောက်ကြည့်သည်။ သူ ထင်သလို ဒိုင်ယာရီစာအုပ် မဟုတ်။ တစ်ဆယ့်ငါးကျပ်တန် ငွေစက္ကူ အသစ်စက်စက်တစ်အုပ် ဖြစ်၏။ စာတစ်စောင်လည်း ပါသည်။

ငွေပေးရကောင်းလားလို့ စိတ်ဆိုးမနေနဲ့ဦးနော်
မာနခဲလေးရေ။

. . . မြသဇာ . . .





အစ်ကိုဝမ်းကွဲ ကိုညိုကြီးက အကူအညီတစ်ခု တောင်းသည်။ ကိုညိုကြီးသည် မြို့နှင့် သုံးမိုင်လောက် ဝေးသော ဆိတ်ဖူးရွာကလေးမှာ ကျောင်းဆရာ လုပ်နေသည်။

ကျောင်းကလေးမှာ တရားဝင် အသိအမှတ်ပြုခြင်းတော့ မခံရသေး။ တရားဝင် ဖြစ်ဖို့ လျှောက်ထားဆဲ ဖြစ်၏။ ကိုယ့်အားကိုယ်ကိုး တွဲဖက်ကျောင်း ဖြစ်၏။

ကိုညိုကြီးသည် ကိုးတန်းအောင်သည်အထိ ပညာသင်ဖူးသည်။ ကျောင်းဆရာအလုပ်ကို ဝါသနာပါသည်။ ထို့ကြောင့် သူပိုင်သော ယာခင်းကို ညီတွေနှင့် လွှဲထားပြီး ရွာမှာ ကျောင်းဆရာ သွားလုပ်နေသည်။ သူ့ယာကို ကိုယ်တိုင် ဦးစီးလုပ်နိုင်လျှင် ဝင်ငွေ အတော်အသင့် ကောင်းနိုင်သည်။ သို့ရာတွင် သူက စာသင်ရတာကို ပျော်သည်။

လွန်ခဲ့သော တစ်လလောက်က စ၍ သူ့ခြေဖနောင့်အားမှာ အကျိတ်တစ်ခု ပေါက်သည်။ ဆရာဝန်က ခွဲထုတ်ဖို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။

အကျိတ်ခွဲလျှင် တစ်ပတ် ဆယ်ရက် အိမ်မှာ နားရမည်။ ကလေးတွေက စာမေးပွဲ နီးပြီ။ ထို့ကြောင့် ခွဲဖို့ကိစ္စ မလုပ်နိုင်သေး **ဘဲ ရှိနေ၏။**

ခုရက်ပိုင်းမှာ အကျိတ်က နာလာသည်။ လမ်းလျှောက်လို့ သိပ်မကောင်းတော့။ ဆရာဝန်ကလည်း မြန်မြန်ခွဲလိုက်ဖို့ ပြောနေပြီ။

ထို့ကြောင့် သူ့အစား စိမ်းဝါက ဆယ်ရက်လောက် စာဝင်သင်ပေးဖို့ အကူအညီ တောင်းသည်။ စိမ်းဝါကလည်း ဝမ်းမြောက်စွာ လက်ခံလိုက်သည်။

ထိုကိစ္စနှင့် ပတ်သက်၍ မောင့်ထံ စာတစ်စောင် ရေးသည်။





ရွာနာမည်က ဆိတ်ဖူးတဲ့၊ စိမ်းဝါတို့မြို့နဲ့ သုံးမိုင်လောက် ဝေးတယ်၊ အစ်ကို ညီကြီးဆီမှာ စက်ဘီးတစ်စီး ရှိတော့ အသွား အပြန် အဆင်ပြေတယ်လေ။

ကျောင်းက ဘုန်းကြီးကျောင်းဝင်းထဲမှာ၊ ဝါးကပ်ကာ ဝါးကပ်မိုးပေါ့၊ အားလုံးပေါင်းမှ နှစ်ခန်းပဲ ရှိတယ်၊ သူငယ်တန်းနဲ့ တစ်တန်းက မနက်ပိုင်း၊ နှစ်တန်းနဲ့ သုံးတန်းက ညနေပိုင်း၊ လေးတန်းတော့ မရှိသေးဘူး၊ နောက်နှစ်မှ လေးတန်း ထားနိုင်မယ်။

ကျောင်းမှာ စားပွဲကုလားထိုင်ရယ်လို့ မရှိဘူး၊ မြေပေါ်မှာ ထန်းချောဖျာ ခင်းပြီး ကလေးတွေ ထိုင်ကြရတာပဲ၊ ဆရာမ အတွက်တော့ စားပွဲကြမ်းတစ်လုံးနဲ့ ကုလားထိုင်တစ်လုံး **ရှိပါတယ်။**

ကလေးတွေမှာ စာအုပ်ရယ်လို့ သတ်သတ်မှတ်မှတ် **မရှိ** ဘူး၊ ကျောက်သင်ပုန်းနဲ့ ကျောက်တံပဲ အားကိုးရတာပဲ၊ [illegible] တည်း အလွတ်ရသွားအောင် နှုတ်တိုက်သင်ရတယ်၊ [illegible] ဆိုတာလည်း ဆရာမဆီမှာပဲ ရှိတယ်လေ။

www.burmeseclassic.com



စိမ်းဝါက သုံးတန်း သင်ရတယ်၊ စသင်ခါစကတော့ သိပ်အဆင်မပြေဘူး။ အလေ့အကျင့် မရှိလို့ မသင်တတ်သေးတာလည်း ပါတယ်။

တချို့ကလေးတွေက ဆိုးတဲ့ကိစ္စလည်း ပါတယ်၊ စိမ်းဝါ မထိန်းနိုင်ဘူး၊ စိမ်းဝါက မရိုက်တော့ မကြောက်ကြဘူး၊ အစ်ကိုညို ကြီးက နာနာသာ ရိုက်လို့ ပြောပေမယ့် မရိုက်ရဲဘူး၊ တချို့က သုံးတန်းသာ ဆိုတယ်၊ လူပျိုပေါက်နီးပါး ကြီးနေကြပြီကိုး။

တစ်ခါတစ်ခါ ငိုတောင် ငိုချင်တယ်၊ နောက်တော့မှ နည်းကောင်းတစ်ခု သွားတွေ့တာကိုး၊ ကလေးတွေ ဆိုးလို့ ပြောမရဆိုမရ ဖြစ်လာပြီဆိုရင်. . . ကဲ. . . မင်းတို့ ပြောလို့မရရင် နက်ဖြန်က စပြီး ဆရာမ မလာတော့ဘူး၊ ဆရာ ဦးညိုကြီးကိုပဲ ပြန်လာခိုင်းတော့မယ်လို့ ပြောရတယ်။

အဲဒီတော့မှ ငြိမ်ကုန်ကြတော့တာပဲ၊ သူတို့က အစ်ကိုညိုကြီး ပြန်လာရင် အတီးခံရမှာကို သိပ်ကြောက်နေကြတာကိုး မောင်ရဲ့။

မောင်တို့ ကားရိုက်အပြန် စိမ်းဝါဆီ ဝင်လာမယ့် အကြောင်း အမေ့ကို မပြောရသေးဘူး၊ ပြောမယ်ပြောမယ်နဲ့ စိမ်းဝါ မပြောရဲသေးလို့။

ဒါပေမယ့် မပူပါနဲ့ မောင်ရယ်၊ အမေက လက်ခံမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ အမေက သူ့သားမက်လောင်းကို မမြင်ဖူးခင်ကတည်းက သိပ်သဘောကျနေလို့ပေါ့။

ကံကောင်းချင်တော့ မောင်ပေးလိုက်တဲ့ ဆေးတွေထဲက ဆူပရာဒင်းဆိုတဲ့ အားဆေးနဲ့ အမေနဲ့ တော်တော် တည့်တယ်၊ အဲဒီဆေး စားပြီးကတည်းက အမေလည်း စားလို့သောက်လို့ အ





ရမ်းကောင်းလာတယ်တဲ့၊ နေရထိုင်ရတာလည်း အရမ်းပေါ့ပါးတယ်ဆိုပြီး မောင့်ကို ကျေးဇူးတင်ကြောင်း ခဏခဏ ပြောနေတတ်တယ်။

ပြီးတော့လည်း မောင် ဝယ်ပေးလိုက်တဲ့ နှံ့သာဖြူပုတီးကိုလည်း လက်မှာ အမြဲပတ်ထားတယ်။

မောင်ရယ်. . . ဒီတစ်ခါ မြို့တို့ ပြန်ရတာ ဘာဖြစ်လို့လဲ မသိဘူး၊ ခါတိုင်းအခေါက်တွေထက် ပိုပြီး မောင့်ကို လွမ်းတယ် သိလား။

www.burmeseclassic.com



လွမ်းလိုက်တာ **စိမ်းဝါလေးရယ်။**

ဟုတ်တယ်နော်၊ စိမ်းဝါ စာထဲမှာ ရေးထားသလိုပဲ ဒီတစ်ခေါက် ပိုပြီးလွမ်းရတယ်။

အဲဒါ ဘာကြောင့်လဲ သိလား၊ မောင်ကြားဖူးတာ ရှိတယ်၊ နှစ်ရှည်လများ ထောင်ကျနေတဲ့ လူတစ်ယောက်အဖို့ လွတ်ခါနီး တစ်ရက်ဟာ အရှည်ကြာဆုံးပဲတဲ့။

မောင်တို့လည်း ဒီအဖြစ်မျိုးပဲနဲ့ တူပါရဲ့၊ လက်ထပ်ကြဖို့ ရက်နီးလာလေလေ၊ အချိန်တွေက ကြာလှချည့်လို့ ထင်လာလေလေ၊ ပိုပြီး လွမ်းလေလေပေါ့နော်။

လွမ်းတာချင်းတူတူ မောင်က ပိုလိမ့်မယ် ထင်တယ်၊ ဘာလို့လဲဆိုတော့ စိမ်းဝါက ကိုယ့်အိမ်ကိုယ့်ယာမှာ နေရင်း အခြေတကျ လွမ်းနေရတာ၊ မောင်ကတော့ တစ်မြို့တစ်ရွာမှာ နေရင်း လွမ်းရတာ၊ ကိုယ့်ရပ်ကိုယ့်ရွာ မဟုတ်တဲ့အချက်က အလွမ်းကို ပိုပြီးတိုးပွားလာအောင် အားပေးအားမြှောက် ပြုတတ်တယ်၊ မောင်





ကတော့ အလွမ်းစားချင်းတူတူ တစ်လွမ်းပိုချင်တယ်လို့ စိမ်းဝါ ဆိုချင်လည်း ဆိုတော့ကွယ်။

စိမ်းဝါတို့အမေကို ဘာဖြစ်လို့ ပြောမပြသေးတာလဲ၊ မြန်မြန် ပြောလိုက်တော့လေ၊ ကြိုကြိုတင်တင် ပြောမထားရင် မလေးစားရာ ကျနေဦးမယ်။

ဖေဖေနဲ့ မောင်နဲ့ကတော့ အားလုံး အကွက်ချ စီစဉ်ပြီးနေပြီ၊ ဒီတ **အမြန်မှာ** ဖေဖေရယ်၊ မောင်ရယ်၊ ဆရာမြင့်ရယ်၊ ကိုကိုရယ်၊ **စိမ်းဝါတို့ဆီ လာခဲ့ကြမယ်။**

**ဖေဖေကတော့ ထုံးစံအတိုင်းပဲ၊ စိမ်းဝါတို့ဆီကို** လာရင် ပေးဖို့ လက်ဆောင်တွေကို ကြိုတဲ့နေရာမှာ လျှောက်ဝယ်နေတော့တာပဲ၊ ရှမ်းပြည်နယ်ထွက် ပစ္စည်းမျိုးစုံပဲကွာ၊ ခေါ်ပုပ်တွေ ပဲပုပ်တွေလည်း ပါတယ်။

ဆရာမြင့်ကတောင် မင်းအဖေက ငါတို့မကို ပဲပုပ်နဲ့ တင်တောင်းမလို့တဲ့ကွလို့ နောက်နေသေးတယ်။

မောင်လည်း စိမ်းဝါအတွက် ဖင်းမယ်ဆင် အင်းလေး လုံချည် ဝယ်ထားသေးတယ်၊ အမေ့အတွက် ခြုံစောင်ကလေး၊ အစ်ကိုညိုကြီးအတွက်လည်း လွယ်အိတ်တစ်လုံး ဝယ်ထားတယ်၊ ယောက်ဖလောင်းကိုလည်း ဖားရသေးတယ်လေ။

အမေ နေကောင်းတယ်ဆိုလို့ ဝမ်းသာတယ်၊ အမေ့ အတွက် ဆူပရာဒင်း အားဆေးတွေ ထပ်ဝယ်ထားသေးတယ်၊ အခုရတာက ဆေးလုံးမဟုတ်ဘူး၊ ဆေးပြားကြီးတွေ၊ ရေထဲ ထည့်လိုက်ရင် ဆူပြီး အရည်ပျော်သွားတယ်၊ လိမ္မော်ရည် သောက်ရသလိုပဲ အရသာရှိတယ်၊ အာနိသင်ကလည်း ချက်ချင်း လန်းဆန်းသွားစေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့မောင်နဲ့ မကြာခဏ တိုင်ပင်ဖြစ်ကြတယ်၊ ဖေဖေက စိမ်းဝါနဲ့ စေ့စပ်တဲ့အခါမှာ ငွေတစ်သောင်းလောက် တင်တောင်းရင် ကောင်းမလားတဲ့၊ မောင်က အဲဒီလို လုပ်ရင် စိမ်းဝါက လက်ခံမှာ မဟုတ်ဘူးလို့၊ ငွေတင်တောင်းတယ်ဆိုတဲ့ ခေတ်ကလည်း တုန်ပြီ မဟုတ်လား။

ဖေဖေက အကြံပေးတာတစ်ခုတော့ မောင် လက်ခံလိုက်တယ်၊ မင်္ဂလာဆောင်ကို စိမ်းဝါတို့မြို့မှာ တစ်ခါလုပ်မယ်၊ ရန်ကုန်မှာ တစ်ခါလုပ်မယ်။

ဖေဖေက အင်းလျားကန် ဟိုတယ်မှာ လုပ်မလားတဲ့၊ အင်းလျားလိပ်ဆိုရင် ကားရှိတဲ့လူမှ လာလို့ လွယ်တာ၊ ဒါကြောင့် သွားရေးလာရေးလည်း လွယ်၊ လူလည်း များများဆံ့နိုင်တဲ့၊ ကမ်းနား ဟိုတယ်ကို ရွေးထားတယ်၊ စိမ်းဝါ ကြိုက်ရဲ့လား။

မောင်တို့ မင်္ဂလာဆောင်ကျရင် အမေ့ကို ရန်ကုန် ခေါ်မယ်၊ ပြီးရင် တော်တော်နဲ့ မပြန်နိုင်အောင် ဆွဲထားပြီး ဘုရားစုံလိုက်ပို့မယ်၊ နောက်ကျတော့လည်း သွားလိုက်ပြန်လိုက် လုပ်နေလို့ရတာပေါ့။

စိမ်းဝါ ကျောင်းမှာ စာသင်ပေးနေတယ်ဆိုတာ သိရလို့ မောင် ဝမ်းသာပါတယ်၊ ဂုဏ်လည်း ယူပါတယ်၊ ကိုယ်ကျိုးမကြည့်ဘဲ ကျောင်းဆရာ လုပ်နေတဲ့ အစ်ကိုညိုကြီးကိုလည်း လေးစားချီးကျူးပါတယ်။

စိမ်းဝါက တကယ် လက်တွေ့ ကောင်းကျိုး ဆောင်ရွက်နေတဲ့အချိန်မှာ မောင်က တကယ်မဟုတ်ဘဲ သရုပ်ဆောင်ရတယ်၊ စိမ်းဝါတို့ အစ်ကိုညိုကြီးတို့က မောင့်ထက် ပိုပြီးဂုဏ်ယူဖို့ ကောင်းပါတယ်။





ရုပ်ရှင်မင်းသားဆိုတာ လူသိများ ကျော်ကြားပေမယ့် လူမသိ သူမသိ ဝေးလံခေါင်းပါးတဲ့ အရပ်တွေမှာ ကိုယ်ကျိုးစွန့်ပြီး လုပ်နေကြတဲ့လူတွေလောက် အကျိုးမပြုနိုင်ဘူးလို့ ထင်နေမိတယ်။

မောင် တစ်ခု စိတ်ကူးရထားတယ်၊ စိမ်းဝါကို မောင် ပေးလိုက်တဲ့ငွေတွေထဲက ရွာကျောင်းလေးအတွက် လိုအပ်တာကို သုံးဖို့ အကြံပေးမလို့ပါ၊ စိမ်းဝါမှာလည်း ဒီလို စိတ်ကူးမျိုး ရှိပြီးသား ဖြစ်မှာပါ။

မောင် ပေးလိုက်တဲ့ငွေမို့ မောင့်သဘောတူညီချက်နဲ့မှ လုပ်မယ်လို့ စိမ်းဝါ တွေးနေမှာ မဟုတ်လား၊ စိမ်းဝါအကြောင်း မောင် သိပါတယ်။

မောင် ပေးလိုက်တဲ့ငွေကို စိမ်းဝါ ကြိုက်တာ သုံးပါ၊ လိုရင် မောင် ထပ်ပေးပါ့မယ်၊ ကျောင်းအတွက် သုံးဖြစ်အောင် သုံးပါ၊ မောင်လည်း ကုသိုလ်ရတာပေါ့။

ရှမ်းပြည်နယ်က ရှုခင်းတွေ သိပ်သာယာတာပဲ၊ ညနေဆိုရင် တောင်တွေပေါ်က နှင်းမြူခိုးတွေ တဖြည်းဖြည်း ကျလာပြီး မြို့ကို ဖုံးလွှမ်းသွားတတ်တယ်။

ညနေစောင်းရင် မောင် လမ်းလျှောက် ထွက်တယ်၊ တောင်ကုန်းပေါ်ကို ကွေ့ကွေ့ကောက်ကောက် တက်ရတဲ့ လမ်းကလေးအတိုင်းပေါ့။

ပြီးတော့ ထင်းရှူးပင်ရိပ်မှာ ထိုင်တယ်၊ ထင်းရှူးရွက်တွေက အပ်ချောင်းလေးလို သေးသေးမျှင်မျှင်ကလေးတွေ ဖြစ်ပေမယ့် မြေပေါ်မှာ ထူထပ်စွာ ကျနေတော့ ကော်ဇောခင်းပေးထားသလိုပဲ။

ထင်းရှူးနံ့ သင်းသင်းကလေးကလည်း တစ်မျိုး၊ မောင်က

www.burmeseclassic.com



တော့ ထင်းရှူးနံ့ကို အလွမ်းနံ့လို့ ခေါ်ချင်တယ်၊ အေးလေ မောင့် အဖို့တော့ အရာရာ အလွမ်းတွေချည်းပဲ။ အလွမ်းတောင်တန်း၊ အလွမ်းသစ်ပင်၊ အလွမ်းနံ့။

ပြောသာ ပြောရတယ်၊ အလုပ်ချိန်မှာတော့ အေးအေး ဆေးဆေးတောင် လွမ်းခွင့်မရပါဘူး၊ နယ်မှာ ကားရိုက်ထွက်ရတာ က စရိတ်သိပ်ကြီးတာ၊ တစ်ရက်တစ်ရက်ဆို ငွေ ထောင်နဲ့ချီပြီး ကုန်တာပဲ၊ ဒါကြောင့် ရိုက်ပြီဆိုရင် တစ်နေ့လုံး အချိန်ရသလောက် မနားတမ်း ရိုက်ရတယ်။

ဇာတ်ကွက်ကိုလည်း တိုက်ပွဲခန်းဆိုတော့ တောင်ကုန်းတွေ ပေါ် ပြေးတက်လို့ တက်ရ၊ လှိမ့်ချလို့ချနဲ့၊ ဒီလောက်အေးတဲ့ အ ရပ်မှာတောင် ချွေးရွှဲရွှဲစိုတယ်၊ ပင်ပန်းလိုက်တာလည်း မပြောနဲ့။

ဆရာမြင့်ကလည်း မကြိုက်မချင်း လက်မလွှတ်တော့ တစ်ခါတစ်လေ တောင်ကုန်းပေါ်က သုံးလေးခါ ပြန်ပြီး လှိမ့်ချရ တယ်၊ တချို့အခန်းတွေက အဝေးက ရိုက်တာဆိုတော့ လူစားထိုး လို့ ရပါတယ်၊ ဒါပေမယ့် သဘာဝကျစေချင်လို့ မောင်ကိုယ်တိုင်ပဲ လုပ်တတ်တယ်။

ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း မောင် မညည်းပါဘူး၊ ဇာတ်ကား မြန်မြန်ရိုက်ပြီးမှ စိမ်းဝါနဲ့ မြန်မြန်နီးစပ်မယ် မဟုတ် လား။





စေ့စပ်ကြောင်းလမ်းဖို့ကိစ္စကို တိုက်ရိုက် မပြောရဲသဖြင့်၊ အစ်ကိုညိုကြီးမိန်းမ မမျိုးမှတစ်ဆင့် ကိုညိုကြီးကို ပြောခိုင်းရသည်။ ကိုညိုကြီးဆီကမှ အမေ့ထံ ပေါက်ကြားစေရလေသည်။

အမေ အံ့သြသွားလိမ့်မည်ဟု သူ ထင်မိသည်။ မဟုတ်၊ အမေက. . .

"ညည်း ဒီတစ်ခေါက် လာတာ ဒီကိစ္စဆိုတာ ငါ သိပါ တယ်အေ၊ ညည်းမျက်နှာက ဟန်ဆောင်လို့ ရတာမှ မဟုတ်တာ၊ တစ်ခုခု ပြောချင်နေမှန်း သိပ်သိသာတယ်"

အမေက ကြည်ကြည်သာသာပင် သဘောတူသည်။ ထို သတင်းကို ဘယ်သူ့မှ မပြောဘဲ လျှို့ဝှက်သိသိပ်ထားဖို့ မှာရသေး သည်။

မင်္ဂလာ သတင်းကောင်းကို မောင့်ဆီ အမြန်ဆုံး စာရေး ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးရှိနေတာ သိပ်အဆင်ပြေသည်။ စာသင်ကျောင်းရှိရာ ရွာမှ မြို့သို့ သုံးမိုင်လောက် စက်ဘီးနင်းပြီး ပြန်ရတာ သိပ်မပင်ပန်းလှ။ ကျန်းမာရေး လေ့ကျင့်ခန်း လုပ်သလိုတောင် ဖြစ်နေသည်။ ရွာမှာ စာသွားသင်ပြီးတော့မှ စိမ်းဝါ ပိုပြီးတော့တောင် ပေါ့ပါးလန်းဆန်းလာသေးသည်။

ဒီနေ့တော့ စက်ဘီးကို ဖြည်းဖြည်းပဲ နင်းလာခဲ့သည်။ ကယ်ရီယာပေါ်မှာ ရွာက ပေးလိုက်သည့် ကြက်ဥခြင်း ပါလာသောကြောင့် ဖြစ်သည်။ ရွာက လူတွေက မကြာခဏ ဆိုသလို စားစရာ သောက်စရာ ပေးတတ်သည်။ မပေးပါနဲ့ မယူဘူးဆိုလို့လည်း မရ။

"ဟဲ့. . . မယူဘဲတော့ မနေပါနဲ့၊ နင်က မယူရင် နောက်ငါ ကျောင်းပြန်တက်တော့ ယူရခက်နေပါ့မယ်၊ ငါ့မှာ သူတို့ ပေးတာလေးနဲ့ စားနေရတာ"

ဟု ကိုညိုကြီးက နောက်နေသေးသည်။

ကိုညိုကြီး ခြေထောက်ခွဲထားတာက အတော်သက်သာနေပြီ။ ကျောင်းပြန်တက်မည်ဆို တက်လို့ရပြီ။

သို့ရာတွင် စိမ်းဝါက ဆက်ပြီး နားခိုင်းထားသည်။ စိမ်းဝါကိုယ်၌ကလည်း စာသင်ရတာကို ပျော်နေပြီ။ ကျောင်းသားကလေးတွေ၊ ရွာက လူတွေအပေါ် သံယောဇဉ် ဖြစ်နေပြီ။

တစ်ခါတစ်ခါတော့လည်း ဒီကျောင်းကလေးမှာ ဆရာမဝင်လုပ်ပြီး အေးအေးချမ်းချမ်း နေသွားချင်စိတ်ပင် ပေါက်လာမိသည်။

သို့ရာတွင် သူ့ဘဝက ဒီလိုနေခွင့်ရဖို့ အခြေအနေ မပေးခဲ့။ သူ့ကံကြမ္မာကိုက နာမည်ကြီး ရုပ်ရှင်မင်းသား၏ ဇနီးဖြစ်ရမည့် ဇာတာပါခဲ့သည်။ နာမည်ကြီး အသိုက်အဝန်း၊ လူချမ်းသာတွေ ကြားထဲမှာ နေရဖို့ ဖန်တီးလာခဲ့သည်။

ဒီတော့ ခုလို တောမှာ နေခွင့်ရသည့်အခိုက် တောလေကို အပြည့်အဝ ခံစားချင်သည်။ ညနေ ကျောင်းက အပြန် စက်ဘီးကလေး တငြိမ့်ငြိမ့် စီးရင်း ကျေးရွာဝန်းကျင် ရှုခင်းများကို ကြည့်ရတာ ကြည်နူးဖို့ ကောင်းသည်။ မောင့်အကြောင်း မောင်နှင့် လက်ထပ်ဖို့အကြောင်း စဉ်းစားရတာလည်း ရင်ခုန်စရာ။

မောင့်ဆီ နောက်ဆုံး ရေးလိုက်သော စာထဲမှာ သူ့စိတ်ကူး တစ်ခုကို ထည့်ရေးလိုက်သည်။ စိမ်းဝါတို့မြို့မှာ တစ်ခါ မင်္ဂလာဆောင်မည့်ကိစ္စကို မလုပ်တော့။ ကုန်ကျမည့်ငွေကို ရွာကျောင်းအတွက် အဆောင်သစ်တစ်ဆောင် ဆောက်ပြီး လှူမည်။ ဒါဆိုရင် နောက်နှစ်မှာ လေးတန်းအထိ သင်နိုင်မည်။ အတန်းစုံသွားလျှင် တရားဝင် အသိအမှတ်ပြု ကျောင်းဖြစ်လာဖို့ လွယ်ကူသွားပြီ။

သူ့စိတ်ကူးကို မောင်ကလည်း သဘောတူမှာ အမှန်ပင်။ ခုပဲ မောင်က ပေးလိုက်သည့်ငွေဖြင့် ကျောင်းအတွက် လိုအပ်တာလှူဖို့ ပြောနေပြီ မဟုတ်လား။

မောင်ပေးလိုက်သည့်ငွေဖြင့် ကျောင်းမှာ ကျောက်သင်ပုန်း အသစ်နှစ်ချပ် လုပ်သည်။ အတန်းနှစ်တန်းကို အလယ်တကာထားသော ထရံမှာ ပေါက်ပြဲနေသဖြင့် အသစ်ပြန်ကာသည်။ ကျောင်းခန်းမှာ ချိတ်ဆွဲဖို့ မြေပုံကားချပ်တွေ ဝယ်သည်။ အိမ်သာတစ်လုံး ဆောက်သည်။ ပိုသောငွေကို ဆရာတော် ဘုန်းကြီးဒီမှာ အပ်ထားပြီး ပညာရည်ချွန်ဆုပေးဖို့ စီစဉ်ထားသည်။

မောင်နှင့် လက်ထပ်ပြီးလျှင်လည်း ဒီကျောင်းလေး အ






www.burmeseclassic.com

www.burmeseclassic.com



တွက် လိုအပ်တာတွေ ဆက်လုပ်သွားမည်။

သူ့စိတ်ကူးနှင့်သူ ကျေနပ်စွာ လာခဲ့ရင်း မြို့ထဲ ဝင်လာသည်။ မောင့်ဆီကစာ ရောက်ကောင်း ရောက်နေနိုင်သည်ဟု တွေးမိသဖြင့် စာတိုက်မှာ ဝင်မေးသည်။ စာမရောက်ကြောင်း သိရ၏။

ပရဆေးဆိုင် ဝင်၍ အမေ မှာလိုက်သော သွေးဆေးဝယ်ပြီး အိမ်ဘက်သို့ နင်းလာခဲ့သည်။

လမ်းချိုးကို ကွေ့ဝင်လိုက်သောအခါ စိမ်းဝါ အံ့သြသွားသည်။ အိမ်ရှေ့မှာ ကားတစ်စီး ရပ်ထားသည်။ ဒတ်ဆန်းဆန်နီ ရှားစေးရောင်။ မောင်တို့ ကားဖြစ်၏။

ကြက်ဥခြင်းကို သတိမရနိုင်တော့ဘဲ စက်ဘီးအမြန်နင်းသည်။ လမ်းက မညီသဖြင့် စက်ဘီးဆောင့်ပြီး ကြက်ဥအချို့ ကွဲကုန်သည်။ ဒါတွေ ဂရုစိုက်မနေနိုင်တော့။

အိမ်ပေါ်သို့ ပြေးတက်သွားသည်။ အပေါက်ဝမှာ ကိုယ်ရှိန် သတ်လိုက်သည်။ စက်ဘီးစီးလာသဖြင့် ဖွာနေသော ဆံပင်များကို လက်ဖြင့် သပ်သည်။ ရန်ကုန်မှာတုန်းကထက် အသားတွေ ညိုသွားတာကို သတိပြုမိကြမှာပဲဟု တွေးမိသေးသည်။

ရင်တွေ ခုန်နေတာကို ငြိမ်သွားအောင် အသက်ပြင်းပြင်း နှစ်ခါသုံးခါလောက် ရှူသွင်းလိုက်သည်။ ပြီးတော့ အိမ်ထဲ ဝင်သည်။

ဦးသိန်းဦး၊ ဦးခင်မောင်မြင့်၊ ကိုကျော်ဝင်းဦးတို့နှင့်အတူ အမေ ထိုင်နေသည်။ အမေ့ဘေးမှာ အစ်ကိုညှာကြီး ရှိနေ၏။ မောင့်ကို မတွေ့ရ။

သူ ခြေလှမ်းတန့်သွားသည်။





စိမ်းဝါကို မြင်သောအခါ သူတို့က ဝမ်းသာအားရ နှုတ်ဆက်သင့်သည်။ ခုတော့ အားလုံး ငြိမ်သက်စွာ ငေးကြည့်နေကြ၏။

တစ်စုံတစ်ခုတော့ မှားယွင်းနေပြီ။

မျက်နှာတွေကို တစ်ယောက်စီ လိုက်ကြည့်သည်။

အားလုံးသည် တစ်ပုံစံတည်း။

အမေနှင့် မျက်လုံးချင်း ဆုံသည်။ အမေ၏ လက်များက နံ့သာဖြူပုတီးကို တင်းတင်း ဆုပ်ကိုင်ထား၏။

"အမေ"

သူ အမေ့နား ဒူးတုပ်ထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ အမေ၊ ဘာဖြစ်လို့လဲ"

အမေက ဦးခင်မောင်မြင့်ကို လှမ်းကြည့်သည်။ မျက်လုံးများသည် ဦးခင်မောင်မြင့်ထံ စုပြုံရောက်ရှိသွားကြသည်။

လူအားလုံးတို့သည် အဖြစ်အပျက်ကို ဦးခင်မောင်မြင့် ပြောပြမှ အလုံးစုံ သိကြရမည့်အသွင်မျိုး ဖြစ်နေကြပြန်၏။ ထကယ်တော့ အားလုံး သိခဲ့ကြပြီး ဖြစ်၏။

စိမ်းဝါကိုယ်တိုင်ပင် ရိပ်မိသိရှိသလို ဖြစ်နေပြီ။ သို့တိုင်အောင် ဦးခင်မောင်မြင့်နှုတ်မှ စိတ်သက်သာရာရဖွယ် စကားတစ်ခွန်း ထွက်လာလိမ့်မည်ဟု မဖြစ်နိုင်မှန်း သိလျက် မျှော်လင့်နေကြလေသည်။

ဦးခင်မောင်မြင့်၏ လည်ချောင်းရှင်းလိုက်သည့် အသံသည် ဗုံးတစ်လုံး ပေါက်ကွဲသလို တုန်ဟည်းသွားသည်ဟု ထင်ရ၏။ သူက. . .

"စိတ်အေးအေး ထားပါ စိမ်းဝါ၊ သူ မှုပ်ရှင်ရိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ ခြေချော်ပြီး ချောက်ကမ်းပါးပေါ်က လိမ့်ကျ. . ."

"ဟင်. . . ဒါဆို ဒါဆို သူ အခု ဆေးရုံပေါ်မှာပေါ့"

စိမ်းဝါက အတင်းဖြတ်မေးသည်၊

ဦးခင်မောင်မြင့်က မဖြေဘဲ ခေါင်းငုံ့သွားသည်။

ကိုကျော်လွင်ဦးကို ကြည့်လိုက်၏၊ မျက်နှာလွှဲသွားသည်။

ဦးသိန်းဦးနားသို့ စိမ်းဝါ တိုးကပ်သွားသည်။ ဒူးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်း၍. . .

"မောင် ဘယ်မှာလဲဟင်၊ ဆေးရုံပေါ်မှာ မဟုတ်လား"

"သမီးရယ်"

ဦးသိန်းဦးက စိမ်းဝါ၏ လက်မောင်းများကို ဆုပ်ကိုင်လိုက်သည်၊ ထိုလက်မောင်းများမှတစ်ဆင့် တုန်လှုပ်ချောက်ချားဖွယ် အသိအမြင်များ သူ့ကိုယ်တွင်း စိမ့်ဝင် စီးဆင်းသွားကြောင်းကို စိမ်းဝါ နောက်ဆုံး သိလိုက်ခြင်း ဖြစ်၏။





ရွှေဖလားရောင် ကြိုးကြီးချိတ် ဆင်တူဝတ်ထားကြသည်၊ မောင်က နုံ့သာရောင်အင်္ကျီ တိုက်ပုံအဖြူရောင်၊ စိမ်းဝါကလည်း နုံ့သာရောင် အင်္ကျီလက်ရှည်နှင့် ပဝါဖြူကို ခြုံထားသည်။

ပုဝါပေါ်မှာ စိန်အစစ်တွေ ကပ်ထားသဖြင့် ပြိုးပြိုးပြက်ပြက် လက်နေ၏၊ လည်မှာတော့ မြလည်ဆွဲကြီး ဆွဲထားသည်။

ပတ္တမြားလက်စွပ်ကြီးက မီးတစ်လုံး ထွန်းထားသလို ရဲနေသည်။ အဲဒါ ငမောက် ပတ္တမြားပေါ့ဟု တစ်စုံတစ်ယောက်က ပြောသည်၊

မင်္ဂလာခန်းမ ဟိုတယ်လိုမျိုး မဟုတ်၊ နန်းတော်ကြီးတစ်ခုထဲမှာလို ဖြစ်နေ၏။ ရွှေချထားသော တိုင်လုံးကြီးတွေကြားက လျှောက်ဝင်လာရသည်၊ ခဏကြာတော့ မင်္ဂလာဆောင် မဟုတ်တော့ဘဲ မင်းခမ်းမင်းနားလို ဖြစ်သွား၏။

လူပရိသတ်တွေကလည်း ရှေးခေတ်ကလို ဝတ်စားထားကြသည်၊ စိမ်းဝါက မင်းသမီးလို၊ မောင်ကလည်း မင်းညီမင်းသား

www.burmeseclassic.com



လို ဝတ်ထား၏။

သေသေချာချာ ကြည့်တော့မှ မောင့်ခေါင်းမှာ ပိုးပဝါ ပေါင်းထားခြင်း မဟုတ်ဘဲ ရှံပန်းထည် ဖြစ်နေကြောင်း တွေ့ရ၏။ စိမ်းဝါက တစ်ခုခုပြောမည်ပြုစဉ် မောင်က ရှံပန်းထည် အနီစကို ဖြုတ်ပြီး လက်မောင်းမှာ ပတ်လိုက်သည်။ ထိုအခါ ကြယ်ပွင့်ပါ သော တော်လှန်ရေးတံဆိပ်လက်ပတ် ဖြစ်သွား၏။

"ရုပ်ရှင်ရိုက်ဖို့ ရှိတာ မေ့နေတယ်၊ သွားလိုက်ဦးမယ်"

ဆိုပြီး မောင် လှည့်ထွက်သွား၏။ စိမ်းဝါက. . .

"မောင် မင်္ဂလာဆောင်နေရင်းက ထွက်မသွားနဲ့လေ"

ဟု ပြောသော်လည်း အသံမထွက်။

ထို့နောက် စိမ်းဝါ ရုပ်ရှင်ရုံထဲ ရောက်သွားသည်။ မောင် ပါဝင်သော ရဲရဲတောက် ဇာတ်ကား ပြနေသည်။ နောက်ခံအသံက စိမ်းဝါကို မောင်က ရှင်းပြသလို အသံထွက်နေ၏။

"ဖက်ဆစ်ဂျပန်တွေက ဗိုလ်ဝင်းနောင်တို့ တပ်စုလေး နောက်က ထက်ကြပ်မကွာ လိုက်လာပြီ၊ တောင်ကုန်းပေါ်ကနေ အသေအလဲ ခုခံကြတယ်၊ ရန်သူဘက်က အင်အားကြီးနေတော့ တော်လှန်ရေးရဲဘော်တွေ တစ်ယောက်ပြီးတစ်ယောက် ကျကုန် တယ်၊ နောက်ဆုံး ဗိုလ်ဝင်းနောင် တစ်ယောက်ပဲ ကျန်တော့တယ်၊ ဂျပန်တွေက လက်နက်ချဖို့ အော်ပြောတယ်၊ ဗိုလ်ဝင်းနောင်က လက်မခံဘဲ ဆက်ပစ်တယ်၊ နောက် ဗိုလ်ဝင်းနောင်ရဲ့ သေနတ် ကျည်ဆန်ကုန်သွားတယ်၊ ဂျပန်တွေကလည်း တဖြည်းဖြည်း တက် လာနေကြပြီ"

မောင်သည် တော်လှန်ရေး အလံကြီးကို လွှင့်ထူလိုက် သည်။ ထို့နောက် ချောက်ကမ်းပါးစွန်းဆီသို့ တရွေ့ရွေ့ သွားနေ





သည်။

"အို. . . မောင်. . . မသွားနဲ့လေ မသွားနဲ့ ပြန်ခဲ့ပါ၊ စိမ်း ဝါကို မထားခဲ့ပါနဲ့၊ ပြန်ခဲ့ပါ. . ."

စိမ်းဝါက အော်ခေါ်သည်။ မောင်က. . .

"နေရစ်တော့ စိမ်းဝါရေ"

ဟု ပြောပြီး ချောက်ထဲသို့ ခုန်ချလိုက်သည်။ အလံကြီးက လေမှာ တလွင့်လွင့်နှင့် ပါသွားသည်။

မောင်သည် တဖြည်းဖြည်း ကျသွားပြီး ကျောက်စွန်း တစ်ခုနှင့် အရှိန်ပြင်းစွာ ဝင်တိုက်မိသောအခါ. . .

"အား"

စိမ်းဝါ အလန့်တကြား စူးဝါးစွာ အော်လိုက်သည်။

"အို. . . စိမ်းဝါ သတိထားမှပေါ့၊ မမျိုး ရှိတယ်လေ"

ကိုညိုကြီးမိန်းမ မမျိုးက စိမ်းဝါ၏ ရင်ဘတ်ကို ဖိထား ရင်းက ပြောလိုက်သည်။ စိမ်းဝါ မျက်စိဖွင့်ကြည့်သည်။ မြင်ကွင်း က ဝါးနေ၏။

တကယ် မဟုတ်ပါလား။ မေ့မြောနေစဉ် ကယောင်ကတ တမ်းတွေ မြင်ယောင်နေခြင်းပါတကား။ အိပ်မက်ဆိုးမှ လန့်နိုးသူ တစ်ယောက်လို စိတ်သက်သာရာ ရခြင်းကား မရှိချေ။ အပြင်က တကယ့် အဖြစ်အပျက်က အိပ်မက်ဆိုးထက်ပင် ဆိုးဝါးပါသေး လား မောင်ရယ်။

စိမ်းဝါ၏ အော်သံကြောင့် သူနာပြုဆရာမတစ်ယောက် ရောက်လာသည်။ လက်ဖျံမှာ ထိုးသွင်းထားသော ဆေးသွင်းအပ် ကို စစ်ဆေးကြည့်သည်။ ဆေးပုလင်းထဲမှ ပိုက်တစ်လျှောက် စက်ချင်း ကျနေသော ဆေးရည်များကို ကြည့်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆေးပုလင်းကြီးထဲသို့ ဆေးတစ်လုံး ထိုးထည့်ပေးသွားသည်။

"တစ်ယောက်ယောက်တော့ ဘေးမှာ အမြဲရှိနေပါစေနော်"

ဟု မှာသွားသည်။

ခဏကြာသောအခါ စိမ်းဝါ အိပ်ပျော်သွားပြန်၏။





ဆေးရုံပေါ်မှာ နှစ်ရက်နေရသည်။ ရုတ်တရက် စိတ်ထိခိုက်ပြီး မူးမေ့သွားခြင်းသာ ဖြစ်သဖြင့် အရေးတကြီး ဘာမှ လုပ်စရာမလို။ မစားမသောက်ဘဲ နေခြင်းအတွက် အားနည်းနေခြင်းသာ ရှိ၏။

အိမ်ပြန်ရောက်သောအခါ စိမ်းဝါသည် သူ့ကိုယ်သူ တတ်နိုင်သမျှ ထိန်းသည်။ မောင် ဘယ်လိုအဖြစ်မျိုးနှင့် ကြုံခဲ့ရသည်ကို ကြွေရရ နားထောင်နိုင်ဖို့ ကြိုးစားသည်။

ဦးသိန်းဦးတို့ကလည်း ရန်ကုန် မပြန်သေးဘဲ စိမ်းဝါကို အားပေးနှစ်သိမ့်နေကြသည်။ သူတို့ မပြန်ခင်တစ်ရက်မှာ ဝိုင်းဖွဲ့ စကားပြောဖြစ်ကြသည်။

စိမ်းဝါက မောင့်အဖြစ်အပျက်ကို ပြောပြဖို့ တောင်းဆိုသည်။ ဦးခင်မောင်မြင့်က ရှင်းပြသည်။

"ဇာတ်သိမ်းခန်း ရိုက်တဲ့နေ့ကပေါ့။ ချောက်ကမ်းပါးပေါ်က ခုန်ချတဲ့နေရာမှာ ဟန်ပြလောက်သာ လုပ်ရမှာ၊ သူခုန်ချရ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ချောက်ကမ်းပါးစွန်းက နှစ်ဆင့်ရှိတယ်၊ အောက်ဆယ်ပေလောက်မှာ မြေညီပြင်ကျယ်တစ်ခု ရှိသေးတယ်၊ အဲဒီပြင်ကျယ်ကို မပေါ်အောင် ကင်မရာက ဖြတ်ရိုက်ဖို့ စီစဉ်ထားတာပဲ၊ တကယ်ရိုက်တော့ သူက ဈာန်ဝင်ပြီး သိပ်မာန်ပါသွားတယ်၊ လိုအပ်တာထက် ပိုအားထည့်ပြီး ခုန်ချလိုက်တယ်၊ ကံဆိုးချင်တော့ ညဘက်တုန်းက မိုးနည်းနည်းရွာထားလို့ မြေက ချောနေတယ်လေ၊ သူကလည်း အရှိန်ပိုတင်ထားတော့ ပြင်ကျယ်ရဲ့ အစွန်းနားထိ ကျသွားတော့တာပဲ၊ ဒီမှာ ချောနေတဲ့ မြေကြီးအတိုင်း လျှောထွက်သွားပြီး"

"တော်ပါတော့ကွာ"

ဟု မောင့်ဖေဖေက ပြောလိုက်သည်။

"ကျွန်တော့်အမှားပါ ဆရာ၊ ကျွန်တော် သူ့ကို ဒီလောက်မခိုင်းသင့်ဘူး၊ လူစားထိုးသင့်တယ်၊ ဒီအခန်း သိပ်အရေးကြီးတယ်လို့လည်း ကျွန်တော် ပြောမိတယ်၊ သူဟာ အဲဒီအခိုက်အတန့်မှာ တကယ့်ဇာတ်ကောင်ရဲ့ စိတ်မျိုး ဝင်သွားလို့ ခုလို မဖြစ်သင့်တာ ဖြစ်ရတာပဲ၊ ဦးဦးကို ခွင့်လွှတ်ပါ စိမ်းဝါ"

"ဦးဦးကြောင့် ဖြစ်ရတယ်လို့ ကျွန်မ မယူဆပါဘူး၊ ကံကြမ္မာကိုက ဒီလိုပဲ ဖြစ်ရမယ်လို့ သတ်မှတ်ထားပြီးလို့ ဖြစ်ရတယ်လို့ပဲ သဘောထားပါတယ်"

စိမ်းဝါသည် လေသံကို တည်တည်ငြိမ်ငြိမ် ဖြစ်အောင် ကြိုးစားပြီး ပြောသည်။ သို့ရာတွင် ညကျလျှင် မောင့်အဖြစ်ကို အိပ်မပျော်ဘဲလျက် အိပ်မက်မက်လိမ့်ဦးမည်ဟု သူသိနေ၏။

"ဖေဖေ တစ်ခု ပြောချင်တယ် သမီး"

ဟု ဦးသိန်းဦးက ပြောသည်။

"ပြောပါ ဖေဖေ"





ဦးသိန်းဦးသည် လေသံမှန်အောင် ခေတ္တစောင့်နေပြီးမှ

"သား မရှိတော့ပေမယ့် သမီးကို ဖေဖေ့သမီးအရင်းလို စောင့်ရှောက်ပါ့မယ်၊ သမီး တစ်သက်လုံးအတွက် ဖေဖေ တာဝန်ယူပါတယ်"

"ကိစ္စမရှိပါဘူး ဖေဖေ၊ ကျွန်မဘဝကို ကျွန်မ ဖန်တီးနိုင်ပါတယ်၊ ဖေဖေ့စေတနာကို မလေးစားလို့ ပြောတာ မဟုတ်ပါဘူး၊ ကျွန်မ. . . ကျွန်မ ချစ်တာ မောင့်ကိုပါ. . . တခြား ဘာအခွင့်အရေးမှ မျှော်ကိုးလို့ မဟုတ်ပါဘူး"

သတင်းဆိုးကို ကြားပြီးသည့်အချိန်မှစ၍ ပထမဆုံး အကြိမ် ပုံမှန်လေသံဖြင့် ပြောဖြစ်သည်။

"မယူချင်လို့ မရဘူး သမီး၊ အခုကိစ္စ မဖြစ်ခင် တစ်ရက်က သားက ဖေဖေ့ကို မေးတယ်၊ ဒီဇာတ်ကားမှာ မင်းသားလုပ်တဲ့အတွက် သရုပ်ဆောင်ခ ဘယ်လောက် ပေးမှာလဲတဲ့၊ ဖေဖေလည်း ရုတ်တရက်တော့ စိတ်တိုသွားမိတယ်၊ နောက်မှ သားအသူ မင်္ဂလာဆောင်တဲ့အခါ သူ့လုပ်ခငွေကိုပဲ သုံးချင်လို့ပါလို့ ပြောတာနဲ့ ဖေဖေက ငွေနှစ်သောင်း ပေးမယ်လို့ ပြောလိုက်တယ်"

စိမ်းဝါကို အကဲခတ်သည်။ စိမ်းဝါက မျက်တောင်မခတ်ဘဲ ကြမ်းပြင်ကို စိုက်ကြည့်နေသည်။

ကျော်လွင်ဦးက ရေနွေးကြမ်းငှဲ့ပြီး ဦးသိန်းဦးရှေ့မှာ ချပေးသည်။ ဦးသိန်းဦးက မသောက်သေးဘဲ စကားဆက်သည်။

"သားရဲ့ လုပ်အားငွေကို သမီး ရထိုက်တယ်လို့ ထင်တယ်"

ပြောပြီး သူ့ရှေ့မှာ ရှိနေသည့် သားရေအိတ်[illegible]ကို စိမ်းဝါဆီ တွန်းပို့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“အထဲက ငွေနှစ်သောင်း ပါတယ် သမီး”

စိမ်းဝါ၏မျက်နှာက တင်းခနဲ ဖြစ်သွား၏။

“ကျွန်မ မလိုချင်ဘူး၊ ဘယ်တော့မှ မယူဘူး”

“ဖေဖေ ပြောတာကို ဆက်နားထောင်ပါဦးကွယ်၊ သားက ဖေဖေ့ကို ပြောသွားသေးတယ်၊ သူ မင်္ဂလာဆောင်မှာ သုံးမယ့်ငွေကို စိမ်းဝါ စာသင်နေတဲ့ကျောင်းအတွက် ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်ပြီး လှူချင်တယ်တဲ့၊ ဒါကြောင့် ဒီငွေကို လက်ခံပါ သမီးရယ်၊ သားရဲ့ဆန္ဒ ပြည့်ဝအောင် သမီးက ဆောင်ရွက်ပေးပါလို့ ဖေဖေ တောင်းပန်ချင်ပါတယ်”

မျက်ရည်ပေါက်များကို တားဆီးခြင်းငှာ မတတ်နိုင်။ ထွက်ပြီးသား မျက်ရည်တို့သည် မြစ်ချောင်းများလိုပင် ဘယ်သောခါမှ နောက်ပြန် ဆန်တက်ရိုး ထုံးစံမရှိ။ သေ့ခြောက်သွားသည့် အချိန်ကို စောင့်ရုံသာ ရှိသည်။





အချိန်ကာလဆိုသည်မှာ အကောင်းဆုံး သမားတော်ပင် ဖြစ်သည်ဟု ဆိုရိုးရှိသည်။ စိမ်းဝါအဖို့တော့ အချိန်ကာလ ဆိုသည်မှာ ရောဂါကို ရေရှည် ဆွဲတတ်သော ဆေးဆရာနှင့် တူသည်ဟု ထင်၏။

အချိန်ကာလ ကြာညောင်းလာသည်နှင့်အမျှ စိတ်တည်ငြိမ်မှု ရသည်မှာ မှန်ပါသည်။ သို့ရာတွင် မောင့်ကို ချစ်သော အချစ်နှင့် မောင့်ကို လွမ်းသော အလွမ်းကတော့ ကြာလာသည်နှင့်အမျှ ပိုမိုခိုင်မာ စွဲမြဲလာတတ်သော သစ်မြစ်များနှယ်ပင်။

အလွမ်း၌သာ
ခြေထောက်ပါလျှင်
ခြေရာ ရင်၌ ထင်စေသတည်း။

မောင် ရေးခဲ့သော ကဗျာလေးတစ်ပုဒ် ရှိသည်။

www.burmeseclassic.com



အလွမ်းမှာ ခြေထောက် မပါပေမယ့် ခြေရာထင်တတ်ပါတယ် မောင်ရယ်။

အလွမ်းမှာ တောင်ပံ မပါပေမယ့် အတိတ် ပစ္စုပ္ပန် အနာဂတ် ဆိုတဲ့ ကာလသုံးပါးစလုံးကို လူးလားခေါက်တုံ့ ပျံသန်းနိုင်ပါတယ် မောင်ရယ်။

အရာရာဟာ အချိန်ကာလရဲ့ လက်အောက်ခံပဲဆိုတာ စိမ်းဝါ မယုံဘူး။

အလွမ်းဟာ အချိန်ကာလနဲ့ သီးခြားကင်းလွတ်တဲ့အရာပဲ၊

အလွမ်းဟာ စကြဝဠာထဲမှာ အဝေးကွာဆုံး ဖြစ်တဲ့ တမလွန် ဘဝဆီထိတောင် ရောက်အောင် သွားနိုင်တဲ့အရာပါ မောင်။

...ပြီးပါပြီ...





၁၈

"ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ဖို့ ရှိတော့တာပဲ သမီး မောင်မင်းလွင်ဦးကို အမေ တစ်ခါမှ မမြင်ဖူးလိုက်ပေမယ့် အမေ့သားအရင်းလို ချစ်ပါတယ်၊ သူနဲ့ လက်ထပ်ရင် သမီးကို အမေ့ရင်ခွင်က စွန့်လွှတ်လိုက်ရမယ်၊ ခု သူ မရှိတော့ သမီးကို အမေ ဆက်ပြီး ပိုင်ဆိုင်ခွင့်ရပေမယ့် အမေ ဝမ်းမသာပါဘူး သမီးရယ်"

အမေသည် သူ့တစ်သက်တာမှာ ပထမဆုံးအကြိမ် ရှိုက်ရှိုက်ငိုငို ပြောသည်။

အစ်ကိုညိုကြီးတို့ လင်မယား၊ ဆွေမျိုးသားချင်းများ၊ သူငယ်ချင်းများက စိမ်းဝါကို သနားကြသည်။ မျက်နှာတစ်ချက် အညိုးမခံဘဲ ဝိုင်းဝန်း ဂရုစိုက်ကြသည်။

မမဝင်း၊ စိန်ကောင်း၊ ရှားမိ၊ ဝင်းနီတို့ထံမှ အားပေးသည့်စာများ ရောက်လာသည်။ ကျော်ဆင့်ဆိုလျှင် ပြည်မှ တကူးတကတက်လာပြီး အားပေးစကား ပြောသည်။

မောင် ပါဝင်သည့် ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ပြသည့် နေရာတိုင်းမှာ ရုံပြည့် ရုံလျှံအောင် အားပေးကြသည်။ မောင့်သရုပ်ဆောင်မှုများကို ပရိသတ်က ချီးကျူးကြသည်။ မောင့်တို လွမ်းကြသည်။

ရုပ်ရှင်ဝေဖန်ရေးဆရာများကလည်း မောင့်ကို ချီးကျူးပြီး အချိန်မတိုင်မီ ကြွေလွင့်ခဲ့ရသည့် ကြယ်တစ်ပွင့်အဖြစ် နှမြောတသကြောင်း၊ ရုပ်ရှင်နယ်အတွက် ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်ကြောင်း ရေးသားကြသည်။

ဇာတ်သိမ်းခန်းကို မူရင်းအတိုင်း ထည့်သွင်းပြသည်။ ထိုအခန်း ရိုက်ကူးစဉ်က ကင်မရာနှစ်လုံးဖြင့် ရိုက်ခြင်း ဖြစ်သည်။ တောင်အောက်မှ ရိုက်သော ကင်မရာတစ်လုံးက မောင် ခုန်ချလိုက်ပုံ၊ ခြေချော်သွားပုံ၊ ချောက်ကမ်းပါးပေါ်မှ ကျသွားပုံတို့ကို အမိအရ ရိုက်ယူလိုက်နိုင်သည်။ ထိုအခန်းကို ကြည့်ရသူတိုင်း မျက်ရည်မဆည်နိုင်အောင် ယူကျုံးမရ ဖြစ်ကြရသည်။

ရဲရဲတောက် ဇာတ်ကား အထူးပွဲ ပြတုန်းက ကြည့်လိုက လာကြည့်ရန် မောင့်ဖေဖေက အကြောင်းကြားခဲ့သေးသည်။ စိမ်းဝါ မသွားတော့။ မောင့်ဇာတ်ကားကို ကြည့်ရက်မည်မဟုတ်။ ထို့အတူ မောင့်ဇာတ်ကားကို စိတ်ကူးထဲမှာ အိပ်မက်ထဲမှာ အထပ်ထပ် ကြည့်မြင်ခဲ့ရပြီးပြီ။

မောင့်ကို ချီးကျူးဂုဏ်ပြုသည့်စာတွေ၊ နှမြောလွမ်းတသကြောင်း ရေးသည့်စာတွေ မောင်တို့အိမ်ကို နေ့စဉ် တဖွဲဖွဲ ရောက်နေသည်။ ထိုစာများကို မောင့်ဖေဖေက စိမ်းဝါဆီ ပို့ပေးသည်။

စိမ်းဝါတို့မြို့မှာ ရဲရဲတောက် ဇာတ်ကား ပြသည့်အခါမှာတော့ စိမ်းဝါ အရမ်းခံစားရသည်။ ထိုဇာတ်ကားကို မကြည့်မိအောင် သူ့စိတ်ကို ပင်ပန်းကြီးစွာ ချုပ်တည်းထားရသည်။





ရုပ်ရှင်ရုံရှေ့ကိုတော့ သူ သွားကြည့်မိ၏။ မောင့်ပုံရိပ်ကို ပိုစတာကြီး ရေးဆွဲထားပြီး. . .

"ကွယ်လွန်သူ ရုပ်ရှင်မင်းသား မင်းလွင်ဦး၏ အပြောင်မြောက်ဆုံး ဇာတ်ကားကြီး"

ဟု စာတန်း ရေးသားထားသည်။

စိမ်းဝါတို့ မြို့မှာ ထိုဇာတ်ကားသည် ဝင်ငွေ စံချိန်တင်သည်။ တစ်မြို့လုံး ကြည့်ကြသည်။ တချို့ဆိုလျှင် လေးငါးခါ ထပ်ကြည့်ကြသည်။ ဈတ်စိမမြင်သူ တစ်ယောက်ကပင် ရုံထဲ ဝင်ထိုင်၍ မောင့်အသံကို နားထောင်ခဲ့သေးသည်။

အမေက ငါ့သားမက်ကို မမြင်ဖူးဘူး၊ ကြည့်ချင်တယ် ဆိုသဖြင့် ကိုညိုကြီးတို့ လင်မယားက လိုက်ပြရသည်။ ဇာတ်သိမ်းခန်း ရောက်သောအခါ အမေ စိတ်မထိန်းနိုင်ဘဲ မူးမေ့လဲသွားသဖြင့် အိမ်ကို ပွေ့ခေါ်ခဲ့ရသည်။

ပရိသတ်အကြားတွင် မင်းလွင်ဦးနှင့် ရုပ်ရှင်ထဲက တော်လှန်ရေးသမား ဗိုလ်ဝင်းနောင်တို့ ခွဲခြားမရတော့။

စိမ်းဝါကကော. . .။

ရုပ်ရှင်ဇာတ်ကားထဲက ဗိုလ်ဝင်းနောင်၏ဇနီးမှာ သားကလေး တစ်ယောက် ကျန်ခဲ့သေးသည်။ စိမ်းဝါကတော့ အလွမ်းမှလွဲ၍ မောင့်ကိုယ်စား ဘာမှ မကျန်ရစ်ခဲ့။

မည်သို့ပင် ဖြစ်စေ။ စိမ်းဝါနှင့် မောင်တို့၏ဇာတ်ကြောင်းသည် ဒီမြို့ကလေးမှာ နှစ်ပေါင်းများစွာ ရှည်ကြာအောင် ဒဏ္ဍာရီသဖွယ် ပြောစမှတ် ဖြစ်နေကြလိမ့်မည်သာတည်း။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ စိမ်းဝါ မငိုတော့ပါ။ ငိုခြင်းဆိုသည်မှာ ဒုက္ခဆင်းရဲကို ခုခံတွန်းလှန်သည့် နည်းလမ်းတစ်ခု ဖြစ်၏။ မျက်ရည်ဆိုသည်မှာ အလွမ်းကို သက်သာရာ ရစေရန် အသုံးပြု[illegible] လက်နက်ဖြစ်သည်။

စိမ်းဝါကတော့ မောင့်ကို မေ့မသွားချင်။ အမြဲပဲ သတိရနေချင်သည်။ မောင့်ကို လွမ်းသောစိတ်ကို လျော့ပါးသက်သာ[illegible] အောင် မလုပ်ချင်။ မောင်နှင့် ပတ်သက်၍ ဒီအလွမ်းကလေ[illegible] တစ်ခု သူ့မှာ ကျန်ရစ်သည်။ ဒါလေးကိုသာ စွန့်လွှတ်လိုက်ရလျှင် လောကမှာ ဘာလုပ်ဖို့ ရှိပါတော့မလဲ။

မောင်နှင့် ပတ်သက်၍ ခံစားမှုများ [illegible] ပြုလာပြီဟု ထင်သည့်အခါတိုင်း မောင့်စာတွေကို ပြန်ဖတ် [illegible]အလွမ်းစိတ်တွေကို ပြန်နွှေးရသည်။

အထူးသဖြင့် မောင် နောက်ဆုံး ရေးခဲ့သောစာ။ မောင် မဆုံးခင် တစ်ရက်က ရေးထည့်လိုက်ခြင်း ဖြစ်၏။





မောင် ဆုံးသွားကြောင်း ကြားသိရပြီးနောက်မှ ထိုစာ ရောက်ရှိလာသည်။

မောင်သည် နက်ဖြန်တွင် သူ ဘာဖြစ်တော့မည်ကို မသိသေးဘဲ အနာဂတ်ကို စိတ်ကူးယဉ်၍ ရေးသားသည်။

◈ ◈ ◈

မောင်တို့ လက်ထပ်ပွဲကျရင် သူငယ်ချင်းတွေကို အမိကထားပြီး ဖိတ်မယ်၊ သူများတွေလို အော်ဂင်တွေ ဘာတွေနဲ့ ဆူဆူညံညံ တီးဝိုင်းမျိုး မထည့်ဘူး၊ စန္ဒရားတစ်လုံးပဲ ငြိမ့်ငြိမ့်ကလေး တီးမယ်၊ ကိုဝင်းလှိုင်ကို အကူအညီ တောင်းမယ်၊ အဆိုတော်ကတော့ ကိုသုမောင်နဲ့ မရီရီသန့်ပေါ့၊ မောင့်ပွဲဆိုရင် အားတက်သရော ကူညီကြမှာပါ။

လူပျိုရံကိုတော့ ရှားမီးကို လုပ်ခိုင်းမယ် စိတ်ကူးတယ်၊ အပျိုရံအတွက်တော့ စိမ်းဝါ သူငယ်ချင်း တစ်ယောက်ယောက်ထဲက ရွေးပေါ့။

မင်္ဂလာဆောင်က အပြန်ကျရင်တော့ သူငယ်ချင်းတွေက ရွှေကြိုး တားကြမှာပဲ၊ သူတို့ တောင်းသလောက် မောင်ကတော့ ပေးမှာပဲ၊ ဝင်းနိုက ပြောတာကတော့ တောင်းသလောက် မပေးရင် မောင်တို့ အိပ်မယ့် ခုတင်ပေါ်မှာ သူ တက်ပြီးအိပ်နေမယ်တဲ့၊ ဒီကောင်က တကယ်လုပ်မယ့်ကောင်၊ စိန်ကောင်းတို့ လက်ထပ်တုန်းက အေးငယ်ကို အခန်းထဲထည့် သော့ခတ်ထားပြီး ငွေညှစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။

လက်ထပ်ပြီးရင် အိမ်ကလေးတစ်လုံးနဲ့ သီးသန့် နေချင်တယ်၊ ဒါပေမယ့် ဖေဖေက ခွင့်ပြုမှာ မဟုတ်ဘူး၊ မောင်တို့အိမ်ကြီးက အကျယ်ကြီးကိုး၊ ပြီးတော့ အိမ်မှာ စီမံအုပ်ချုပ်ဖို့ မိန်းမတစ်ယောက်လည်း လိုအပ်နေတယ်လေ။

ဟန်းနီးမွန်း ထွက်ဖို့ကတော့ အတော် မလွယ်တဲ့ကိစ္စပဲ၊ အဲဒီအချိန်မှာ မောင့်ဇာတ်ကားက ပြပြီးနေလောက်ပြီ၊ မောင့်ကို လူတွေက မှတ်မိပြီး ဘယ်သွားသွား ဝိုင်းအုံကြည့်ကြမှာပဲ၊ ဘယ်မှာ လွတ်လွတ်လပ်လပ် နေလို့ ရတော့မလဲ၊ တစ်ခုပဲ ရှိတယ်၊ မောင်က ပန်ချာပီလို ရုပ်ဖျက်ထားရင်တော့ ရလိမ့်မယ်။

မောင် စိတ်ကူးတာကတော့ မော်ဘီဘက်မှာ မောင့် သူငယ်ချင်းရဲ့ ခြံတစ်ခြံ ရှိတယ်၊ တဲကလေးတစ်လုံးလည်း ရှိတယ်၊ လက်ထပ်ခါစ တစ်ပတ် ဆယ်ရက်လောက် အဲဒီမှာ သွားနေရအောင်၊ တကယ့် ကျေးလက် သဘာဝအတိုင်း နေကြည့်ရင် မကောင်းဘူးလား။

မောင်က စိမ်းဝါ ရေချိုးဖို့ တွင်းရေကို ကိုယ်တိုင် ခပ်ပေးမယ်၊ စိမ်းဝါကလည်း အနီးအနားက ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်တွေ ခူးပြီး ထမင်းဟင်း ချက်ပေါ့။

ညကျရင် မီးပုံကလေး ဘေးမှာ ထိုင်ပြီး စကားတွေ ပြောကြမယ်၊ ရေနွေးကြမ်းအိုးကလေး တည်၊ ငါးရံ့ခြောက်ဖုတ်ကလေး ဆီဆမ်းပြီး မြည်းရင်း မောင်က ဂစ်တာကလေးနဲ့ သီချင်းဆိုပြမယ်။

တစ်ခါတစ်လေကျတော့လည်း မောင်တို့ ရန်ဖြစ်ကြတာပေါ့ကွာ၊ ရန်ဖြစ်ရတဲ့အကြောင်းကတော့ မောင်နဲ့ မိတ်ဆက်ချင်လို့





တယ်လီဖုန်းဆက်တဲ့ ကောင်မလေးတစ်ယောက်နဲ့ အကြာကြီး စကားတွေ ပြောနေလို့ စိမ်းဝါက စိတ်ကောက်တာပေါ့လေ၊ မောင်က ချော့တော့ စိမ်းဝါက မောင့်ရင်ဘတ်ကို ထုထုပြီး ငိုတာပေါ့ကွာ။

ကလေး ဘယ်နှစ်ယောက် ယူမယ်လို့ စိတ်ကူးသလဲဟင်၊ အမယ်၊ ရှက်နေရပြန်ပါပြီ၊ ဒါ ရှက်စရာမှ မဟုတ်ဘဲ၊ သဘာဝပဲဟာ၊ မောင်ကတော့ သားသမီးတွေ အများကြီး လိုချင်တယ်၊ မိန်းကလေးရော ယောကျ်ားလေးရော အများကြီး မွေးပေးနော်။

မောင်တို့ သားသမီးတွေက ချောကြလှကြမှာ ဧကန်ပဲ၊ သားတွေက စိမ်းဝါနဲ့ တူတဲ့ မိန်းကလေးတွေကို ရှာယူကြလိမ့်မယ်၊ သမီးတွေကလည်း မောင်နဲ့ တူတဲ့ ယောကျ်ားလေးတွေကိုမှ ကြိုက်ကြမှာပဲ၊ ဘာပဲဖြစ်ဖြစ်ကွာ၊ မောင်ကတော့ သူတို့ တကယ်ချစ်တဲ့ လူဆိုရင် ဆင်းရဲချမ်းသာမရွေး သဘောတူ ပေးစားမှာပဲ။

နောက် သူတို့လေးတွေက သားသမီးတွေ မွေးကြတဲ့အခါ မောင်တို့ မြေးချီရ မြေးထိန်းရနဲ့ အလုပ်ရှုပ်ဦးမှာပေါ့၊ မြေးဦးကလေးကို အဘိုးတစ်လှည့် အဘွားတစ်လှည့် လုချီနေကြလို့ သူ့အဖေအမေက လက်ပူမိပြီး ကလေး ချည့်သွားတော့မှာပဲဆိုပြီး တပူပူ တဆူဆူ လုပ်မှာ မြင်ယောင်ယောင်။

မြေးတွေ များလာတဲ့အခါကျတော့ ဘိုးဘိုး ဦးမင်းလွင်ဦးနဲ့ ဘွားဘွား ဒေါ်စိမ်းဝါ ဘယ်သူ့ခေါင်းက ဆံပင်ဖြူ ပိုများသလဲဆိုပြီး သူတို့ချင်း အလောင်းအစား လုပ်ကြလိမ့်မယ်၊ ဘိုးအေ ဘွားအေတွေရဲ့ ဆံပင်ကို ဖွပြီး တစ်ပင်ချင်း ရေတွက်ကြလိမ့်မယ်၊ နိုင်တဲ့လူကို ဘိုးအေက ဆုချတာပေါ့၊ ရှုံးတဲ့လူက ငိုမဲ့မဲ့ ဖြစ်နေလို့ ဘွားအေက သနားပြီး မုန့်ဖိုး ကျိတ်ပေးပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com

မြေးအငယ်ဆုံးကောင်က သိပ်လည်တယ်လေ၊ ဘွားအေကြီးကို ဆံပင်ဖြူ နှုတ်ပေးမယ်၊ တစ်ပင် ဆယ်ပြားပေးရမယ်ဆိုပြီး ဆံပင်အမည်းတွေ နှုတ်ပြီးတော့ လက်ထဲမှာ အသင့်ဝှက်ထားတဲ့ အပ်ချည်မျှင်ကလေးတွေကို ဆံပင်ဖြူဆိုပြီး ပြတာပေါ့။

ဘွားအေကြီးက မျက်စိမှုန်တော့ မသိဘူးလေ၊ ငါ့မြေး တယ်တော်ပါလား၊ ဆံပင်ဖြူ နှုတ်တာ ဟောတစ်ပင် ဟောတစ်ပင် သိပ်မြန်တာပဲလို့ ချီးကျူးရော။

ဘိုးအေကတော့ မျက်စိကောင်းလို့ ဒီကောင် လုပ်နေပုံကို မြင်တယ်၊ ဒါပေမယ့် ဒီကောင်က မျက်စိမှိတ်ပြပြီး ဘိုးဘိုး ဆေးပြင်းလိပ် ဝယ်တိုက်မယ်နော် ဆိုပြီး နှုတ်ပိတ်တာပေါ့။ ဘိုးအေကြီးက တဟားဟားနဲ့လေ၊

လူ့ဘဝကြီးဟာ တွေးကြည့်တော့ ပျော်စရာကြီးပါလား စိမ်းဝါရယ်. . .

ဟုတ်တာပေါ့ မောင်ရယ်၊ လူ့ဘဝမှာ အသက်လည်း ရှည်မယ်၊ ကျန်းလည်း ကျန်းမာမယ်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ခြင်းနဲ့လည်း ပြည့်စုံမယ်ဆိုရင် ပျော်စရာကြီးပေါ့။

ဒါပေမယ့်ကွယ်. . . လူ့အသက်ဆိုတာ ဆေးဝါးတွေလို နောက်ဆုံး အသုံးပြုရမယ့် ရက်စွဲဆိုတာမျိုး သတ်မှတ် ခတ်နှိပ်လို့ ရတာမျိုးမှ မဟုတ်ဘဲ၊ သေမင်းဆိုတာဟာလည်း သနားကရုဏာ ပိုပြီး အားနာတတ်တဲ့လူမျိုးမှ မဟုတ်ဘဲ။

. . . ဖြစ်ဆဲ . . .





ဥဩ ဥဩ
လွမ်းတယောနဲ့
တောမြိုင်ထဲက တေးသံရှင်။

ပူပြင်းခြောက်သွေ့လှသော အရပ်ဒေသမှ သစ်ပင်အုပ်ကလေးများဖြင့် ရှားရှားပါးပါး အေးချမ်းတိတ်ဆိတ်သော နေရာကလေး။

စိမ်းဝါတို့ ကျောင်းကလေး တည်ရှိရာ ထိုဘုန်းတော်ကြီးကျောင်းဝင်းသည် ပူပြင်းသော ကန္တာရခရီးကို ဖြတ်သန်းလာသူတိုင်းကို အေးချမ်းစွာ ခိုနားခွင့် ပေးသည်။ အေးမြကြည်လင်သော တွင်းရေကို သောက်သုံးရင်း ပန်းသမျှ ပြေပျောက်စေသည်။

ထို့အတူ ဘဝ၏ဆင်းရဲဒုက္ခများကြောင့် ပူလောင်သောကရောက်ခဲ့ရသူများကို တရားရိပ်ဖြင့် အေးချမ်းစေသည်။ မေတ္တာရေစင်ဖြင့် ပက်ဖျန်း လန်းဆန်းစေသည်။

စိမ်းဝါသည် ကျောင်းဝင်းထဲသို့ ဝင်လိုက်သည့်အခါတိုင်း


www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းမှုကို ရရှိတတ်သည်။ စိမ်းဝါတို့၏ စာသင်ကျောင်းက လေးသည်လည်း ဘုန်းကြီးကျောင်းဝင်းထဲမှာပင် ရှိနေသည်။

စိမ်းဝါသည် မောင့်လုပ်အားခအဖြစ် ရရှိခဲ့သောငွေဖြင့် ကျောင်းဆောင်သစ်ကလေးတစ်ဆောင် ဆောက်လုပ် လှူဒါန်းသည်။ အဆောင်တိုးလာပြီ ဖြစ်သဖြင့် လေးတန်းကို စတင် သင်ကြားနိုင်လာသည်။

စိမ်းဝါက ဘွဲ့ရပြီး ဖြစ်၍ လေးတန်းပင် သင်ကြားရသည်။

ရှေ့လာမည့် စာသင်နှစ်မှ စပြီး တရားဝင် မူလတန်းကျောင်းအဖြစ် အသိအမှတ် ပြုခံရတော့မည် ဖြစ်၏။

မနက် ကျောင်းကို ရောက်သည့်အခါ စာသင်ခန်း မဝင်မီ ဆရာတော်ကြီးကို အရင်သွား၍ ဦးချသည်။

ဆရာတော်ကြီးသည် စကားနည်းသည်။ နည်းနည်းနှင့် ထိမိအောင် ပြောတတ်သည်။ စိမ်းဝါအကြောင်း သိနေသဖြင့် ကွယ်ရာမှာ 'တယ်လဲ ဒုက္ခကြီးတဲ့ ကလေးမပဲ' ဟု ပြောသော်လည်း စိမ်းဝါရှေ့မှာ စိတ်မချမ်းသာစရာ စကားကို လုံးဝမပြော။ သေခြင်းတရားအကြောင်းကိုပင် တရားမပြ။ လူ့ဘဝ၏ ရတောင့်ရခဲအဖြစ်ကို လည်းကောင်း၊ အများကောင်းကျိုး ဆောင်ရွက်ခြင်းကြောင့် ကိုယ့်စိတ်ချမ်းသာရာရပုံ အကြောင်းများကိုသာ ပြောလေ့ရှိသည်။

ဒီကျောင်းက ကလေးအများစုမှာ ဆင်းရဲနွမ်းပါးကြသူများ ဖြစ်ကြ၏။ အဝတ်အစား အပြည့်အစုံ ဝတ်သူဟူ၍ သိပ်မရှိ။ များသောအားဖြင့် ပုဆိုးစုတ်ကလေးများ စည်းထားရုံသာ၊ အကျႌမပါကြ။ ကျောင်းစိမ်းဆိုတာ မြင်တောင် မမြင်ဖူးချေ။ သို့ရာတွင်





ဒီကလေးတွေကို စိမ်းဝါ ချစ်သည်။

တချို့ကလေးများမှာ ကျောက်သင်ပုန်းတစ်ချပ် ကွဲလို့ နောက်တစ်ချပ် မဝယ်နိုင်။ ကွဲသွားသည့်အထဲမှ အကြီးဆုံးအပိုင်းကို ယူ၍ ဆက်သုံးရသည်။ ကျောက်တံကို လက်တဆစ်စာလောက် ကျန်လို့ လွှင့်မပစ်ရက်၊ ထိပ်က ဝါးတံကလေး စွပ်ပြီး ရေးကြရသည်။

ထိုကလေးမျိုးတို့ စိမ်းဝါက ကျောက်သင်ပုန်း ကျောက်တံ ထောက်ပံ့သည်။ ရွာထဲမှ ကျောင်းမနေသည့် ကလေးများကို စုံစမ်း၍ အိမ်တိုင်ရာရောက် သွားသည်။ မိဘတွေကို ကလေးအား ကျောင်းထားဖို့ စည်းရုံးသည်။ ကလေးအတွက် စာရေးကိရိယာတို သူ တာဝန်ယူသည်။

ဤသို့ဖြင့် စိမ်းဝါသည် ရွာ၏အချစ်တော် ဆရာမကလေး ဖြစ်လာသည်။ ကလေးတွေကလည်း စိမ်းဝါမှ စိမ်းဝါ။

"ဆရာမ"

အတန်းထဲမှာ အပေဆုံး အတေဆုံး သံဒိုး ဆိုသည့် ကျောင်းသားလေးက သူ့နားမှာ လာရပ်ရင်း ခေါ်လိုက်သည်။

"ဘာလဲ သံဒိုး၊ ကျောက်တံ ပျောက်သွားပြန်ပြီလား၊ ဟိုတစ်ခါလို ကျောက်တံက ရေနစ်လား မနစ်လား သိအောင် ရေတွင်းထဲ ပစ်ချလိုက်ပြန်ပြီလား"

သံဒိုးက ဝါကျံ့ကျံ့ ဖြစ်နေသော သွားတွေ ပေါ်အောင် ရယ်ပြီး ခေါင်းခါသည်။ သူ့သွားများမှာ စိမ်းဝါက ဆားတမာရိုးတို့ဖြင့် နေ့တိုင်း တိုက်ခိုင်းထားသဖြင့်သာ ဒီလောက် သန့်ရှင်းနေခြင်း ဖြစ်၏။

"မဟုတ်ပါဘူး ဆရာမ၊ ကျွန်တော် ဆရာမဖို့ မိပယ်ပန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ သိလာလို့"

ဆိုပြီး လက်ဝါးနှစ်ဖက်ကြားမှာ ထည့်ထားသော စံပယ်ကုံးကို ပေးသည်။ လက်တွေက ချွေးတွေသံတွေ၊ ဖုန်တွေသဲတွေကြောင့် ညစ်ပေနေ၏။ စံပယ်ပန်းမှာလည်း ဖြူလွလွ မဟုတ်တော့၊ သို့ရာတွင် စိမ်းဝါက. . .

"အေး ကျေးဇူးပဲ၊ ဆရာမ စံပယ်ပန်း ပန်ချင်နေတာနဲ့ အတော်ပဲ"

ဆိုပြီး စံပယ်ပန်းကုံးကို ခေါင်းမှာ ပန်လိုက်၏။ သံဒိုးလည်း ဝမ်းသာအားရ ခုန်ပေါက်ပြီး ပြေးထွက်သွားသည်။

နောက်တစ်ယောက် အားကျမခံ ရောက်လာပြန်သည်။ တုတ်တုတ် ဖြစ်၏။

"ဆရာမဖို့"

ဆိုပြီး ပန်းတစ်ပွင့် လာပေးသည်။ ချဉ်ပေါင်ပွင့်ကြီး ဖြစ်၏။ တခြားကလေးတွေက. . .

"ဟာ. . . . ချဉ်ပေါင်ပွင့်ကြီး"

ဟု ပြောပြီး ဝိုင်းရယ်ကြ၏။ တုတ်တုတ်က. . .

"ငါတို့အိမ်မှာ ဒါပဲ ရှိတာကိုးဟဲ့"

ဟု ခါးလေး ထောက်ပြီး ရန်တွေ့သည်။

"ပေးပေး၊ ချဉ်ပေါင်ပွင့်လည်း ပန်းပါပဲ ကလေးတို့ရဲ့၊ ပန်လို့ရပါတယ်"

ဟု ပြောပြီး ယူပန်လိုက်သည်။ ကလေးတွေ ပေးသမျှ ပန်းတွေကို သူတို့ ကျေနပ်အောင် အကုန်ပန်ထားရသဖြင့် မသိသူဆိုလျှင် အရူးမလေးဟု ထင်ကြဖွယ် ရှိ၏။

စိမ်းဝါကတော့ ဒီကလေးတွေနှင့် နေရတာ စိတ်ချမ်းသာ





နေသည်။ ကျောင်းဆောင်သစ်မှာ ဦးမင်းလွင်ဦး(ခေါ်)ဗိုလ်ဝင်းနောင် ကောင်းမှု ဟူသော စာတန်းကလေး ရေးထိုးထားသည်။ ဒီကျောင်းကလေးထဲမှာ နေလျှင် မောင်နှင့်အတူ နေရသည်ဟု သူ့စိတ်ထဲမှာ ခံစားရသည်။

တကယ်တော့လည်း ဒီကျောင်းကလေးနှင့် ဒီကျောင်းသားကလေးများမှာ မောင်နှင့် ခွဲခွာနေရသည့်အတွက် ကံကြမ္မာက ပြန်လည်၍ အလျော်ပေးထားခြင်း ဖြစ်သည်ဟု ဆိုနိုင်၏။

"ကဲ. . . ကဲ၊ မနေ့က ပြောလိုက်တဲ့ ဗိုလ်အောင်ကျော်အကြောင်းကို ဆက်ပြောပြမယ်"

ဟု ပြောနေစဉ် ကိုညိုကြီး ရောက်လာသည်။

"စိမ်းဝါရေ၊ ဆရာတော် ကျောင်းပေါ်မှာ ကိုကျော်လွင်ဦး ရောက်နေတယ်၊ သွားတွေ့လိုက်ပါဦး"

"ဘာကိစ္စပါလိမ့်"

ဟု ရေရွတ်ရင်း ကျောင်းရှိရာသို့ လာခဲ့၏။

ကျောင်းပေါ်မှာ ဆရာတော်နှင့် ကိုကျော်လွင်ဦးတို့ စကားပြောနေကြသည်။ ကိုကျော်လွင်ဦးက ဆရာတော်အား စာသင်ကျောင်းအတွက် ငွေနှစ်ထောင်နှင့် ဆရာတော် ကျောင်းအတွက် ငွေတစ်ထောင် လှူသဖြင့် ဆရာတော်က ဆုပေးနေခြင်း ဖြစ်၏။

"ကဲ. . . ကဲ၊ ပြောစရာကိစ္စ ပြောကြ"

ဆိုပြီး ဆရာတော် ကြွသွားသည်။

"ဘာကိစ္စလဲ ကိုကို"

"တခြား မဟုတ်ပါဘူး စိမ်းဝါ၊ သန်ဘက်ခါ ညနေ

အကယ်ဒမီပေးပွဲ ရှိတယ်လေ၊ ညီလေး အကယ်ဒမီရ



www.burmeseclassic.com

www.burmeseclassic.com

သလောက် ဖြစ်နေပြီ၊ ရွေးချယ်ရေးအဖွဲ့က ဆုရသူကို အခမ်းအနားကျမှ ထုတ်ပြီး ကြေညာလေ့ ရှိပေမယ့် ဆုရသူဟာ အခမ်းအနားကို ရောက်မလာမှာစိုးလို့ တစ်နည်းနည်းနဲ့ ကြိုပြီး အရိပ်အမြွက်လောက် ပြောတတ်တယ်၊ ခုလည်း အခမ်းအနားကို မင်းလွင်ဦး ကိုယ်စား ဘယ်သူ တက်မှာလဲလို့ မေးတယ်၊ ဒါဟာ ညီလေးကို အကယ်ဒမီ ပေးဖို့ ရည်ရွယ်ထားတယ်လို့ သွယ်ဝိုက်ပြီး အသိပေးလိုက်တာပဲ၊ အဲဒါ ညီလေးကိုယ်စား စိမ်းဝါက ဆုတက်ယူစေချင်တယ်"

"အို. . . မဖြစ်နိုင်တာ၊ ကျွန်မနဲ့ မောင်ဟာ ဘယ်လို ပတ်သက်တယ်ဆိုတာ လူတွေ သိကြတာမှ မဟုတ်ဘဲ၊ ပြီးတော့ ကျွန်မ အဲဒီလို အခမ်းအနားမျိုး မတက်ချင်ဘူး၊ အဲဒီအသိုက်အဝန်းထဲလည်း ပြန်မဝင်ချင်ဘူး"

"စိမ်းဝါ ပြောသလို ကိုကိုလည်း ယူဆခဲ့ပါတယ်၊ ဒါပေမယ့် ဒီဆုကို စိမ်းဝါပဲ ပိုင်ဆိုင်သင့်တယ်လို့ ထင်တယ်၊ နောက်ပြီး ညီလေးကလည်း. . . ဟိုဘဝကနေ စိမ်းဝါပဲ သူ့ကိုယ်စား ဆုတက်ယူပါလို့ ပြောနေလိမ့်မယ် ထင်တယ်"

စိမ်းဝါကို ကျော်လွင်ဦး တစ်ချက်စိုက်ကြည့်သည်။ ကိုကျော်လွင်ဦးက. . .

"စိမ်းဝါ ငါ့ညီမ နည်းနည်းပိန်သွားတယ်"

ဟု ပြောလိုက်၏။





ရန်ကုန်နှင့် နီးလာလေ **စိမ်းဝါ၏စိတ်ထဲမှာ ထူးဆန်း**သော အတွေးတွေ ဝင်လာလေပင် **ဖြစ်၏၊ မောင် မသေဘူး** ရန်ကုန်မှာ ရှိနေတုန်းပဲ ဆိုသော ခံစားမှု **ဖြစ်ပေါ်လာခြင်းပင်။**

မောင် ဆုံးပါးခါစက ထိုကိစ္စများကို လုံးဝမစဉ်းစားဘဲ နေခဲ့သည်။ ခု ကားပေါ်မှာ ကိုကျော်လွင်ဦးကို **စကားတစ်ခွန်း** မေးကြည့်ရာမှ သံသယ ဝင်လာခဲ့ရလေသည်။

"မောင့်အုတ်ဂူ ဘယ်မှာလဲ"

ဟု သူက မေးသောအခါ ကိုကျော်လွင်ဦးက ရုတ်တရက် မဖြေဘဲ ခပ်တွေတွေ လုပ်နေပြီးမှ. . .

"တောင်ကြီးမှာ"

ဟု ပြောသည်။

"စိမ်းဝါ သွားကြည့်ချင်တယ်၊ ဘယ်မှာဆိုတာ လမ်းညွှန်ပါလား၊ ရန်ကုန်က အပြန် တောင်ကြီးကို တက်သွားမယ်"

ကိုကျော်လွင်ဦး မျက်နှာ တစ်မျိုးဖြစ်သွား၏။

www.burmeseclassic.com



“ဟို. . . လမ်းညွှန်လို့ မလွယ်ဘူး၊ အခု ရှိချင်မှလည်း ရှိတော့မယ်”

ဟု ပြောသည်။ သူ ပြောပုံမှာ ပါးစပ်ထဲ တွေ့ကရာ လျှောက်ပြောနေသလိုပင်။ ခိုင်ခိုင်လုံလုံ မရှိ။

ထို့ကြောင့် စိမ်းဝါအဖို့ စဉ်းစားစရာ ဖြစ်လာ၏။ မောင်သေဆုံးခဲ့သည့်ကိစ္စနှင့် ပတ်သက်သော အချက်အလက်များကို တစ်စစီ ဆွဲယူပေါင်းစည်းကြည့်သည်။ တချို့ကိစ္စများသည် အံဝင်ခွင်ကျ မဖြစ်၊ ကွင်းဆက်တွေ ပြတ်နေသည်။ ရှေ့နောက် မညီညွတ်တာတွေ ရှိနေသည်၊ ဒါဆိုလျှင်. . .။

စိမ်းဝါ စိတ်တွေ အရမ်းလှုပ်ရှားလာ၏။

ရန်ကုန်မြို့ထဲ ဝင်လာသောအခါ ကိုကျော်လွင်ဦးက. . .

“စိမ်းဝါ. . ဆရာမြင့်တို့အိမ်မှာ တည်းမယ် မဟုတ်လား”

“ဟင့်အင်း၊ ကိုကိုတို့အိမ်မှာ တည်းမယ်”

“ဘယ့်ဖြစ်မလဲ”

ဟု ကျော်လွင်ဦး လွှတ်ခနဲ ပြောလိုက်၏။

“ဘာ. . . ဘာဖြစ်လို့ မဖြစ်ရတာလဲ”

“ဩော်. . . ဟိုလေ၊ အိမ်မှာဆိုတော့ ညီလေးကို ပိုသတိရပြီး စိတ်မကောင်း ဖြစ်မှာစိုးလို့ပါ”

“ဖေဖေနဲ့လဲ တွေ့ချင်တယ်”

“တွေ့ရမှာပေါ့၊ ညကျတော့ ဖေဖေ လာလိမ့်မယ်”

စိမ်းဝါ ဘာမှ ပြန်မပြောတော့။ အဖြေကို သူ တွေ့ကို တွေ့ရမည် ဟူ၍တော့ ထင်လိုက်သည်။

. . . ပြီးပါပြီ . . .





စိမ်းဝါကို မြင်သောအခါ ဒေါ်လေးနွယ် ဟန်မဆောင်နိုင်တဲ့ ဖက်ငိုသည်။

“ကံဆိုးလှချည်လား တူမရယ်၊ အဖြစ်ဆိုးလှချည်လား၊ တစ်ယောက်နဲ့တစ်ယောက် အသက်လောက် ချစ်ကြပါလျက်နဲ့”

ဦးခင်မောင်မြင့်က မျက်မှောင်ကုတ်ပြီး တစ်ချက်စိုက်ကြည့်သည်။ ဒေါ်လေးနွယ်၏လေသံ ရုတ်တရက် ရပ်သွားပုံမှာ စကားအရှိန်မကုန်ခင် အဟန့်အတားတစ်ခု ကြုံလိုက်ရသလိုမျိုး။

စိမ်းဝါ ရေချိုးပြီး ပြန်ထွက်လာတုန်းမှာလည်း တစ်ခု မြင်လိုက်ရသေးသည်၊ ဦးဦးက ဒေါ်လေးနွယ်ကို လက်ညှိုးတထိုးထိုးနှင့် သတိပေးစကား ပြောကြားနေသယောင်။ စိမ်းဝါကို မြင်သည့်အခါ ဦးဦးက စကားကို ဖြတ်ပစ်လိုက်သည်။

ဒေါ်လေးနွယ်သည် တစ်ခုခု ပြောပြချင်နေပုံ ရသည်ဟု စိမ်းဝါ ထင်သည်။ ဒေါ်လေးနွယ်၏ အမူအယာများသည် အထစ်အငေါ့လေးတွေ ဖြစ်နေသည်၊ အမေ နေကောင်းသား စသော

www.burmeseclassic.com



မြို့က အကြောင်းတွေ မေးနေရင်းက တစ်ချက်တစ်ချက် သက်ပြင်း ချလိုက်ပြီး တွေတွေဝေဝေ ဖြစ်သွားတတ်၏။

ဦးဦးသည်လည်း စိမ်းဝါကို မျက်နှာချင်း မဆိုင်မိအောင် တမင်ရှောင်နေသလိုချည်း ဖြစ်နေ၏။ ဦးဦးသည်လည်း ဒီဇာတ်ကားမှာ အကယ်ဒမီဆု ရမည်ဟု တစ်ပြေးနေသည်။ ထို့ကြောင့် စာနယ်ဇင်းသမားတွေ မကြာခဏ လာတွေ့ကြသည်။ အပြင်ကိုလည်း မကြာခဏ ထွက်နေရသည်။

ပြီးတော့ မောင် ခုလို ဖြစ်နေရတာ သူ့ပေါ့လျော့မှုလည်း ပါသည်ဟူသော အစွဲအလမ်းကြောင့် စိမ်းဝါကို မျက်နှာချင်းဆိုင်ရမှာ ခက်နေတာလည်း ဖြစ်ကောင်းဖြစ်မည်။ သို့တိုင်အောင် ဦးဦး၏ မျက်နှာပေါ်မှာ ပဟေဠိတစ်ခုခု ရှိနေသလိုလို။ စိမ်းဝါနှင့် အကြည့်ချင်း ဆုံမိသည့်အခါတိုင်း ဦးဦး၏ မျက်လုံးအရောင် ပြောင်းသွားတတ်တာ ဘာကြောင့်လဲ။

မမဝင်း ရှိလျှင် ကောင်းမည်။ တိုင်ပင်ကြည့်လို့ ရသည်။ အစီပွာယ် ကောက်ခိုင်းလို့ ရသည်။ မမဝင်းကလည်း ဒီ႐ွာ မနေတော့။ သူ့အမျိုးသားနှင့် လက်ထပ်ပြီး မန္တလေးကို လိုက်သွားပြီ။ အောက်ထပ်မှာ အခန်းငှားနေသူတချို့ ကျန်သေးသည်။ သူတို့ကလည်း . စိမ်းဝါအတွက် ဝမ်းနည်းစကား ပြောနိုင်ရုံလောက်သာ ရှိ၏။

နောက်တစ်နေ့မနက်တွင် မောင့်သူငယ်ချင်းတွေ ရောက်လာသည်။ သူတို့ အမူအယာတွေကလည်း ရှင်းရှင်းလင်းလင်းမရှိ။ သူတို့သည် စိမ်းဝါ မလာခင် သဘောထားကွဲလွဲမှုတစ်ခုကြောင့် အကြီးအကျယ် ငြင်းခုံလာခဲ့ကြသည့် ပုံစံမျိုး ဖြစ်နေကြ၏။

ရှားမီးက အသိသာဆုံးပင်။ သူသည် နှုတ်ခမ်းကို တင်း





တင်း စေ့ပြီး မကြာခဏ လတ်သီးဆုပ်လိုက် ဖြန့်လိုက်၊ လက်ဝါးတစ်ဖက်ကို လက်သီးနှင့် ဆတ်ခနဲ ထိုးလိုက်၊ စိတ်ကျဉ်းကျပ်မှုကို မဖုံးနိုင် ဖြစ်နေဟန်တူ၏။ စိန်တောင်းနှင့် ဝင်းနီတို့က သူ့ကို မကြာခဏ မျက်နှာထားတင်းတင်းဖြင့် စိုက်ကြည့်ကြကြောင်း စိမ်းဝါ သတိထားမိသည်။

စကားဝိုင်းသည် လုံးဝမစိုပြည်။ မေးတစ်ခွန်း ဖြေတစ်ခွန်း။ စိမ်းဝါသည် သူတို့ကို မေးခွန်းတစ်ခု မေးဖို့ အားတင်းနေသည်။ မေးနိုင်လောက်သည့် စိတ်ဓါတ်အင်အား ရလုရခင်ကလေးမှာပင် စိန်ကောင်းက. . .

"ပြန်ကြစို့ကွာ"

ဟု သူ့သူငယ်ချင်းတွေကို ပြောလိုက်၏။

မောင့်ဖေဖေ ဦးသိန်းဦးသည် စိမ်းဝါကို အလွန်ချစ်သည်။ စိမ်းဝါ ရောက်လာပြီဆိုလျှင် ညတွင်းချင်းပင် အပြေးအလွှားလာတွေ့မည့်သူ ဖြစ်၏။ သို့ရာတွင် ရောက်မလာ။ အကယ်ဒမီဆုပေးပွဲသွားဖို့ အချိန်နီးတော့မှ ကပ်ပြီး ရောက်လာသည်။

စိမ်းဝါကို မြင်တော့ ပခုံးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး နှုတ်ဆက်သည်။ ဖေဖေသည် များစွာ ပြောင်းလဲသွားခဲ့ပြီ။ အရင်လို အရုပ်မြင့်မြင့် တုတ်တုတ်ခိုင်ခိုင် လူကြီးတစ်ယောက် မဟုတ်တော့။

သိပ်မကြာလှသော လပိုင်းအတွင်းမှာပင် တော်တော်အိုသွားသည်။ ဆံပင်ဖြူတွေ ပိုများလာသည်။ အမြဲဖျတ်လတ် တက်ကြွနေသော ပုံမဟုတ်တော့။ ရီဝေသော မျက်လုံးများ၊ သေးထိုင်းမှိုင်းသော လှုပ်ရှားမှုများနှင့်အတူ တကယ့် အဘိုးကြီး တစ်ယောက် ဖြစ်နေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်သိပ်မရှိဘူး သမီး၊ သွားကြရအောင်"

ကားပေါ်မှာ ဦးသိန်းဦးဘေား ကပ်၍ စိမ်းဝါ ထိုင်သည်။ စကားမပြောဖြစ်ကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာကြသည်။ ကားစက်သံကိုသာ လူတိုင်းက အဓိပ္ပာယ်မဲ့စွာ နားစွင့်နေမိကြ၏။

စိမ်းဝါသည် ဉာဏ်စမ်းပဟေဠိ ကွက်လပ်ဖြေဖို့ ကြိုးစားနေသူ တစ်ယောက်လို ဖြစ်နေ၏။ တဖြည်းဖြည်းတော့ အဖြေမှန်ရဖို့ နီးနေပြီဟု သူသိလာသည်။ ထောင်လိုက်အကွက်နှင့် အလျားလိုက် အကွက် ဆက်စပ်မိဖို့သာ လိုတော့သည်။

စိမ်းဝါ၏ ခြေထောက်က ကားကြမ်းပြင်ပေါ်မှာ ကျနေသော အရာတစ်ခုကို နင်းမိသည်။ ခြေထောက်ကို ဖယ်ပြီး ငုံ့ကြည့်လိုက်သည်။ ဆိုလူကော့တက်(ခေါ်)အသက်ကယ်ဆေးဘူးခွံတစ်ခု ဖြစ်၏။





ရဲရဲတောက် ဇာတ်ကားက အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံး မင်းသမီးဆုများ အပြင်. . .

"ညီ့ပရိသတ်များရှင်၊ အခု ဆက်လက်ပြီးတော့ အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆု ရရှိသူကို ကြေညာပါ့မယ်၊ အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုကို ရရှိသူကတော့ ရဲရဲတောက် ဇာတ်ကားမှ မင်းလွင်ဦး ဖြစ်ပါတယ်ရှင်"

လက်ခုပ်သံတွေ ဆူညံသွားသည်။ အခမ်းအနားမှူးက ဆက်လက်၍. . .

"ညီ့ပရိသတ်များရှင်၊ ကိုမင်းလွင်ဦးရဲ့ ကိုယ်စား မစိမ်းဝါက ဆုကို လက်ခံရယူမှာ ဖြစ်ပါတယ်ရှင်"

မီးမောင်းကြီးများက ပရိသတ်ကြားမှာ ဟိုမှဒီမှ လှည့်ကာ တိုးရင်း စိမ်းဝါကို ရှာဖွေသည့်သဘော ပြုလုပ်နေသည်။ တစ်နေရာတွင် မီးမောင်းကြီး ရပ်တန့်သွား၏။

www.burmeseclassic.com



စိမ်းဝါ ရှိရာသို့ ကင်မရာသမားများ ပြေးလွှားသွားကြသည်။ ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ကြသည်။ ဗီဒီယိုကင်မရာတွေ ဝိုင်းဝိုင်းလည်နေသည်။

မင်းသား မင်းသမီးများ စိမ်းဝါဆီ ထသွားပြီး နှုတ်ဆက်ကြသည်။ မင်းသမီးဆု ရရှိသော မေဝင်းမောင်သည် မျက်ရည်များ ဝဲလျက်က စိမ်းဝါ၏လက်ကို ဆုပ်ကိုင်ထားသည်။ လူတွေကို တိုးဝှေ့ဖယ်ရှားပြီး စိမ်းဝါဆီ ပြေးသွားသူမှာ အေးသစ္စာ။

"မမစိမ်းဝါရယ်"

အေးသစ္စာက စိမ်းဝါကို ဖက်ပြီး ပါးချင်း အပ်ထားသည်။ ပူနွေးသော အတွေ့အထိကို သိရ၏။ အေးသစ္စာ ငိုနေပြီ။

စိမ်းဝါတ ဆုရသည့်အတွက် ကျေးဇူးတင်စကား ပြောကြားရာတွင် ရိုးရိုးကလေးသာ ဖြစ်၏။ သို့ရာတွင် အလွန် အဓိပ္ပာယ် ရှိသည်။

"မောင်ဟာ သက်စွန့်ဆံဖျား သရုပ်ဆောင်ခဲ့တဲ့အတွက် ခုလို ဆုချီးမြှင့်တာကို ကျေးဇူးတင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မောင်ဟာ. . . သူ့ကို ချစ်တဲ့ ပရိသတ်နဲ့အတူ၊ ကျွန်မနဲ့အတူ ဆက်လက်တည်ရှိနေလိမ့်ဦးမယ်လို့ ယုံကြည်ပါတယ်"

. . . ၁၁၁ . . .



BURMESE CLASSIC .com



"ဖေဖေတို့အိမ်ကို ကျွန်မ လိုက်ခဲ့ပါရစေ၊ ဖေဖေနဲ့ စကားပြောချင်တယ်"

ဆုပေးပွဲမှ အပြန် ကားပေါ် အတက်မှာ စိမ်းဝါက ပြောသည်။ ဦးသိန်းဦးသည် အတော်ကြာအောင် ငိုင်နေပြီးမှ ခေါင်းညိတ်လိုက်သည်။

အိမ်ဝင်းထဲသို့ ကားဝင်လာသောအခါ စိမ်းဝါ ရင်တွေ အရမ်းခုန်လာသည်။ မောင် ရှိရမည်။ ဒီအိမ်မှာ မောင် ရှိကိုရှိရမည်။

ကားပေါ်မှ ဆင်းပြီး အိမ်ထဲ ဝင်ကြသည်။ စိမ်းဝါက ရှေ့ဆုံးမှ ဝင်သည်။ ဧည့်ခန်းမှာ မထိုင်ဘဲ အပေါ်ထပ် တက်သည်။ လှေကားဆီ သွားသည်။ ဦးသိန်းဦးက စိမ်းဝါ၏ လက်မောင်းကို လှမ်းကိုင်လိုက်၏။

"ဘယ်သွားမလို့လဲ သမီး"

"ဒီရွှေစင်ဆုကို မောင့်အခန်းမှာ သွားထားမလို့"

"သားရဲ့အခန်းကို အသေပိတ်ထားလိုက်ပါပြီ၊ ဒီအခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ဝင်တိုင်း သားကို သတိရမှာစိုးလို့"

"ဖေဖေတို့ ညာတယ်"

"မညာပါဘူး သမီးရယ်"

ဦးသိန်းဦးအသံက ခပ်တိုးတိုး။

"သမီး သိပါတယ် ဖေဖေ၊ မောင့်အုတ်ဂူ ဘယ်မှာလဲလို့ ကိုကို့ကို မေးတော့ ရေရေရာရာ မဖြေနိုင်ဘူး၊ ပြီးတော့ ကျွန်မကို ဒီအိမ်မှာ တည်းခွင့်မပေးကြတာကကော ဘာကြောင့်လဲ၊ တစ်ခုခုကို တွေ့သွားမှာစိုးလို့ မဟုတ်လား၊ ဒေါ်လေးနွယ်ကလည်း ကျွန်မကို တစ်ခုခု ပြောချင်လျက်နဲ့ မျိုသိပ်ထားရသလိုပဲ၊ ဦးဦးကလည်း ကျွန်မ မေးခွန်းတစ်ခု မေးမှာစိုးလို့ ရှောင်နေသလိုပဲ"

"သမီး စိတ်ထင်တာတွေ လျှောက်ပြောနေတာပါကွယ်"

"မဟုတ်ဘူး၊ ဒါဆို သမီး တစ်ခုမေးမယ်၊ မောင် ဆုံးတဲ့အကြောင်း ကျွန်မဆီ လာပြောတဲ့နေ့ဟာ ဘာနေ့လဲ"

"ဖေဖေ ဘယ်မှတ်မိတော့မလဲကွယ်"

"ကျွန်မ မှတ်မိတယ်၊ အစက သတိမထားမိခဲ့ဘူး၊ ခုမှ တွေးမိလာတာ၊ ဖေဖေတို့ ကျွန်မဆီ ရောက်လာတဲ့နေ့ဟာ မောင် ဆုံးတာ ရက်လည်တဲ့နေ့ပဲ"

ဦးသိန်းဦး တုန်တုန်လှုပ်လှုပ် ဖြစ်လာသည်။

"ဖေဖေ စဉ်းစားကြည့်ပါ၊ မောင့်ရဲ့ ရက်လည်တဲ့နေ့မှာ ရက်လည်ဆွမ်း မကျွေးဘဲ ဘာကြောင့် ကျွန်မဆီ ရောက်နေရတာလဲ၊ နောက်ပြီး ဒီလောက်ချစ်တဲ့ သားတစ်ယောက်အတွက် တစ်လပြည့် ဆွမ်းကျွေးတာ ဘာဖြစ်လို့ မလုပ်သလဲ၊ အခုလည်း မောင့်အခန်းကို သွားမှာကို ဘာကြောင့် အတင်းတားနေကြရတာလဲ"

ဦးသိန်းဦး မျက်နှာလွှဲသွား၏။ လက်မောင်းကို ကိုင်ထား





သော ဦးသိန်းဦး၏လက်ကို ဖယ်ပြီး စိမ်းဝါ လှေကားကို စတက်သည်။

"မသွားပါနဲ့ သမီးရယ်"

"သွားပါစေ ဖေဖေ"

ကိုကျော်လွင်ဦးက ဝင်ပြောသည်။

စိမ်းဝါ အပေါ်ထပ်သို့ ပြေးတက်လာခဲ့၏။ တကယ်တော့ ဒီအိမ်အပေါ်ထပ်ကို စိမ်းဝါ မရောက်ဖူးခဲ့။ မောင့်အခန်း ဘယ်မှာလဲ သူ မသိ။ သို့တိုင်အောင် သူ့ခြေလှမ်းတွေက အခန်းတစ်ခုဆီ တည့်တည့်မတ်မတ် ရောက်ရှိသွားသည်။

တံခါးလက်ကိုင်ကို လှည့်ဖွင့်သည်။ သော့ခတ်ထား၏။

လက်တစ်ဖက်က သော့ပေါက်ထဲသို့ သော့တစ်ချောင်း ထိုးထည့်ပြီး လှည့်ပေးသည်။ ဦးသိန်းဦးသည် တံခါးကို ဖွင့်ပေးလိုက်၏။ အခန်းထဲကို ဝင်သည်။

မောင်သည် ခုတင်ပေါ်မှာ တကယ်ရှိနေသည်။ သို့ရာတွင် မောင် မဟုတ်တော့။ မောင်တူ၍ မမှတ်မိနိုင်လောက်သော အခြေအနေ။

"မောင်"

စိမ်းဝါ ပြေးသွားသည်။ ခုတင်ဘေးမှာ ထိုင်ချလိုက်သည်။

မောင့်လက်ကို ဆုပ်ကိုင်လိုက်သည်။

မောင်သည် အရိုးပေါ် အရေတင်လျက် ရှိသည်။ အသားက ကျောက်ဖြူသားလို ဖျော့တော့နေသည်။

တစ်ချိန်ကလို ကျန်းမာကြံ့ခိုင်တောင့်တင်းသော ခန္ဓာကိုယ်နှင့် ရွှေမင်းသားလေးလို ချောမောလှပသော မောင် မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက ဖွင့်ထားသည်လည်း မဟုတ်။ လုံးလုံးလည်း ပိတ်မနေ။ နှုတ်ခမ်းများသည် ပင်ကို အရောင် မရှိတော့။ အသားရောင်နှင့် တစ်ပြေးတည်း ဖြစ်နေပြီ။

ကြွက်သားဟူ၍ မရှိတော့သော လက်များပေါ်မှာ အကြောတွေက ထင်ရှားစွာ ကြီးစိုး နေရာယူထားသည်။

နှာခေါင်းထဲမှာ အောက်ဆီဂျင်ပိုက် ထည့်ထားသည်။ အောက်စီဂျင်ဘူးမှာ ချိတ်ထားသော ရေပုလင်းထဲတွင် ပလုံစီလေးများ လှည့်ပတ်နေသည်။ ထိုပလုံစီကလေးများသည် မျှော်လင့်ချက်များနှင့် တူ၍ တစ်လုံးပြီးတစ်လုံး အဆက်မပြတ် ထွက်လာလိုက် ပေါက်ကွဲလိုက် ဖြစ်နေ၏။

လက်မှာ ပိုက်တန်းလန်းနှင့် ဆေးရည်တွေ သွင်းပေးနေသောကြောင့်သာ အသက်ရှင်လျက် ရှိသေးသည်ဟု အတည်ပြုနိုင်ခြင်း ဖြစ်၏။ အသက်ရှူသည် ဟူ၍ပင် မထင်ရလောက်အောင် လှုပ်ရှားမှု တင်းမဲ့နေသည်။

"စိမ်းဝါ ရောက်ပြီလေ မောင်၊ ဟောဒီမှာ မောင် ရတဲ့ အကယ်ဒမီဆု၊ မောင်. . ."

စိမ်းဝါ ပခုံးပေါ်သို့ လက်တစ်ဖက်က လာ၍ဆုပ်ကိုင်သည်။

"သူ ဘာမှ ကြားနိုင်မှာ မဟုတ်ဘူး သမီး၊ ဘာမှလဲ ပြန်ပြောနိုင်မှာ မဟုတ်ဘူး၊ သူဟာ အသက်ရှင်လျက် ရှိနေသေးပေမယ့် ဘာကိုမှ မခံစားနိုင်တော့ဘူး၊ ဘာကိုမှလည်း သိနိုင်တော့မှာ မဟုတ်တဲ့ တိုမာဆိုတဲ့ အခြေအနေမှာ ရောက်နေပါပြီ သမီးရယ်"

"သမီးကို ဘာကြောင့် အသိမပေးကြတာလဲဟင်၊ သမီးကို





ဘာကြောင့် ညာကြတာလဲ"

"ဒီလိုအခြေအနေမျိုးကို အသိပေးရက်ပါ့မလား သမီးရယ်၊ သားအဖြစ်ကို မြင်ပြီး သမီး တစ်ခုခု ဖြစ်သွားမှာကို စိုးရိမ်ပြီး. . ."

"မဖြစ်ပါဘူး၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ခုလို မောင် အသက်ရှင်လျက် ရှိနေတာ သိရတာကိုပဲ ကျွန်မ ကျေနပ်ပါပြီ၊ မောင့်နားမှာ ကျွန်မ ရှိနေသင့်ပါတယ်"

"ဟုတ်ပါတယ်ကွယ်၊ သမီး ရှိနေရမှာပေါ့"

စိမ်းဝါသည် မောင့်ကို စူးစူးစိုက်စိုက် ကြည့်သည်။ မောင့်နားရွက်နားသို့ နှုတ်ခမ်းကို ကပ်၍ တိုးတိုးကလေး ပြောသည်။

"မောင် ဘာမှ အားမငယ်နဲ့တော့နော်၊ စိမ်းဝါ ရောက်လာပြီ၊ မောင့်နံဘေးမှာ စိမ်းဝါ အမြဲနေမယ်၊ မောင့်ကို ပြုစုမယ်၊ မောင့်ကို စကားတွေ ပြောမယ်၊ မောင့်ကို သိပ်ချစ်ပါတယ် မောင်ရယ်"

စိမ်းဝါ၏စကားကို မောင် ကြားကို ကြားလိမ့်မည်ဟု ထင်သည်။ တစ်နေ့နေ့မှာ မောင် ပြန်ပြီး သတိရလာမည်ဟု ယုံကြည်သည်။

မောင်သည် သတိမရှိတော့သော်လည်း သူ့ဘေးမှာ စိမ်းဝါ ရောက်လာကြောင်း သိရှိခံစားရလိမ့်မည်ဟု စိမ်းဝါ ထင်သည်။

မောင့်ပါးပြင်ကို ဖွဖွလေး နမ်းလိုက်သောအခါ စိမ်းဝါ ဆုပ်ကိုင်ထားသော မောင့်လက်ဖဝါးက ချွေးစို့လာကြောင်း စိမ်းဝါ သိရှိလိုက်ရသောကြောင့်ပင် ဖြစ်၏။

**မင်းလူ**



www.burmeseclassic.com